
http://www.cherrythitsar.org

# ဂျူး

## အမုန်းကြောင့်ဖြစ်သောဝစဇပွဲများ



http://www.cherrythitsar.org



ဂျူး

၁၉၅၈ ခုနှစ်တွင် ရေနံချောင်းမြို့၌မွေးဖွားသည် ။

၁၉၈၃ ခုနှစ်တွင် မန္တလေး ဆေးတက္ကသိုလ်မှ M.B.,B.S. ဘွဲ့ရရှိသည် ။

အမှတ်တရ(၁၉၈၇)နှင့် ကြယ်စင်တံတား ကမ်းပါးနှင်းဖြူ (၂၀၀၂) အပါအဝင်

လုံးချင်းဝတ္ထု ၁၂ အုပ်၊

ရာဇဝင်ထဲမှာ မောင့်ကိုထားရစ်ခဲ့ နှင့်

ဆရာဝန်တစ်ယောက်၏မှတ်စုများ အပါအဝင်

ဝတ္ထုတိုပေါင်းချုပ် ၅ အုပ်၊

ဆောင်းပါးပေါင်းချုပ် ၃ အုပ် ထုတ်ဝေခဲ့ပြီးဖြစ်သည် ။

ရန်ကုန်မြို့တွင်နေထိုင်လျက်ရှိသည် ။

http://www.cherrythitsar.org

# ဂျူး

## အမုန်းကြောင့်ဖြစ်သော စစ်ပွဲများ

ELEVEN MEDIA

အမှတ် ၅၀၉-ဘီ၊ (၅)လွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၇၀၄၁၆၄

## တို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | တို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | တို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | တို့အရေး |

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် လေးရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် လေးရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် လေးရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသောတာဝန်ဖြစ်သည်။

http://www.cherrythitsar.org

# ကျေးဇူးတင်လွှာ

ဤစာအုပ်ထုတ်ဝေနိုင်ရန်အတွက် အစစအရာရာ ကူညီခဲ့ကြသော အောက်ပါပုဂ္ဂိုလ်များအား ကျေးဇူးတင်ရှိပါသည်။

- ကျွန်မကို **Eleven News** ဂျာနယ် ထုတ်ဝေသည့်ကိစ္စတွင် ပူးပေါင်းဆောင်ရွက်ဖြစ်အောင် တိုက်တွန်းခဲ့ပြီး အခက်အခဲများစွာကို အတူရင်ဆိုင်ခဲ့သူ ဦးခင်ဇော် (ဒါရိုက်တာ မီးပွား)
- နိုင်ငံတကာစာစောင်တစ်ခုပီပြင်လာအောင် ပံ့ပိုးရာ၌ ကျွန်မတို့အား အတွေ့အကြုံနှင့် အကြံဉာဏ်များကို မျှဝေလျက် ခရီးဖော်အဖြစ် တွဲခေါ်ခဲ့သူ ဒေါက်တာ သန်းထွဋ်အောင်
- တာဝန်ယူမှုနှင့်အတူ နားလည်မှုကိုပါ မျှဝေခဲ့သူ ဒေါက်တာသိန်းမြင့်
- မျက်နှာဖုံးဒီဇိုင်းကို စိတ်ရှည်ရှည်ဖြင့် ခံစားဖန်တီးပေးခဲ့သူ ပန်းချီဆရာ မြင့်မောင်ကျော်
- ကွန်ပျူတာစာစီနှင့် စာမျက်နှာအပြင်အဆင်၊ ဒီဇိုင်းကို မညည်းမညူ လိုက်လျောဖန်တီးပေးခဲ့သူ ကိုဇော်ဝင်း (**Eleven News**)
- ပုံနှိပ်သည့်ကိစ္စသာမက ဖြန့်ချိရေးကိစ္စကိုပါ အမြဲကူညီဆောင်ရွက်ပေးခဲ့သော အန်တီဒေါ်ခင်ခင်ဝင်း (ကလျာ-ဝိဇ္ဇာသိပ္ပံ)နှင့် သား ကိုအောင်နိုင်၊ ကိုအောင်ဇော် (ကလျာပုံနှိပ်စက်မိသားစု)

အထူးသဖြင့် ကျွန်မအား ဤအက်ဆေးများရေးဖြစ်အောင် စာအုပ်စာတမ်းများရှာဖွေပေးပြီး အတင်းအကြပ်တွန်းအားပေးခဲ့ရုံမျှမက စာအုပ်အဖြစ် စိတ်ကူးစီစဉ်ရာတွင် အစအဆုံးကူညီပေးခဲ့သူ

- ကိုမြင့်ဇော် (တာဝန်ခံအယ်ဒီတာ - **Eleven News** ) အား အထူးကျေးဇူးတင်ပါသည်။

ချူး

၂၃ ဒီဇင်ဘာ ၂၀၀၂

http://www.cherrythitsar.org

ပထမအကြိမ် ၊ ၂၀၀၃ ခုနှစ် ၊ ဇန်နဝါရီ
စာမူခွင့်ပြုချက်အမှတ် - ၁၀၁၂/၂၀၀၂ (၁၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၉၇၉/၂၀၀၂ (၁၂)

**တန်ဖိုး**
[redacted] ကျပ်

**အုပ်ရေ**
၅၀၀

**အဖုံးဒီဇိုင်း**
မြင့်မောင်ကျော်

**အတွင်းစာစီနှင့် ဒီဇိုင်း**
ဇော်ဝင်း **(Eleven News)**

**အတွင်းဖလင်**
ကိုဦး

**ထုတ်ဝေသူ**
ဦးတင်ရှိန် ၊ စန်းရောင်ရှိန်စာပေထုတ်ဝေရေး
၄/၁၇၇၊ မေခလမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပ၊ ရန်ကုန်

**မျက်နှာဖုံးပုံနှိပ်**
ဦးတိုးဝင်း ၊ နေလရောင်အော့ဖ်ဆက်
အမှတ် ၉၆ ၊ ၁၁ လမ်း ၊ လမ်းမတော်မြို့နယ် ၊ ရန်ကုန်

**အတွင်းပုံနှိပ်**
ကလျာအော့ဖ်ဆက်
အမှတ် ၁၅၂ ၊ ကျွန်းရှေမြိုင်လမ်း ၊ သုဝဏ္ဏ ၊ ရန်ကုန်

**စာအုပ်ချုပ်**
ကိုမြင့်

http://www.cherrythitsar.org

# မာတိကာ

**စစ်ပွဲများနှင့် ပဋိပက္ခ**

၁။ အမုန်းကြောင့်ဖြစ်သောစစ်ပွဲများ ၃
၂။ သူရဲကောင်းတွေ မများလွန်းဘူးလား ၁၃
၃။ ဘောလုံးပွဲကြည့်အပြီးမှာ ၂၃
၄။ စစ်ပွဲများနှင့် အမှားအမှန် ၃၁

**ဘဝနှင့် ရှင်သန်မှုများ**

၅။ အဲဒီလိုအခါမျိုးမှာ ဘဝကိုဘယ်လိုတွယ်တာကြမလဲ ၄၁
၆။ ကြာပွင့်စားသူများ ၅၁
၇။ အစွဲဖြင့်နေထိုင်ကြသူများ ၅၉

**အယူအဆနှင့်မြင်ကွင်းများ**

၈။ အလွန်အကျွံခေတ်ကြီးထဲမှာ ၆၉
၉။ ခါးသီးသောအမှန်တရား (သို့) အဆိုးမြင်ဝါဒ ၇၉
၁၀။ သုခတိုင်းပြည်သို့ သွားရာလမ်း ၈၉

**လူနှင့်လူ့အဖွဲ့အစည်း**

၁၁။ သမိုင်းနှင့်ဝေဒနာ ၁၀၃
၁၂။ လူ့အဖွဲ့အစည်းအတွက် အိုင်ဒီယာ(၁၀)ခု ၁၁၃
၁၃။ အိပ်မက်ဆိုးတော့မမက်ချင် ၁၂၇

**ဉာဏ်ပညာ**

၁၅။ ဆောခရတ္တိ၏ အခန်းငယ် ၁၃၉
၁၆။ ဆောခရတ္တိ၏ အဆိပ်ရည်ကိုသောက်ခြင်း ၁၄၉

**အနုပညာ**

၁၇။ ဗန်ဂိုး၏ ပန်းချီကားတစ်ချပ်ကိုခံစားခြင်း ၁၆၁

**ကမ္ဘာ**

၁၈။ ဂလိုဘယ်လိုက်ဇေးရှင်း ကောင်းသလား ဆိုးသလား ၁၇၃
၁၉။ ဂလိုဘယ်လိုက်ဇေးရှင်း၏ ကောင်းသတင်း ၁၈၁

http://www.cherrythitsar.org

# Wars & Conflict

# စစ်ပွဲများနှင့် ပဋိပက္ခ

စစ်ပွဲတိုင်းဟာ အမျိုးသားရေးဆိုင်ရာ ကံဆိုး မိုးမှောင်ကျမှုပါ။

*Every war is a national misfortune.*

**Helmuth von Moltke**
Public decalaration , 1880

http://www.cherrythitsar.org



# အမုန်းကြောင့်ဖြစ်သော စစ်ပွဲများ



Eleven Media

http://www.cherrythitsar.org



ကျူးလွန်သူ၏အမုန်းက ကြောက်ခမန်းလိလိ ဆိုးဝါးသည်
သားကောင်တွေထဲမှ အသက်ရှင် ကျန်ရစ်သူတွေ၏
အမုန်းက တရားမျှတသည်
အကြီးအကျယ် ချေမှုန်းသတ်ဖြတ်ခံလိုက်ရသော
Holocaust အဖြစ်အပျက်ကြီးအပြီး၌
ဂျူးလူမျိုးတွေသည် ဂျာမန်တွေအပေါ် အမုန်းမှတစ်ပါး
အခြားဘာခံစားချက်ဖြင့် ရင်ဆိုင်နိုင်ပါမည်နည်း

http://www.cherrythitsar.org



# အမုန်းကြောင့်ဖြစ်သောစစ်ပွဲများ

လွန်ခဲ့သည့် သုံးနှစ်လောက်က အမေရိကန်ပြည်ထောင်စု တက်(က်)ဆပ်ပြည်နယ်၏ တစ်ခုသော တောပိုင်းလမ်းမပေါ်တွင် ဂျိမ်းဘာ့ဒ်ဟူသော လူမည်းတစ်ယောက် မချိမဆံ့ သေဆုံးခဲ့ရသော ရာဇဝတ် မှုတစ်ခု ဖြစ်ပွားခဲ့သည်။

အရက်ကလေးထွေထွေဖြင့် ပါတီပွဲတစ်ခုမှအိမ်ပြန်လမ်း လျှောက်လာသော ဂျိမ်းဘာ့ဒ်ကို ဂျွန်ဝီလျံကင်းနှင့်အပေါင်းအပါ နှစ်ယောက်က ဖမ်းချုပ်ကားပေါ်တင်ကာ မြို့၏အစွန်အဖျားသို့ခေါ်သွားပြီး စိတ်ရှိလက်ရှိ ရိုက်နှက်ကြသည်။ ထို့နောက် သူ့ခြေထောက်ကို ကြိုးနှင့်ချည်ကာ ကြိုးကို ထရပ်ကားနောက်ဘက်မှာချည်လျက် မောင်းသွားသည်။ ဘာ့ဒ်သည် ကားနောက်မှာအရှိန်ဖြင့်ဒယဉ့်တိုက် ပါသွားပြီး ရေမြောင်းကြီးတစ်ခုနှင့် ပြင်းထန်စွာ တိုက်မိကာ ကိုယ်ခန္ဓာနှစ်ခြမ်း ကွဲသွားသည်။ အမှုစစ်ဆေးသော တရားခွင်၌ ရောဂါဗေဒပညာရှင်၏

http://www.cherrythitsar.org



ထွက်ဆိုချက်မှာ "ဘာ့ဒ်သည် ကိုယ်ခန္ဓာနှစ်ခြမ်းပြတ်ပြီး သေဆုံးသွားသည့် နောက်ဆုံးအချိန်အထိ သတိရ အသက်ရှင်ဆဲဖြစ်ဟန်တူသည်" ဟုဆိုပါသည်။ တရားခံကင်းအား သေဆုံးသူ ဘာ့ဒ်၏မိသားစုကို တစ်ခုခုပြောဖို့ တရားရုံးက အခွင့်အရေးပေးသောအခါ ကင်းက စပ်ဖြီးဖြီး ပြုံးလျက် မကြားဝံ့မနာသာ စကားတွေကို ရေရွတ်ခဲ့သည်။

ထိုရာဇဝတ်မှု၏ အရင်းခံမှာ အမုန်းဖြစ်သည်။

ကြောက်လန့်မှုနှင့် ရွံရှာစက်ဆုပ်မှုသည် အမုန်းဖြစ်သွားသည်။ ထိုအမုန်းကနေ ကိုယ်ထိလက်ရောက် လွန်ကျူးဖြစ်သောအခါ ကင်းသည် အမဲလိုက်သမားဖြစ်ပြီး ဘာ့ဒ်က သားကောင်ဖြစ်သွားခဲ့သည်။

လူဖြူတချို့က လူမည်းတွေကို မုန်းသည်။

လူဖြူတချို့က အသားဝါလူမျိုး အာရှနိုင်ငံသားတွေကို မုန်းသည်။

လူဖြူတချို့နှင့် လူမည်းတချို့က ဂျူးလူမျိုးတွေကို မုန်းသည်။

အာရပ်တွေက ဂျူးတွေကို မုန်းသည်။

သဘာဝယောကျ်ားတွေက မိန်းမလျာတွေကို မုန်းသည်။

တချို့ယောကျ်ားတွေက မိန်းမတွေကို မုန်းသည်။

အမုန်းသည် စိတ်ခံစားမှုတစ်ခုသာဖြစ်သော်လည်း စိတ်အတိုင်းမနေ၊ ကိုယ်ထိလက်ရောက် ကျူးလွန်မိအောင် တွန်းအားပေးသည်။ ဤနည်းအားဖြင့် အမုန်းရာဇဝတ်မှု (Hate Crimes)တွေ ဖြစ်ရသည်။

အမေရိကန်ပြည်ထောင်စု၏ ရာဇဝတ်မှုခင်းဥပဒေတွင် ဆန့်ကျင်ချေမှုန်းစရာ အမျိုးအစားသစ်အဖြစ် အမုန်းရာဇဝတ်မှုကို ထည့်သွင်း ယူရလောက်အောင် အမုန်းသည် မည်သည့်အခန်းကဏ္ဍမှ ပါဝင်ဖန်တီးနေခဲ့ပါသနည်း။

၁၉၈၅ ခုနှစ်တုန်းက တစ်နိုင်ငံလုံးတွင် အမုန်းရာဇဝတ်မှုဟု သတ်မှတ်ရမည့် အမှု ၁၁မှု ရှိခဲ့သည်။ ၁၉၉၀ ပြည့်နှစ်မှာ အမုန်းရာဇဝတ်မှု တစ်ထောင်ကျော်ခဲ့၏။ ၁၉၉၉ ခုနှစ်၏ ပထမပိုင်း (၆)လမှာ

http://www.cherrythitsar.org



အမုန်းရာဇဝတ်မှုပေါင်း ၇၀၀၀ ကျော်ခဲ့ပြီဟု ဆိုပါသည်။

အမုန်းရာဇဝတ်မှုတွေက အမေရိကန်မှာပဲ ဖြစ်နေတာတော့ မဟုတ်ပါ။ ကမ္ဘာအနှံ့အပြားမှာ ပမာဏအမျိုးမျိုး၊ အဆင့်အမျိုးမျိုး ဖြင့် အမုန်းရာဇဝတ်မှုတွေ ဖြစ်နေခဲ့ကြသည်။ လူမျိုးရေးအမုန်း၊ ဘာသာရေး အမုန်း၊ လိင်ကွဲပြားမှု အမုန်း၊ ဆင်းရဲချမ်းသာ အမုန်း ဟူ၍ ကွဲပြားခြားနားသလိုပင် အမုန်း၏တွန်းအားကြောင့် ဖြစ်ပျက်ရသော ရလဒ်ဆိုးကျိုးလည်း အမျိုးမျိုးဖြစ်၏။ ရာဇဝတ်မှု၊ အကြမ်းဖက်မှု နှင့် အစုလိုက် အပြုံလိုက်သတ်မှုတို့ဖြစ်သည်။

၁၈၆၆ ခုနှစ်က အမေရိကန်ပြည်ထောင်စုတွင် စတင်ခဲ့သော ကေသုံးလုံးအဖွဲ့ လူမည်းသတ်ဖြတ်မှုများသည် လူမျိုးရေးမုန်းတီးမှု ဖြစ်သည်။ ဂျူးလူမျိုး (၆)သန်းကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သော ဟစ်တလာ၏လုပ်ရပ်များသည် လူမျိုးရေးမုန်းတီးမှုဖြစ်သည်။ အာဖရိကအလယ်ပိုင်းမှာ ဟူတူလူမျိုးနှင့် တု(တ်)စီလူမျိုးတွေ (Hutu and Tutsi) သိန်းဂဏန်းနှင့်ချီ၍ အစုလိုက် အပြုံလိုက် သတ်ဖြတ် လက်စားချေကြသည်မှာလည်း လူမျိုးရေးမုန်းတီးမှုပဲဖြစ်သည်။

တစ်ဦးတစ်ယောက်ချင်းနှင့်သာဆိုင်သော အမုန်းရာဇဝတ်မှု ထက် အုပ်စုလိုက်ပတ်သက်သော အမုန်းရာဇဝတ်မှုက ပိုကြောက်စရာ ကောင်းသည်။ အုပ်စုလိုက် ပတ်သက်သောအခါ အမုန်းသည် စစ်ပွဲ အဖြစ်သို့ ပြောင်းလဲသွားလေသည်။

ကျူးလွန်သူ၏ အမုန်းက ကြောက်ခမန်းလိလိ ဆိုးဝါးသည်။ သားကောင်တွေထဲမှ အသက်ရှင်ကျန်ရစ်သူတွေ၏အမုန်းက တရားမျှတသည်။ အကြီးအကျယ် ချေမှုန်း သတ်ဖြတ် ခံလိုက်ရသော Holocaust အဖြစ်အပျက်ကြီးအပြီး၌ ဂျူးလူမျိုးတွေသည် ဂျာမန် တွေ အပေါ် အမုန်းမှတစ်ပါး အခြားဘာခံစားချက်ဖြင့် ရင်ဆိုင်နိုင်ပါမည် နည်း။ ခံလိုက်ရသူတွေက အမုန်းကို လွန်မြောက်ကျော်လွှားနိုင်သည် ဆိုလျှင် အလွန်မြင့်မြတ်သော စိတ်အခြေအနေပဲ။ အမုန်းကို မလွန် မြောက်နိုင်ဘဲ ရှိလျှင်လည်း သူတို့ကို ကျူးလွန်သူတွေလောက်တော့ အပြစ်မတင်ထိုက်ပေ။ ထို့ကြောင့် ကိုဆိုဗာတွေအပေါ်ထားသည့်

http://www.cherrythitsar.org



ဆာ့ဘ်တွေ၏ အမုန်းမှာ ဆာ့ဘ်တွေအပေါ်ထားသည့် ကိုဆိုဗာတွေ၏ အမုန်းနှင့်ဘယ်တော့မှ မညီမျှနိုင်ပေ။

အမုန်းရာဇဝတ်မှုကို ခွဲခြမ်းစိတ်ဖြာနားလည်နိုင်မှ ထိုရာဇဝတ် မှုတွေကို တွန်းလှန်ပယ်ဖျက်နိုင်မည်။ ထို့ကြောင့်အမုန်း၏ သဘော တရားကို လေ့လာကြည့်ထိုက်သည်။

အမုန်းတော်တော်များများသည် တွေ့နေကျ မြင်နေကျလည်း ဖြစ်ပြီး ရှုပ်လည်း ရှုပ်ထွေးသည်။ အချစ်အမျိုးအစားတွေ ကွဲပြား သလိုပဲဖြစ်၏။ ကြောက်ရွံ့ခြင်းမှလာသော အမုန်းရှိသည်။ အော့နှလုံး နာခြင်းမှလာသော အမုန်းရှိသည်။ အာဃာတကိုဖော်ပြသည့် အမုန်း အမျိုးအစားရှိသည်။ အာဃာတမဲ့ရာမှ အရင်းခံသော အမုန်းအမျိုးအစား ရှိသည်။ ထိုအမျိုးအစားက လက်စားချေခြင်းကို ဖြစ်စေသည်။ မနာ လိုခြင်းမှလာသော အမုန်းရှိသည်။ အချစ်ဖြစ်ခဲ့ဖူးသော အမုန်းရှိသည်။ အခြားသူတွေကို မုန်းသောအမုန်းရှိသည်။ မိမိကိုယ်ထဲမှ ကိုယ့်အဖြစ် ကိုယ် သတိပေးနေသော အချို့အရာတွေကို မုန်းကြသည်။ ဖိနှိပ် ကျူးလွန်သူ၏ အမုန်းရှိသည်။ ဖိနှိပ်ခံသားကောင်၏ အမုန်းရှိသည်။ တဖြည်းဖြည်း လောင်ကျွမ်းလာသော အမုန်းရှိသည်။ ဂုန်းခနဲ ပေါက် ကွဲသော အမုန်းရှိသည်။ ဘယ်တော့မှ မီးတောက်မလာသော အမုန်း တွေလည်း ရှိပါသည်။

အမုန်းကိုဖော်ပြရန် ထပ်မံတီထွင်ထားသော ခေတ်ပေါ် စကား လုံးတွေရှိ၏။ လူမျိုးရေးဝါဒ (Racism)၊ ဂျူးဆန့်ကျင်ရေးဝါဒ (Antisemitism)၊ လိင်စွဲဝါဒ (Sexism) ဟူ၍ အမျိုးမျိုးဖြစ်ပါသည်။

စိတ်ကုပညာရှင် အယ်လီဇဘက် ယန်းဘရူး (Elisabeth Young Bruehl) က သူမ၏စာအုပ် The Anatomy of Prejudices တွင် အမုန်းကို (၃)မျိုး ခွဲခြားသတ်မှတ်ပေးထား၏။ အစွဲအမုန်း (Obsessive Hate)၊ လိုချင်ပြင်းပြ အမုန်း (Hysterical Hate) နှင့် အတ္တအမုန်း (Narcissistic Hate) တို့ ဖြစ်ကြသည်။

အစွဲအမုန်းသည် နာဇီတွေ၏ အမုန်းနှင့် ဟူတူ (Hutu) တွေ ၏ အမုန်းမျိုးဖြစ်သည်။ လိုချင်ပြင်းပြအမုန်းက ပို၍ ရှုပ်ထွေး၏။

http://www.cherrythitsar.org



ထိုအမုန်းသမားများသည် အမုန်းခံအရာကို ပျောက်ပျက် မသွားစေချင်ကြပေ။ တစ်ချိန်လုံး နှိပ်စက်အနိုင်ယူနေချင်သည်။ ၎င်းမှာ အချစ်အမုန်း အမျိုးအစားဖြစ်သည်။ ဖိနှိပ်ချိုးနှိမ်ထားသော လိင်ဆန္ဒများကို ထွက်ပေါက်ပေးသည့် အမုန်းအမျိုးအစားဟု ပြောနိုင်မလား မသိပါ။ မိန်းမတွေကို မုန်းသောအမုန်းသည် သည်ထဲမှာ အကျုံးဝင်သည်။ အတ္တအမုန်းကလည်း မိန်းမလျာအမုန်းနှင့် မိန်းမအမုန်းတွေမှာ တွေ့ရသည်။ အမုန်းကို ဘယ်လို လွန်မြောက်နိုင်မလဲ၊ အဖြေရဖို့ ခက်ခဲသော မေးခွန်းတစ်ခုဖြစ်ပါသည်။ မုန်းတီးဖို့ အရင်းခံအကြောင်းတွေကို ဘယ်လိုပျောက်ပျက်စေမလဲ။ လူသားဟူ၍ ရှိနေသမျှ၊ လူမျိုးနှင့် လိင်ကွဲပြားနေသမျှ၊ ဘာသာရေး ကွဲပြားနေသမျှ အမုန်းတွေက ရှိနေဦးမလား။

အကြမ်းဖက်မှု ကျူးလွန်မှုကို အစိုးရက နှိမ်နင်းပေးနိုင်လိမ့်မည်။ သို့သော် လွတ်လပ်သော လူ့အဖွဲ့အစည်းမှာ အမုန်းတရားကို အစိုးရက ဘယ်လိုနည်းနှင့် နှိမ်နင်းနိုင်မလဲ။ အမုန်းနှင့်ဘက်လိုက်မှု အာဃာတကြားက နယ်နိမိတ်က ရှုပ်ထွေးပြီး ဝါးနေသည်။ ဘက်လိုက်မှု အာဃာတနှင့် ထင်မြင်ချက်အကြား၊ ထင်မြင်ချက်နှင့် အမုန်းတရားအကြားက နယ်နိမိတ်ကလည်း ခပ်ဝါးဝါး ရှုပ်ထွေးလျက်ပါပဲ။ ထို့ကြောင့် တရားဝင်နိုင်ငံရေးဆိုင်ရာ မီးတံတိုင်းတည်ဆောက်ကာဆီးဖို့ ကြိုးစားခြင်းသည် သေးသိမ်သော မုန်းဆ စွန့်စားမှုတစ်ခုပင် ဖြစ်သည်။

တစ်နည်းပြောရလျှင် ရာဇဝတ်မှုကို နှိမ်နင်းနိုင်သည်။ အမုန်းကို နှိမ်နင်းလို့မရ။ သည်သို့သာဆိုလျှင် အမုန်းရာဇဝတ်မှုကို မည်ကဲ့သို့ ရပ်တန့်နိုင်ပါ့မလဲ။ အမုန်းကို လွန်မြောက်သွားသည့် စိတ်အခြေအနေတစ်ခုဖြင့်သာ ရပ်တန့်စေနိုင်ပါလိမ့်မည်။ အမုန်းကို လွန်မြောက်ဖို့ဆိုလျှင် ထိုအမုန်းကိုသည်းခံနိုင်စွမ်းရှိရမည်။ အဲဒါက ဘယ်လောက်ခက်ခဲလိုက်မလဲ။ အမုန်းကို သည်းခံဖို့ဆိုရာ၌ နှစ်မျိုးရှိပါသည်။ တစ်မျိုးက အမုန်းကို ခံနိုင်ရည်ရှိခြင်း (Tolerance) နှင့် နောက်တစ်မျိုးက မုန်းတီးပါလျက် သည်းခံခြင်း (Toleration) ဖြစ်သည်။ ခံနိုင်ရည်

http://www.cherrythitsar.org



ရှိခြင်းသည် အမုန်းကို ပယ်ဖျက်နိုင်ခြင်းဖြစ်၏။ သည်းခံခြင်းကတော့ အမုန်းနှင့်အတူတကွ တည်ရှိစွာ ခွင့်ပြု သည်းခံခြင်းဖြစ်သည်။ လူ့ယဉ်ကျေးမှုနှင့် လူ့အဖွဲ့အစည်းအနေအထားအရ လူသားအားလုံးသည် ဒုတိယအမျိုးအစားကို နှလုံးသွင်းလျက် နေနိုင်ဖို့က ပိုပြီးသဘာဝကျသည် ထင်ပါသည်။

အမုန်းကို အမုန်းအတိုင်း ခွင့်ပြုကာ သည်းခံခြင်းကို နှစ်ဦးနှစ်ဘက် တစ်ပြိုင်တည်းကျင့်ကြံအားထုတ်ကြလျှင် ဖိနှိပ်သည့် အမုန်းလည်း ရှိလာမှာမဟုတ်။ ခံရလို့ လက်စားချေသည့် အမုန်းလည်း ရှိလာမှာမဟုတ်။ ဂျူးလူမျိုးကို ဂျူးလူမျိုးအဖြစ် အာဃာတမထားဖို့၊ အာရပ်ကို မူဆလင်ကို အာရပ်အဖြစ်၊ မူဆလင်အဖြစ် အာဃာတမထားဖို့၊ ခရစ်ယာန်ကို ခရစ်ယာန်အဖြစ် အာဃာတမထားဖို့၊ လူမည်းကို လူမည်းအဖြစ် တစ်ဆင့်မနှိမ်ဖို့ လူသားတွေ လိုက်နာကျင့်သုံးမည်ဆိုလျှင် အမုန်းရာဇဝတ်မှုတွေ လျော့ကျသွားစရာ ရှိပါသည်။

နာကျင်စွာခံစားရသည့် လူတစ်ယောက်အား အာဃာတ မထားရန် တရားချခြင်းသည် အောင်မြင်နိုင်ပါ့မလား။ မျှရောမျှတပါ့မလား။ သည့်အတွက် လူ့အဖွဲ့အစည်းက သို့မဟုတ် မူလနာကျင်စေသူဘက်က တစ်ခုခုတော့ ကြွေးဆပ်ပေးရန် သူကတောင်းဆိုလိမ့်မည်။ အစွန်းရောက်သူတွေအတွက်တော့ An Eye For An Eye ဟူသော တောင်းဆိုချက်ဖြစ်မည်။

သို့သော် ဝမ်းနည်းစရာကောင်းသည်မှာ An Eye For An Eye ဟူသော အစွန်းရောက်ဥပဒေသည် တကယ်တမ်း ကျူးလွန်သူအပေါ် ထိသည်ထက် လုံးဝအပြစ်မရှိသော အဆက်အနွယ်များအပေါ် ထိ သည်က များနေခြင်းဖြစ်ပါသည်။ အစုလိုက်အပြုံလိုက် သတ်ခံရသူတွေအားလုံးသည် သူတို့ကိုယ်တိုင် ကျူးလွန်သော အပြစ်ကြောင့် ခံရသည်မဟုတ်။ သူတို့လူမျိုးထဲမှ၊ သူတို့မိတ်ဆွေထဲမှ၊ သူတို့ ဆွေစဉ် မျိုးဆက်ထဲမှ တစ်ယောက် ယောက်က၊ တစ်အုပ်စုက ကျူးလွန်သွားသောကြောင့် သူတို့ခံရခြင်းဖြစ်သည်။

လူတစ်ယောက် သေသွားလို့ နောက်လူတစ်ယောက်ကို

http://www.cherrythitsar.org



လက်စားချေသည့် အနေနှင့် သတ်ခြင်းသည် ဘာအဓိပ္ပာယ်ဆောင်ပါသလဲ။ ကျေသွားပြီလား။ ကျေသွားပြီဟု ပြောလို့ရသလား။

ကိုယ့်ဘက်က ကျေလျှင်တောင် သူ့ဘက်က မကျေပါ။ ဘာကြောင့်လဲဆိုတော့ ခံရသူတိုင်းသည် ဘယ်တော့မှ မူလက ကျူးလွန်ခဲ့သူကိုယ်တိုင် မဖြစ်ခဲ့။ အေးလူတွေချည်းဖြစ်သည်။

ဘယ်သူ့ဘက်က ဘယ်နှစ်ယောက်ပဲသေသေ၊ သေသည်က လူသားတွေဖြစ်သည်။ လူသားတွေ သေနေသမျှ ဘယ်လူသားမှ မနိုင်နိုင်ပါ။

ကမ္ဘာပေါ်မှာ အမုန်းကြောင့်ဖြစ်သော စစ်ပွဲများလှပြီ။ ဘာသာရေး စစ်ပွဲတွေ၊ လူမျိုးရေးစစ်ပွဲတွေ၊ ဖိနှိပ်သူနှင့် ပြန်လှန်သူ၏ စစ်ပွဲတွေ၊ ဘယ်အကြောင်းကြောင့် တိုက်ခိုက်သောစစ်ပွဲပဲ ဖြစ်ဖြစ် အမုန်းကရှို့သောမီးတွေသည် နိုင်ငံအားလုံးကိုပြန့်သွားလျှင် ကမ္ဘာကြီးတစ်ခုလုံး သေကျေပျက်စီးရတော့မည်။

သည်စစ်ပွဲကို ဘယ်နတ်ဒေဝတာမှ တားပေးမှာမဟုတ်။

ကာယကံရှင်တွေက ရပ်မှသာ ပြီးမည့်စစ်ပွဲဖြစ်သည်။

*Ref;*
*- What's So Bad About Hate? by Andrew Sullivan*

*(Eleven News Vol:1/No:1, 11-11-2001)*

http://www.cherrythitsar.org



# သူရဲကောင်းတွေ မများလွန်းဘူးလား



Eleven Media

http://www.cherrythitsar.org



တစ်ခါတစ်ခါကျတော့
လောကကြီးမှာ အဖြူနှင့်အမည်း၊ အကောင်းနှင့် အဆိုး၊
အမှန်နှင့်အမှားဆိုတာ မျဉ်းတစ်ကြောင်းဖြင့်
ဟိုဘက်သည်ဘက် ခြားနားထားလို့ မရဘူးမဟုတ်လား

http://www.cherrythitsar.org



# သူရဲကောင်းတွေ မများလွန်းဘူးလား

လွန်ခဲ့သည့် နှစ်ပတ်က ထုတ်ဝေသည့် တိုင်း(မ်)မဂ္ဂဇင်း တစ်စောင်ကို မနေ့တုန်းက ကျွန်မဖတ်ခဲ့သည်။ နောက်ဆက်တွဲ ပြဿနာကတော့ မဂ္ဂဇင်းထဲက မိန်းကလေးတစ်ယောက်၏ဓါတ်ပုံက ကျွန်မ၏ ညနေခင်းတစ်ခုလုံးကို ဆွဲယူ နှစ်မြုပ်ပစ်လိုက်ခြင်းပဲ ဖြစ်ပါသည်။ တစ်ညနေခင်းစာ ကာလကြာအောင် ကျွန်မတွေဝေသွားခဲ့သည်ဟု ဆိုပါစို့။

ထိုမိန်းကလေး၏နာမည်ကိုကျွန်မ မမှတ်မိပါ။(ဤကိစ္စမျိုးတွင် အပြင်လူတစ်ယောက်၏အာရုံ၌နာမည်သည် ဘယ်တုန်းကမျှ အရေးမကြီးခဲ့။) မိန်းကလေးသည် အသက်၁၆နှစ်ပဲ ရှိသေးသည်။ မိန်းကလေးသည် ပါလက်စ်တီးနီးယန်း သူကလေး ဖြစ်သည်။

ဆယ့်ခြောက်နှစ် ဆိုသည်မှာ အလွန်နုငယ်သေးသည့် အရွယ်ပါ။ နိုင်ငံတစ်ခုစာ အိပ်မက်တွေအပြည့်နှင့် စိတ်ကူးယဉ်လို့ ကောင်းတုန်း အရွယ်ပါ။

ကျွန်မ ၁၆နှစ်အရွယ်တုန်းက ကျွန်မ ဘာတွေ လုပ်နေခဲ့ပါလိမ့်။ လှပခမ်းနားသည့် ကုန်စည်တွေအပြည့်၊ စည်းကမ်းကိုယ်ကျင့်ဖြင့် ကိုယ့်ကိုယ်ကို မျှတ ဖြောင့်မှန်စွာ တည်ဆောက်ထားသည့် အဖိုးတန် ခရီးသည်တွေအပြည့် တင်ဆောင်လာသော ကြီးကျယ်သည့် သင်္ဘောကြီးတစ်ခုကို စိတ်ကူးယဉ်မောင်းနှင် သယ်ဆောင်လို့ ဖြစ်မှာပေါ့။ ငါ့နိုင်ငံ၊ သူ့နိုင်ငံဟူသည့် ခြားနားချက်မရှိ။ မိတ်ဆွေ ရန်သူဟူသည့် ခြားနားချက်မရှိ။ ကိုယ့်ရပိုင်ခွင့် ကိုယ့်အခွင့်အရေးကို ထိပါးခံရခြင်း၏ ခံစားမှုဝေဒနာကို မသိ။ သာတူညီမျှ အခွင့်တူ လူသားတွေပါ... ဟူသော အတွေးပဲရှိခဲ့မှာ သေချာသည်။

အာဇာနည်တစ်ယောက်ဖြစ်ဖို့...? တစ်သက်စာဝေးပါသေးသည်။

အာဇာနည်ဆိုတာက ကိုယ့်အသက်ကို ရဲဝံ့စွာ စတေးပစ်ရလောက်အောင် ရက်စက်ကြမ်းကြုတ်စွာ တောင်းဆိုလာသည့် တစ်

http://www.cherrythitsar.org



ဘက်သတ် မမျှတမှုတွေ အနိုင်ကျင့်မှုတွေရှိမှ ဖြစ်ပေါ်လာရမှာ မဟုတ်လား။ ကျွန်မနိုင်ငံက လွတ်လပ်သည့်နိုင်ငံ၊ လွတ်လပ်ရေးကို ဘယ်ရန်သူကမျှ နှောင့်ယှက်ခြိမ်းခြောက်မနေခဲ့။ ကျွန်မ၏ နိုင်ငံသား အခွင့်အရေးတို့ကို ဘယ်သူက တားဆီးနေလို့ ကျွန်မက ဘာတွေကို တောင်းဆိုရမှာလဲ။ သို့မဟုတ် အဲဒီတုန်းက ကျွန်မသည် ကျွန်မ၏ ပတ်ဝန်းကျင် ကွက်ကွက်ကလေးထဲမှာ ကျောင်းစာနှင့် အနုပညာ နှစ်ခုတည်းကိုသာ သီးသန့်တွေးနေနိုင်လောက်အောင် ကံကောင်းနေခဲ့တာ ဖြစ်ပါလိမ့်မည်။

ယခု ၁၆နှစ်အရွယ် ပါလက်စ်တီးနီးယန်းသူ မိန်းကလေးကတော့ အာဇာနည်တစ်ယောက်အဖြစ် သေလမ်းကို ရွေးချယ်ခဲ့ပြီ။ ကိုယ့်ကိုယ်ကို အသေခံလျက် သူမနှင့်အတူ အစ္စရေးတွေ များနိုင်သမျှ များများသေရအောင် ဟု ဗုံးဖောက်ခွဲကာ အပိုင်းပိုင်း အပြတ်ပြတ် လွင့်စဉ်သေဆုံးခဲ့ပြီ။ မိန်းကလေးနှင့်အတူ အစ္စရေး တစ်ယောက်သာ သေဆုံးခဲ့ပြီး အစ္စရေးလူမျိုး ၁၅၀ ဒဏ်ရာရ သွားခဲ့သည်...ဟူသော ရလဒ်ကိုတော့ သူမ သိမသွားခဲ့ပါ။ သူမ သေသွားရတာ ထိုက်တန်ပါသလား။

ကျွန်မတွေးကြည့်မိသည်။ သူမ သေဆုံးခါနီး နောက်ဆုံး စက္ကန့်ပိုင်းတွင် ကိုယ့်ရွေးချယ်မှုကိုယ် သူမ ကျေနပ်သွားခဲ့ပါသလား။ သူမ ရည်ရွယ်သည့် နောက်ဆုံးရလဒ်ကို တစ်ချိန်ချိန်မှာ ရမည်ဟု ယုံကြည်ရင်း သေဆုံးသွားခဲ့မှာတော့ သေချာပါသည်။ လတ်တလော ရလဒ်ကတော့ ရန်သူတစ်ယောက်သေ၊၁၅၀ဒဏ်ရာရ။ နောက်ဆုံး ရလဒ်က ဘယ်တော့လာမလဲ။ ပါလက်စ်တီးနီးယန်းပြည်သူတွေ ပါလက်စတိုင်းကို ပြန်ရဖို့။ အစ္စရေးတွေ မိမိတို့ထံမှ လုယူ သိမ်းပိုက်ထားသော ပါလက်စတိုင်းကို မိမိတို့လက်သို့ ပြန်အပ်နှင်းဖို့။ အဲဒါ ဘယ်တော့ ဖြစ်လာမလဲ။

အာဇာနည်ဘဝကို ရွေးချယ်ထားသူများ ပါလက်စ်တီးနီးယန်းတွေထဲမှာ အများကြီးရှိပါသည်။ တစ်ယောက်ပြီးတစ်ယောက် အသေခံ ဗုံးခွဲဖို့ တန်းစီစောင့်နေကြသူများဖြစ်သည်။ ယောကျ်ားတွေ

http://www.cherrythitsar.org



လည်း ပါသည်။ မိန်းမတွေလည်း ပါသည်။

သူတို့မှာ ကျွန်မတို့လိုပဲ အနာဂတ်တွေရှိသည်။ တွယ်တာမှုတွေ ရှိသည်။ တစ်ယောက်ယောက်အတွက် မိမိအသက်ရှင်မှ ဖြစ်မည်.. ဟူသော ကြိုးမျှင်မျှင်ကိုယ်စီနှင့်ဖြစ်သည်။ ယခုမိန်းကလေးဆိုလျှင် သည်နှစ်နွေမှာ လက်ထပ်ဖို့ပြင်ဆင်ထားသူဖြစ်သည်။ အခု နွေမှာ ချစ်သူနှင့်လက်ထပ်ဖို့ ပြင်ဆင်ထားပြီးသော အသက် ၁၆နှစ် အရွယ် မိန်းကလေးတစ်ယောက်ကို သူမ၏ ချိုမြစွာငြိတွယ်သော နှောင်ဖွဲ့မှုတွေမှဖြတ်တောက်ကာ သေခြင်းကို ရွေးချယ်သွားရလောက်အောင် ဘယ်အရာက ဆွဲခေါ်သွားခဲ့ပါသလဲ။ ထိုအရာသည် အာဃာတ မဟုတ်၊ လက်စားချေမှုမဟုတ်။ အမုန်းတရားမဟုတ်။ ကိုယ့်နိုင်ငံနှင့် လူမျိုးကို အဖတ်ဆယ် ကယ်တင်လိုသည့် စိတ်ဖြစ်သည်။ တစ်နည်းအားဖြင့် မိမိခြေဖဝါးချရမည့် မိမိကိုပိုင်ဆိုင်သည့်မြေကို တမ်းတသည့်စိတ်ဖြစ်သည်။ ဒါကို ကျွန်မနားလည်ပါသည်။ ကျွန်မကို ကြာမြင့်စွာ တွေဝေစေခဲ့သည်မှာ မိန်းကလေး ဘာကြောင့် ကိုယ့်ကိုယ်ကို ဗုံးဖောက်ခွဲအသေခံသွားသလဲ...ဟူသော အတွေးမဟုတ်။ ပါလက်စ်တိုင်းနှင့် အစ္စရေးဘယ်အချိန်ဘယ်ကာလထိအောင် အဖြေမတွေ့သေးဘဲ အသက်တွေ သေဆုံးကုန်ရဦးမှာလဲ...ဟူသော အတွေးဖြစ်ပါသည်။

မကြာသေးမီက ကျွန်မ၏ တူမလေးတစ်ယောက်က အစ္စရေး နှင့် ပါလက်စတိုင်း ဘယ်သူကမှားပြီး ဘယ်သူကမှန်သလဲ... ဟု မေးလာခဲ့၏။ ဘုရားရေ... ငါဘယ်လိုလုပ်ပြီး သိမှာလဲ...ဟု ရေရွတ် မိပါသည်။ အစ္စရေးမှားခဲ့သည့် အဖြစ်အပျက်တွေရှိမည်။ ပါလက်စ် တီးနီးယန်းတွေမှားခဲ့သည့် အဖြစ်အပျက်တွေရှိမည်။ တစ်ခါတစ်ခါ ကျတော့ လောကကြီးမှာ အဖြူနှင့်အမည်း၊ အကောင်းနှင့်အဆိုး၊ အမှန်နှင့်အမှား ဆိုတာ မျဉ်းတစ်ကြောင်းဖြင့် ဟိုဘက်သည်ဘက် ခြားနားထားလို့ မရဘူးမဟုတ်လား။ ကျွန်မ သိသလောက် အစ္စရေးနှင့် ပါလက်စတိုင်း၏ ပဋိပက္ခအရင်းအမြစ်ကို သူ့အား ပြောပြရပါသည်။ ကျွန်မ၏စကားတို့တွင် ဘက်လိုက်မှု ပါကောင်းပါနိုင်သည်။ တစ် ယောက်ယောက်ကို ခင်မင်လို့

http://www.cherrythitsar.org



ဘက်လိုက်တာမျိုးမဟုတ်ပေမယ့် ကျွန်မ ဖတ်ထားသိထားသမျှ အကြောင်းအရာတွေ မပြည့်စုံမှု၊ တစ်ဘက်စောင်းနင်းနိုင်မှုတို့ကြောင့်လည်း ဘက်လိုက်သလို ဖြစ်သွားတတ်ပါသည်။

တိုင်း(မ်)မဂ္ဂဇင်းကတော့ မှျတသည်ဟု ကောက်ချက်ချရမလား၊ လူလည်ကျသည်ဟု ကောက်ချက်ချရမလားမသိ။ ဤကိစ္စကို ပါလက်စတိုင်းဘက်က အမြင်ရော၊ အစ္စရေးဘက်ကအမြင်ကိုပါ တစ်ပြိုင်တည်း ဖော်ပြပေးခဲ့သည်။

ဘာကြောင့် ကျွန်တော်တို့ ကိုယ့်ကိုယ်ကို ဖောက်ခွဲကြသလဲ

ပါလက်စ်တီးနီးယန်း လူမျိုးများ၏ အသေခံဗုံးခွဲမှုနှင့် အာဇာနည်ဘဝ ရွေးချယ်မှုတို့ကို ပါလက်စ်တီးနီးယန်း ဆရာဝန်တစ်ယောက်က ရေးသားထားသော သူ့အမြင်သုံးသပ်ချက်ဖြစ်သည်။

"အစ္စရေးစားသောက်ဆိုင်တွေ ဘတ်စ်ကားတွေမှာ ပါလက်စ်တီးနီးယန်းယောကျ်ားတွေ၊ မိန်းမတွေ ဘာဖြစ်လို့ အသေခံ ဗုံးခွဲ ဖျက်ဆီးကြသလဲ ဆိုတဲ့ အကြောင်းရင်းကို နားလည်ဖို့ဆိုရင် အာရပ်– အစ္စရေး ပဋိပက္ခကို နားလည်မှဖြစ်မယ်။ ကျွန်တော်တို့ရဲ့ အမျိုး သားရေး တစ်ရပ်လုံးဟာ ဒေါသတွေ၊ စိန်ခေါ်မှုတွေနဲ့ ဖြစ်နေရတာပါ။ ဒီနေ့ခေတ်မှာ ရှန်းကန်ရင်ဆိုင်နေရတာက 'အသေခံဗုံးခွဲသူ ဖြစ်မလာရေး'ပါ။ ဘာဖြစ်လို့လဲဆိုတော့ အခုအခါ ကောင်းကင်ဘုံဆီ သွားရာလမ်းကို အတူလိုက်ပါဖို့ တန်းစီနေတဲ့ လူတန်းကြီးက အရှည်ကြီးပဲ။

"အဲဒီလှုပ်ရှားမှု ဖြစ်လာဖို့ တွန်းအားပေးတာကတော့ သမိုင်းကြောင်း အရှည်ကြီး ခံစားလာခဲ့ရတဲ့ သိက္ခာချခံရမှုနဲ့ ဒီအတွက် လက်စားချေလိုတဲ့ဆန္ဒပဲပေါ့။ ၁၉၄၈ခုနှစ်တုန်းက အစ္စရေးနိုင်ငံ ထူထောင်ခဲ့စဉ်ကတည်းက ပါလက်စ်တီးနီးယန်းပြည်သူတွေကို အမြစ်ကနေ ဆွဲနုတ်ထုတ်ခံလိုက်ရတာ၊ အဲဒီမှာ အာရပ်လူမျိုးတိုင်းရဲ့ စိတ်ထဲမှာ အရှက်ဟာ နက်နက်ရှိုင်းရှိုင်း တွယ်ငြိခဲ့တော့တာပါပဲ။ အာရပ် လူ့အဖွဲ့အစည်းမှာ အရှက်ဟာ နာကျင်ခံစားရဆုံး စိတ်ဝေဒနာပါ။ ဘဝမှာ

http://www.cherrythitsar.org



အသက်ရှင်နေထိုင်ဖို့ မထိုက်တန်တော့လောက်အောင်ပါပဲ။

"၃၅ နှစ်ကြာအောင် အစ္စရေးစစ်တပ်က အနောက်ဘက်ကမ်းခြေနဲ့ ဂါဇာကမ်းမြောင်တွေကို သိမ်းပိုက်ထားခဲ့တဲ့အဖြစ်ဟာ အာရပ်ရဲ့အားနည်းမှုကို တစ်ချိန်လုံး မမေ့နိုင်အောင် ပြပေးနေခဲ့တာပါ။ ဒါပေမယ့် ပါလက်စ်တိုင်းနီးယန်းနဲ့ အစ္စရေး ထိပ်တိုက်ရင်ဆိုင်ပွဲဆိုတဲ့ အဖြစ်ကနေ သိမ်းပိုက်ခံနယ်မြေနဲ့ အစ္စရေးဆိုတဲ့အဖြစ်အထိ ရောက်သွားခဲ့တာကတော့ လက်ဘနွန်မှာ P.L.O ကို အေရီယယ် ရှရွန်က ဖျက်ဆီးပစ်လိုက်မှုကြောင့်ပါ။

"ကူကယ်ရာမဲ့မှုနဲ့အရှက် ကနေ ဒေါသအဖြစ်ပြောင်းလဲသွားတယ်။ အဲဒီဒေါသက စိန်ခေါ်မှုတွေအဖြစ် လမ်းတွေဆီကို ယိုစီးဖိတ်ကျကုန်တော့တာပါပဲ။ အဲဒါ ပထမဆုံး intifada (ရရာ လက်နက် နဲ့ ပြန်ဆော်မှု)ပါ။

"ချက်ချင်းဆိုသလို ပါလက်စ်တိုင်းနီးယန်းတွေဟာ သူတို့အပေါ် ရက်စက်ကြမ်းကြုတ်သူတွေကို သူတို့ပြန်တိုက်ခိုက်ရင်း သူတို့သိက္ခာကို ပြန်တည်ဆောက်ပြီးသားဖြစ်သွားတယ်။ ပါလက်စ်တိုင်းနီးယန်းတွေဟာ ကူကယ်ရာမဲ့ သားကောင်တွေမဟုတ်တော့ဘူး ကိုယ့်ထက် အရှိန်ပါဝါအစွမ်းမြင့်တဲ့ အစ္စရေးစစ်တပ်ကို ရင်ဆိုင်ရတဲ့အခါ သူတို့တွေဟာ စိတ်ပိုင်းဆိုင်ရာ အောင်ပွဲ အားတက်မှုတွေ ရလာတယ်။ ကျောက်တုံးတွေနဲ့ ကလေးတွေဟာ စိန်ခေါ်သူ သူ့ရဲကောင်းတွေ ဖြစ် လာတယ်။ ဒီအောင်ပွဲစိတ်အခြေခံနဲ့ အာရာဖတ်ကငြိမ်းချမ်းရေး အစပျိုး လှုပ်ရှားမှုတွေ စတင်ခဲ့တာပါ။ ဒါပေမယ့် အော့စလို သဘော တူညီမှုပြီးတဲ့အခါမှာလည်း ပါလက်စ်တိုင်းနီးယန်းတွေဟာ ထိပ်တိုက် ရင်ဆိုင်မှုအသစ်တွေ ရခဲ့ရပြန်တယ်။ အစ္စရေးတွေက ကတိမတည်ဘူး။ ဒေးဗစ်စခန်းဆွေးနွေးပွဲကလည်း မအောင်မြင်ခဲ့ဘူး။

"ရှရွန်တစ်ယောက် နိုင်ငံရေးမြင်ကွင်းထဲကို နောက်တစ်ကြိမ်ဝင်လာတဲ့ အခါမှာတော့ intifada အသစ်ကို ဖြစ်ပေါ်စေခဲ့တော့ တယ်။ ဒီအချိန်မှာ အစ္စရေးစစ်သားတွေက သံချပ်ကာ ကားတွေနဲ့ လာတာ၊

http://www.cherrythitsar.org



ခြေထောက်နဲ့လာကြတာမဟုတ်ဘူး။ သူတို့ကို မြင်တောင် မမြင်ရဘူး။ ဒီတော့ ပါလက်စ်တီးနီးယန်း စစ်ပြောက်ကျားတွေက ဘာလုပ်သလဲ။ သူတို့မြင်နိုင်ထိတွေ့နိုင်တဲ့ အစ္စရေးပြည်သူပြည်သား တွေရှိရာ ဈေးတွေ၊ ကော်ဖီဆိုင်တွေကို ပစ်မှတ် ထားတော့တာပေါ့။ အစွန်းရောက် ပါလက်စ်စတီးနီးယန်း လက်နက်ကိုင်တွေအတွက် အစ္စရေးဆိုရင် တစ်မျိုးတည်းပဲ။ စစ်သားရယ် ပြည်သူရယ် မကွဲပြားဘူး။ ရန်သူပဲ”

ဒဏ်ရာတွေနဲ့ အစ္စရေး

အစ္စရေးလူမျိုး စိတ်ကုဆရာဝန်နှင့် စိတ်ကုပညာရှင် နှစ်ယောက်၏အမြင်ကလည်း ကျွန်မတို့ လက်ခံနိုင်စရာပဲဖြစ်သည်။ သူတို့က အစ္စရေး–ပါလက်စတိုင်းစစ်ပွဲကို ပန်းချီဆရာကြီး ဖရန်စစ်ကို(ဒီ)ဂိုယာ၏ ပန်းချီကားဖြင့် ခိုင်းနှိုင်းသရုပ်ဖော်ခဲ့သည်။ ပန်းချီကား၏အမည်မှာ တုတ်တိုများဖြင့် စိန်ခေါ်သတ် ပွဲ (Duel with Cudges) ဖြစ်သည်။ ပန်းချီကားထဲတွင် လူနှစ်ယောက် တုတ်တိုတင်းပုတ်ကိုယ်စီဖြင့် သဲကြီးမဲကြီး တိုက်ခိုက်နေကြ၏။ သူတို့ ကိုယ်အောက်ပိုင်းတွေက သဲဝဲနွံကြီးထဲမှာ စုပ်ယူခံရပြီး နစ်မြုပ်နေကြပြီ။

“သဲဝဲနွံထဲမှာ နစ်နေရသော ဘဝအခြေအနေသည် အစ္စရေးလူမျိုးများအား နက်ရှိုင်းစွာထိလာခဲ့သည်။ အကြမ်းဖက်မှုကြောင့် ကိုယ်ဒဏ်ရာ၊ စိတ်ဒဏ်ရာရသူတွေမှာ သေသည်အထိ အနာရွတ်တွေကျန်တော့မည်။ တချို့ဆိုလျှင် အကြမ်းဖက် တိုက်ခိုက်မှုဒဏ်ရာကို တစ်ခါမက နှစ်ခါမက ရခဲ့ရသူတွေဖြစ်သည်။ နေ့စဉ်နှင့်အမျှ သူတို့ရင်ဆိုင်နေရသည်မှာ သွေးသံရဲရဲ သေဆုံးမှုများ၊ ဗုံးပေါက်ကွဲမှုများ ၊ အသုဘ အခမ်းအနားများဖြစ်သည်။ ထိုမြင်ကွင်းများသည် သူတို့ကြုံရသော ဒဏ်ရာကို ထပ်ခါထပ်ခါဆွပေးလျက်ရှိသည်။ သူတို့သည် မမျှော်လင့်ဘဲ ရုတ်တရက်ဖုံးခွဲခံ၊ အကြမ်းဖက်ခံဒဏ်ရာတို့ဖြင့် သေကြေ နိုင်သည်ဟူသော ကြောက်ရွံ့မှုဖြင့် အသက်ရှင်နေထိုင်ကြရသည်။ ကြောက်ရွံ့မှုထက်ပင်

http://www.cherrythitsar.org



သူတို့ကိုဖျက်ဆီးသောအရာမှာ လုံး၀ အဖြေမရှိ သော အခြေအနေဆိုးကြီးထဲမှာ နေနေရသည်ဟူသော အသိတရားဖြစ် သည်။ အစ္စရေးပြည်သူများအဖို့ ဘာမှစွမ်းအားမရှိ၊ ကူကယ်ရာမဲ့ အခြေအနေဖြင့် ဒဏ်ရာတို့သည် ထုံနေတတ်သည်။ ဆတ်ဆတ်ထိ နာကျင်မှုနှင့် ထုံအမ်းမှုအကြားမှာ သူတို့ယိမ်းခါနေခဲ့ကြသည်။ ၎င်း အဖြစ်ကို ရုပ်မြင်သံကြား Channel တစ်ခုက စစ်ပွဲမြင်ကွင်းနှင့် ဘောလုံးပွဲ မြင်ကွင်းကို တစ်ပြိုင်တည်းပြခြင်းဖြင့် ထင်ရှားစေခဲ့၏။ ခရီးသွားလုပ်ငန်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ ပညာရေး အရာရာသည် ပျက်စီးကာ အလုပ်လက်မဲ့တွေ စုပုံလာခဲ့သည်။ အလုပ်ရှိနေသူတို့ပင် လျှင် နောင် အနာဂတ်စိတ်ကူးကြံစည်မှုဆိုတာဝေးလို့ တစ်ပတ်စာ ကြိုတင် စီစဉ်မှုတွေပင်လုပ်လို့ မဖြစ်နိုင်အောင် အနာဂတ် မဲ့ကုန်ကြ သည်”ဟု ရှင်းပြထားပါသည်။

သူတို့ပြောတော့လည်း ကျွန်မတို့ နားလည်နိုင်ပါသည်။

အားလုံး ကောင်းသွားမှာပါဟူသောစကားကို အရင်ကသူတို့ စိုးရိမ်ပူပန်စွာ ပြောနိုင်ခဲ့သည်။ အခုတော့ ထိုစကားသည်ပင်လျှင် အမှန်တကယ်ဟု သူတို့ မယူဆနိုင်တော့ပေ။

ကျွန်မ၏ သာမန်ပြည်သူအတွေးအရတော့ ပါလက်စတိုင်း နယ်မြေကို နှစ်ခြမ်းခွဲလိုက်၊ အရင်တုန်းက ကုလသမဂ္ဂက ဆုံးဖြတ် ပေးခဲ့သလိုပင် ဂျေရုဆလင်ကို အစ္စရေးရော၊ ပါလက်စတိုင်းရော နှစ်ဦးစလုံးလာခွင့်ရှိသည့် ကြားနယ်မြေအဖြစ် သတ်မှတ်လိုက်၊ အစ္စ ရေးဘက်ကလည်း မူလတုန်းက နှစ်ခြမ်းတည်ဆောက်မယ့် ငြိမ်းချမ်း ရေးကို သဘောတူခဲ့သလို အခုပြန်လျှော့၊ ပါလက်စတိုင်းဘက်က လည်း နှစ်ရာစုကတည်းက ရောမတွေကြောင့်လွင့်သွားရသည့် အစ္စရေး လူမျိုးတို့ကို နားလည်စာနာစွာ မျှဝေခံစားကြိုဆိုလိုက်၊ အဲသည်လို သာဆိုလျှင် ပါလက်စတိုင်းတွေလည်း အသေခံ အာဇာနည်တွေဖြစ် စရာမလို၊ အစ္စရေးတွေလည်း ဒဏ်ရာပေါ် ဒဏ်ရာဆင့်၊ အကြောက် ပေါ်အမုန်းဆင့် အခြေအနေဖြင့် သံဝဲနွံထဲမှာ နစ်နေစရာမလို၊ အဲသည် လိုသာဆိုလျှင် လူ့လောကကြီး ဘယ်လောက်များ သာယာချမ်းမြေ့

http://www.cherrythitsar.org



လိုက်မလဲ။

အခုတော့ အဖြေမရနိုင်သည့် ထပ်ဆင့်တုံ့ပြန်မှုများ အကြားတွင် ကမ္ဘာကြီးသည် နစ်သည်ထက် နစ်နေခဲ့သည်။ အသေခံဗုံးခွဲသူတွေသည် အာဇာနည်လား၊ အကြမ်းဖက်သမားလား၊ အရှက် နှင့် အမုန်းကို ထိထိရိုက်ရိုက်ခံစားတတ်သော ကျွန်မတို့ သာမန်လူတွေအဖို့ တော့ ဘာမှ မသတ်မှတ်နိုင်။

သေချာတာတစ်ခုကတော့ ထိုမိန်းကလေးသည် အသေခံဗုံးခွဲသူတွေထဲမှာ နောက်ဆုံးအာဇာနည်မဟုတ်၊ နောက်ထပ်အများကြီး ထွက်ပေါ်လာဦးမည်။

*Ref;*
*- Time , April 8, 2002*

*(Eleven News Vol:1/No:23, 28-4-2002)*

http://www.cherrythitsar.org



# ဘောလုံးပွဲ ကြည့်အပြီးမှာ



**Eleven Media**

http://www.cherrythitsar.org



အနိဋ္ဌာရုံအမျိုးမျိုး  ကမ္ဘာကြီးမှာ
ကိုယ့်နိုင်ငံမှာ၊ ကိုယ့်အိမ်ဘေးမှာ ရှိနေကြသည့်
ဒါတွေကို လွှဲဖယ်ပြီး ပီတိဖြစ်စရာဘောပွဲကို ကြည့်ကြတာ
ဘယ်လောက်နားလည်ဖို့ လွယ်ကူလိုက်သလဲ

http://www.cherrythitsar.org



# ဘောလုံးပွဲ ကြည့်အပြီးမှာ

(၄)နှစ်အတွင်း ပထမဦးဆုံးအကြိမ်အဖြစ် ကျွန်မ ဘောလုံးပွဲ ကြည့်ပါသည်။

အန်တီဝင်း (ကလျာ–ဝိဇ္ဇာသိပ္ပံ)က ဘောလုံးပွဲကြည့်တဲ့အခါ ကိုယ်ကတစ်ဘက်ဘက်မှာနေပြီး ကြည့်မှအရသာရှိတာဟု ပြောသည်။ ဟုတ်လား၊ ဒါဖြင့်လည်း နေလိုက်တာပေါ့ဟု ကျွန်မသဘောတူလိုက်သည်။ ကျွန်မ ဘယ်ဘက်မှာနေမလဲ။ အင်္ဂလန်ဘက်မှာ နေမလား၊ ဒိန်းမတ်ဘက်မှာ နေမလား။ တကယ်တော့ ကျွန်မက ဘောလုံးကို စိတ်လည်း မဝင်စား၊ နားလည်းမလည်။ ထို့ကြောင့် ဘယ်အသင်း ဘက်က ကိုယ်နေချင်သည်ဆိုတာ ဆုံးဖြတ်လို့မရပါ။ ကျွန်မတို့ မြန်မာ ဘောလုံးအသင်းလည်း မပါသည့်ပွဲမို့ ကိုယ့်နိုင်ငံဘက်က နေသလို ဘက်လိုက်မှုမျိုးလည်းမရှိ။ သို့သော် ကျွန်မရုတ်တရက်ပင် ဒိန်းမတ် ဘက်က နေလိုက်သည်။ အကြောင်းရင်းကို ကိုယ်တိုင် ရေရေရာရာ မသိပါ။ ကျွန်မ မှန်းဆကြည့်မိသလောက်ပေါ့လေ၊ အင်္ဂလန် အသင်း

http://www.cherrythitsar.org



မှာ အလွန်နာမည်ကြီး လူကြိုက်များလှသော ဒေးဗစ်ဘက်ဟမ်း ပါဝင်နေသောကြောင့်၊ သူဘောလုံးကန်တာ တစ်ခါမှ မမြင်ဖူးသော်လည်း စာစောင်တွေထဲမှာ မြင်ရဖတ်ရသမျှ အလွန်ဘဝင်ကိုင်သူ၊ အမြင်ကတ်စရာ ကောင်းလောက်အောင် ဟန်ရေးပြသူဖြစ်နေသော ကြောင့် ကျွန်မ တမင်ပင် ဒိန်းမတ်ဘက်က နေလိုက်တာ ဖြစ်နိုင်ပါ သည်။ နောက်တစ်ချက်မှာ ဒိန်းမတ်အသင်းသည် အရင်တစ်ခါတုန်း က အင်္ဂလန်အသင်းကို လေးဂိုးဂိုးမရှိဖြင့် ရှုံးထားခဲ့တာလည်း ပါပါ လိမ့်မည်။ ကျွန်မက အားနည်းသူဘက်က ဝင်ရပ်ချင်စိတ် ပျောက်ပျက် သေးဟန်မတူပါ။

တကယ်လည်း ဘောလုံးပွဲကို သည်အတိုင်း ဘေးအမြင်နှင့် ကြည့်သည်ထက် ဘက်တစ်ဘက်မှာ ဝင်ရပ်ပြီး ကြည့်တာက ပိုပြီး အရသာရှိတာ အမှန်ပါပဲ။

ဘောလုံးပွဲကြည့်ရင်း နှစ်နိုင်ငံအကြားက အကြိတ်အနယ်ဖြစ်နေသော အားကစားယှဉ်ပြိုင်မှုအစား စစ်ပွဲတစ်ပွဲများဖြစ်ခဲ့သော် ဘယ်လောက် ထိတ်လန့် တုန်လှုပ်ရလေမလဲဟု အတွေးဝင်မိသည်။ ဘောလုံးပွဲတွင် အနိုင်အရှုံးကို ဂိုးအရေအတွက်ဖြင့် သတ်မှတ်သည်။ ထို့ပြင်သတ်မှတ်ထားသော အချိန်ကာလတစ်ခုအတွင်းသာ ယှဉ်ပြိုင်ရသည်။ ထိုအချိန်စေ့သွားသည်နှင့် တစ်ပြိုင်တည်း ယှဉ်ပြိုင်မှုရပ်။ စစ်ပွဲမှာတော့ အဲသည်လို အချိန်ကန့်သတ်မှုမရှိ။ အနိုင်အရှုံးကို သတ်မှတ်သည့်အခါ ဆုံးရှုံးသွားရသည့် လူ့အသက်တန်ဖိုးတွေနှင့် သတ်မှတ်သည်ဟု ပြောရမလား။ ကိုယ့်နိုင်ငံသားတွေ အစုလိုက် အပြုံလိုက် အသက်ဆုံးရှုံးနေသည့်အဖြစ်ကို ဆက်လက်မခံနိုင်တော့ သူက အရှုံးပေးရမည်ထင်သည်။ စစ်မှာက အရှုံးအနိုင်အပြင် ဘောလုံးပွဲထက် ပိုလာသော ရလဒ်တစ်ခုရှိသေးသည်။ အမှားအမှန် ပြဿနာ ဖြစ်သည်။

ဘောလုံးပွဲမှာ ကစားပွဲစည်းမျဉ်းတွေရှိသည်။ ဆုံးဖြတ်ပေးမည့် ဒိုင်လူကြီးရှိသည်။ စစ်ပွဲမှာလည်း စည်းမျဉ်းမရှိသလို ထင်ရပေမယ့် စစ်စည်းမျဉ်းရှိပါသည်။ ၁၉၄၉ ခုနှစ် ဂျနီဗာ ပဋိညာဉ်

http://www.cherrythitsar.org



စာချုပ်သည် ဒုတိယကမ္ဘာစစ်အပြီးမှာ ပြုလုပ်ခဲ့သော နူရင်ဘတ် စစ်ခုံရုံး တရား စီရင်မှုတွေမှ စတင်ခဲ့သည်။ စစ်ရေးသတ်မှတ်ချက်များကို ကျွန်မဖတ်သော စာအုပ်များတွင် မကြာခဏတွေ့ရသဖြင့် ရိပ်ဖမ်းသံဖမ်း သိနေသည်။ သို့သော်ဘောလုံးကစားပွဲ၏ စည်းမျဉ်း ဥပဒေများနှင့် ပြစ်ဒဏ် သတ်မှတ်ချက်များကတော့ ကျွန်မနှင့် တော်တော်စိမ်းပါသည်။ ထောင့် ကန်ဘော ဘာကြောင့်ရသလဲ ကျွန်မမသိ။ ပြစ်ဒဏ်ဘော ဘာ့ကြောင့်ရသလဲ ကျွန်မမသိ။ အဝါကတ်၊ အနီကတ် အကြောင်းရင်းကိုလည်း အဖြစ်အပျက်ကို နောက်တစ်ကြိမ်ပြန်ပြလို့ သေသေချာချာကြည့်တော့မှ မြင်မိသည်။ စစ်ပွဲတစ်ပွဲ၏ စည်းဖောက်မှု၊ ရာဇဝတ်မှုများကိုတော့ အသက်မသေဘဲ ရှင်ကျန်ခဲ့သည့် မျက်မြင်သက်သေများနှင့် ပါဝင်သူတို့ ၏ မှတ်တမ်းများအရ ထုတ်ဖော်ဖွင့်ချခံရလေ့ရှိပါသည်။

စစ်ပွဲများတွင် အဖြစ်အပျက်ကိုမျက်မြင်တွေ့ရသည့် သက်သေမရှိလျှင်တောင် သေပြီးသားအလောင်းတွေကိုကြည့်ပြီး စစ်ပွဲလား စစ်ရာဇဝတ်မှုလား စစ်ဆေးဆုံးဖြတ်လို့ ရခဲ့သည်။ စစ်သတင်းထောက်များ စွာပင် ထိုသတ်ဖြတ်မှုများကို သက်စွန့်ဆံဖျား မြင်တွေ့ရသည်။ သူတို့က အမြင်အတိုင်း ပြန်ရေးပြသောအခါ၊ ဓာတ်ပုံ ရိုက်ပြသောအခါ၊ ဗွီဒီယို ရိုက်ပြသောအခါ ကမ္ဘာအနှံ့အပြားက လူတွေ သိရသည်။ သမိုင်း အထောက်အထားတွေဖြစ်ကုန်ကြသည်။ လူသားတို့သည် မယုံကြည် နိုင်လောက်အောင် ရက်စက်၏။ တချို့က မုန်းတီးမှုဖြင့် သတ်သည်။ အာဃာတရန်ညှိုးဖြင့် သတ်သည်။ တချို့က စစ်သွေးကြွလို့ သတ်သည်။ တချို့က ရန်သူကို အပြီးအပြတ် နိုင်နိုင်အောင် မိမိ စစ်တပ်ကို စိတ်ဓာတ်ကြမ်းကြုတ် သွေးကြွစေလို သဖြင့် သတ်မိန့် နှိပ်စက်မိန့် ပေးသည်။

ဘောလုံးပွဲကြည့်သလို ဘက်တစ်ဘက်မှာရပ်ပြီး ကြည့်စရာပင် မလို။ စစ်ပွဲတစ်ခုကို ဘေးကထွက်ရပ်ပြီး ကြည့်လျှင်တောင် တုန်လှုပ်စွာ နာကျင်ရမှာ သေချာပါသည်။

စစ်ပွဲမှာ စစ်တိုက်ရင်း နှစ်ဘက်လုံးကလူတွေ သေကြသည့်

http://www.cherrythitsar.org



အဖြစ်မှာ ရာဇဝတ်မှုမဟုတ်ပါ။ လက်နက်ကိုင်တိုက်ပွဲတွင် မလွှဲမသွေ ကြုံတွေ့ရမည့် ကိစ္စဖြစ်သည်။ သို့သော် မလိုအပ်ဘဲ ဝေဒနာခံစားရအောင် သေသေချာချာစီစဉ်ပြီး ပြုမူဆောင်ရွက်မှုကတော့ ရာဇဝတ်မှုဖြစ်သည်။ စစ်အခြေစိုက်စခန်းတစ်ခုကို ဗုံးကြဲတိုက်ခိုက်သည်။ ပြည်သူ ပြည်သားများကိုပါ သေကြေပျက်စီးစေမိသည်။ ထိုကိစ္စသည် ရာဇဝတ်မှု ကျူးလွန်သည်ဟု မမည်ပါ။ သို့သော် လူနေမြို့ရွာများကို သေသေချာချာစီစဉ်ပြီး ဗုံးကြဲခဲ့လျှင်တော့ ဒါရာဇဝတ်မှုပဲဖြစ်သည်။

ဒုတိယကမ္ဘာစစ်အပြီး၌ နာဇီစစ်အုပ်ချုပ်ရေးခေါင်းဆောင်တချို့ (၂၂ယောက်)ကို စစ်ရာဇဝတ်မှုဖြင့် စွဲချက်တင် တရားစီရင်ခဲ့သည်။ ပထမတော့ နာဇီများကို သစ်တောထဲခေါ်သွားပြီး ပစ်သတ်မည်ဟု စီစဉ်ခဲ့ကြသေးသည်ဆိုပါသည်။ နောက်တော့ ထိုနာဇီစစ်ဗိုလ်ချုပ်များအား သူတို့ တန်ခိုးထွားစဉ်က သူတို့သတ်ခဲ့သမျှဘယ်သူ့ကိုမှမပေးခဲ့သော တရားဆိုင်ခွင့် အခွင့်အရေးကို ပေးလိုက်ကြဖို့ ဆုံးဖြတ်ခဲ့သည်။ တရားစီရင်မှုသည် မျှတ၍ တရားနည်းလမ်း ကျစေ ရမည်၊ အင်္ဂလိပ်ဘာသာဖြင့် ရော ဂျာမန်ဘာသာဖြင့်ပါ သုံးနှုန်း မေးမြန်းမည်။ တရားခံများသည် သူတို့အတွက် ခုခံပေးမည့် ရှေ့နေ များနှင့် ထွက်ဆိုပေးမည့် သက်သေများကို ခေါ်ခွင့်ရှိသည်။ တရား လိုဘက်မှ သက်သေများကိုလည်း တရားခံ ရှေ့နေက ပြန်လှန် မေးခွန်းမေးခွင့်ရှိသည်။

ဌင်းတရားစီရင်မှုမှာ အပြစ်အနာအဆာမရှိသလို ထင်ရသည်။ သို့သော် အပြစ်အနာအဆာ ရှိနေသည်။ ဘာကြောင့်လဲဆိုတော့ မဟာမိတ်များသည် စစ်အောင်နိုင်သူများဖြစ်နေသောကြောင့် ဖြစ်သည်။ စစ်အောင်နိုင်သူမဟာမိတ်စစ်တပ်များရော ဤကဲ့သို့ တရားစီရင်ခြင်းကို ရင်ဆိုင်ဖို့ မလိုဘူးလား ဟု မည်သူမျှ ထင်ကြေးမပေးခဲ့၊ မမေးမြန်းခဲ့။ တကယ်တော့ ဆိုဗီယက်သည် အရှေ့ပိုင်းပိုလန်ကို ၁၉၃၉ ခုနှစ်တုန်းက ဝင်ရောက်စီးနင်းသိမ်းပိုက်သည့်အခါ ပိုလန် အစိုးရဝန်ထမ်း ထောင်ပေါင်းများစွာ သတ်ဖြတ်ခဲ့ကြသည်။ အလောင်းများကို

http://www.cherrythitsar.org



Katyn သစ်တောထဲမှာ မြှုပ်ခဲ့ကြသည်။ ထို့ပြင် မကြာသေးမီက ထုတ်ဝေခဲ့သော Antony Beevor ၏ စာအုပ် Berlin : The Downfall 1945တွင်လည်း ရုရှားတပ်နီတော်စစ်သားတို့၏ကြမ်းကြုတ်ဆိုးညစ်မှုများကို သက်သေသာဓကဖြင့် မြင်တွေ့နိုင်သည်။ ပိုလန်ရော ဂျာမနီရောတွင် တပ်နီသည် အဆောက်အဦများ ပစ္စည်းများကို ဖျက်ဆီးဆုတ် ဖြဲရုံမျှမက အမျိုးသမီးများကို စနစ်တကျ မုဒိမ်းကျင့်ခဲ့သည်။ နောက်ပိုင်းတွင် ရုရှားအချို့က ဟာသလုပ်ပြီး ပြောခဲ့သည်။ "ငါတို့တတွေ ဂျာမနီမှာ ကလေးပေါင်း ၂သန်း ချန်ပစ်ခဲ့တယ်ကွ" ဟူသော စကား ဖြစ်သည်။ သူတို့သည် အမျိုးသမီးပေါင်း ၂ သန်းကို မုဒိမ်းကျင့်ခဲ့သောကြောင့်ဖြစ်သည်။ မဟာမိတ်များ Dresden ကို ဗုံးခွဲခဲ့ပြီး ပြည်သူပြည်သား သောင်းနှင့်ချီ၍ သတ်ခဲ့သည်။ အမေရိကန်သည် တိုကျိုမြို့ကို ဗုံးခွဲခဲ့ပြီးနောက် ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့များကို အဏုမြူဗုံး ကြဲခဲ့သည်။ ၎င်းမှာပြည်သူတို့အား တိုက်ရိုက်ဖျက်ဆီးခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် သတ်မှတ်ထားသော နိုင်ငံတကာစစ်ဥပဒေကို ချိုးဖောက် ခြင်းပင်ဖြစ်သည်။ သို့သော် သူတို့ကတော့ နူရင်ဘတ်ခုံရုံးသို့ ရောက်ရှိ တရားရင်ဆိုင်ရခြင်း မရှိခဲ့ချေ။ ထို့ကြောင့်လည်း Antony Beevor က မှတ်တမ်းအထောက်အထားများအရ စာအုပ်ရေးသား ဖွင့်ထုတ် လိုက်ခြင်းဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်းက ရက်စက်ကြမ်းကြုတ်မှုများကို တတိယရိုက်ချ်နိုင်ငံ တစ်ခုတည်းက လုပ်ခဲ့တာမဟုတ်ပါဘူး ဟူ၏။

ကျွန်မအနေနှင့် ဘောလုံးပွဲမှာ အားနည်းသူဘက်က ဝင်ရပ်ရတာလွယ်သည်။ စစ်ပွဲမှာ အားနည်းသူဘက်က ဝင်ရပ်သည် ဆိုတာက အမြဲတမ်း မှန်ကန်ပါ့မလား။ ဘောလုံးပွဲရှုံးသွားတာက သိက္ခာကျရုံ၊ အရှက်ရရုံ (ရှက်စရာဟု ယူဆလျှင်) စိတ်ညစ် စိတ်တိုရုံပဲရှိမည်။ စစ်ရှုံးသွားတာက အစားထိုးမရသော ဆုံးရှုံးမှုတွေ ဖြစ်ရလိမ့်မည်။ နောက်ပြီး အားနည်းသူဘက်က ကျွန်မ ရပ်ရဲမှာလား။ အားနည်းသူဟူသော သတ်မှတ်ချက်ကို ဘာနှင့်သတ်မှတ်မလဲ။ လက်နက်အင်အား လူအင်အားနှင့် သတ်မှတ်မလား၊ အစဉ်အလာနှင့် သတ်မှတ်

http://www.cherrythitsar.org



မလား၊ စိတ်ဓာတ်နှင့် သတ်မှတ်မလား။

အမေရိကန်နှင့် အာဖဂန်အကြမ်းဖက်စစ်တပ်၏စစ်ပွဲ၊ အာရပ်နှင့် အစ္စရေးစစ်ပွဲ၊ အိန္ဒိယနှင့် ပါကစ္စတန်၏ ကက်ရှ်မီးယား ပြဿနာတင်းမာမှု အားလုံးကို ခပ်ဝေးဝေးမှ မြင်တွေ့နေရသမျှတော့ ကျွန်မ တော်တော်စိတ်ညစ်ပါသည်။ ဒိန်းမတ်ဘက်ကနေ ရပ်နေပါလျက် မိုက်ကယ်အိုဝင် ဂိုးသွင်းလိုက်တော့ ဂိုးသွင်းပုံ လှလိုက်တာ ဟု ကျေနပ်မိသည်။ ဒါက ဘောလုံးပွဲမှာမို့ရသည့် ပီတိပဲ။ တကယ်သာ ကျွန်မက အာရပ်ဘက်မှာ သို့မဟုတ် အစ္စရေးဘက်မှာ နေခဲ့မိပြီဆိုလျှင် ဘောလုံးဂိုးသွင်းသလို ဘယ်လိုမှ သဘောထား ကြည့်လို့မရသည့် သတ်ဖြတ်သေဆုံးမှုတွေအတွက် ကျွန်မ ဘယ်လိုခံစားရမလဲ။

အင်း ဒါကြောင့်လည်း မြန်မာတစ်နိုင်ငံလုံး ရှိသမျှလူတွေ ဘောလုံးပွဲချည်း ကြည့်နေကြတာဖြစ်မှာပဲဟု ကျွန်မတွေးမိလာသည်။

အရင်ကတော့ ဘောလုံးပွဲကြည့်သူတွေကို ကျွန်မဘယ်လိုမှ နားလည်ခံစားလို့မရ။ ကိုယ့်နိုင်ငံအသင်းနှင့် လုံးဝမဆိုင်သော ပွဲကြီးကိုကြည့်ပြီး အားရပါးရအော်ဟစ်နေလိုက်ကြတာ၊ ဘယ်လိုပါလိမ့် ဟု ကျွန်မတွေးမိသည်။ အခုတော့ ကျွန်မ သိသလိုလို ရှိသွားပြီ။ အနိဋ္ဌာရုံအမျိုးမျိုး ကမ္ဘာကြီးမှာ ကိုယ့်နိုင်ငံမှာ၊ ကိုယ့်အိမ်ဘေးမှာ ရှိနေကြသည်။ ဒါတွေကို လွှဲဖယ်ပြီး ပီတိဖြစ်စရာ ဘောပွဲကို ကြည့်ကြတာ ဘယ်လောက်နားလည်ဖို့လွယ်ကူလိုက်သလဲ။ ကိုယ်ရပ်သည့် အသင်းက ဂိုးသွင်းလျှင်ပျော်မည်။ ဂိုးသွင်းခံရလျှင် မကျေမနပ် အော်ဟစ်မည်။ ဒါပဲ။ ဘယ်သူမှလည်း အသက်မသေ။ ဘယ်သူမှလည်း ဝေဒနာ မခံစားရ။ စည်းမျဉ်း ချိုးဖောက်လျှင် ချက်ချင်း လက်ငင်း အပြစ်ပေးပေးသည့် ဒိုင်လူကြီးလည်းရှိသည်။ ဘယ်လောက် ကောင်းလိုက်သလဲ။

ဖိုင်နယ်ပွဲကျလျှင်လည်း ကျွန်မ တစ်ခါထပ်ပြီး ကြည့်ချင်ပါသေးသည်။

*Ref ;*

*- The Forensics of War by Sebastian Junger*

*- Landscape of despair by Robert Winder*

*(Eleven News Vol:1/No:31, 23-6-2002)*

**Eleven Media**

http://www.cherrythitsar.org



# စစ်ပွဲများ နှင့် အမှားအမှန်



Eleven Media

လူ့အသက်ပေါင်းများစွာ ဆုံးရှုံးသေကျေရတဲ့
ကြောက်ရွံ့ထိတ်လန့်စရာ
စစ်ပွဲတွေရဲ့ အမှန်၊အမှားဘက်လိုက်မှုကိစ္စကို မဆိုထားနဲ့၊
အသေးအဖွဲလို့ဆိုရမယ့် ပြဿနာအရေးအခင်းတွေမှာတောင်
အမှန်နဲ့ အမှားဟာ တော်တော်ရောထွေးနေခဲ့ပါပြီ

http://www.cherrythitsar.org



# စစ်ပွဲများနှင့် အမှားအမှန်

ဇွန်လဟာ စစ်နဲ့ဆက်သွယ် ပတ်သက်နေတဲ့လလို့ ပြောရမလားမသိ။ စစ်ရေးစစ်ရာနဲ့ နိုင်ငံရေးကို ကျွန်မသိပ်မသိ နားမလည်ပေမယ့် ကျွန်မ သိသလောက်တော့ စစ်တော်တော်များများရဲ့ အစနဲ့ အဆုံးဟာ ဇွန်လမှာ ဖြစ်နေခဲ့တာ သတိထားမိပါတယ်။

ပထမကမ္ဘာစစ်ကို စစ်မီးမွှေးပေးခဲ့တဲ့ ဖာဒီနန်မင်းသား Franz Ferdinan ကို ဆာရာယေဗိုမှာ လုပ်ကြံသတ်ဖြတ်မှုဟာ ဇွန်လ (၂၈) ရက်နေ့ (၁၉၁၄ ခုနှစ်) မှာ ဖြစ်ခဲ့တာပါ။ မင်းသား ဖာဒီနန် ဆိုက်ဆိုက်မြိုက်မြိုက် ဇွန်လ(၂၈)ရက်နေ့မှာ ဘော့စနီးယားမြို့တော် ဆာရာယေဗိုကို ဘာဖြစ်လို့ လာလည်ရသလဲ။ ဒါကို ဆာ့ဘ်တွေကတော့ 'ရည်ရွယ်ချက်နဲ့ စော်ကားမှု' လို့ သတ်မှတ်တယ်။ ဇွန် ၂၈ရက်နေ့ဟာ အစဉ်အလာရှိတဲ့ ရက်ဖြစ်တယ် တဲ့။ ၁၃၈၉ ခုနှစ် ဇွန်လ ၂၈ ရက်တုန်းက ရှေးဟောင်း ဆာ့ဘ်နိုင်ငံတော်ဟာ တူရကီတွေရဲ့ သိမ်းပိုက်မှုကို ခံခဲ့ရတာတဲ့။ နှစ်ပေါင်းများစွာ ကျွန်ပြုခံရပြီးတဲ့နောက် တူရကီတွေကို ပြန်လည်လက်စားချေတော်လှန်ပြီး အောင်ပွဲခံခဲ့တဲ့ ဒုတိယမြောက် ဘော်လ်ကန်စစ်ပွဲနေ့ဟာလည်း ဇွန်လ ၂၈ ရက်ပဲ တဲ့။ ဒီတော့ ဒီရက်မှာ လာလည်တဲ့ဖိနှိပ်သူကိုယ်စားပြု ဖာဒီနန်မင်းသားကို

http://www.cherrythitsar.org



သတ်ဖို့ ပိုပြီးဆုံးဖြတ်ချက် ခိုင်မာစေတယ် လို့ မှတ်တမ်းတစ်ခုမှာ ဖတ်ခဲ့ရဖူးပါတယ်။

ပြင်သစ်က ဂျာမနီကို လက်နက်ချ အညံ့ခံတဲ့လက်မှတ် ရေးထိုးခဲ့တာလည်း ဇွန်လ ၂၁ရက်ပဲ (၁၉၄၀)၊ ဒုတိယကမ္ဘာစစ်အတွက် ဂျာမနီက ရုရှားကို စစ်ကြေညာတာ ဇွန်လ(၂၂)ရက်ပဲ၊ (၁၉၄၁)လို့ သိရတယ်။ အဲဒီတုန်းက စစ်ကြေညာပုံက စနစ်ကျတယ်။ ၁၉၄၁ ခုနှစ် ဇွန်လ ၂၂ရက်နေ့မှာ ဂျာမန်သံအမတ်ကြီးက ဂျာမန်အစိုးရက စစ်ကြေညာတဲ့စာကို ရုရှားနိုင်ငံခြားရေးဝန်ကြီး မိုလိုတော့ကို ပေးအပ်ခဲ့ပါတယ်။ ပေးအပ်တဲ့လူရော လက်ခံတဲ့လူရော နှစ်ယောက်လုံး စိတ်လှုပ်ရှားမှုကြောင့် ဖြူဖျော့သွေးဆုတ်နေခဲ့ကြတယ်။ နိုင်ငံခြားရေးဝန်ကြီးက စစ်ကြေညာစာကို စကားတစ်ခွန်းမှ မပြောဘဲ တိတ်တိတ်ဆိတ်ဆိတ်လက်ခံယူလိုက်ပြီး အဲဒီစာပေါ်ကို တံတွေးထွေးလိုက်သတဲ့။ ပြီးတော့မှ ဆုတ်ဖြဲပစ်လိုက်တယ်။ အဲဒီနောက် သူ့အတွင်းရေးမှူးကို ခေါင်းလောင်းတီးပြီး ခေါ်လိုက်တယ်။ "ဒီက လူကြီးမင်းကို အပြင်ပြန်ပို့ဖို့ နောက်ဖေးပေါက်ရှိရာ ခေါ်သွားလိုက်ပါ"လို့ ပြောလိုက်တယ်။ အဲဒီတစ်ခဏကို ကျွန်မစိတ်မှန်းနဲ့ ခံစားကြည့်မိတာ တော်တော်ကို အနေရကျပ်သွားပါတယ်။

နောက်ထပ်စစ်ပွဲတွေစစ်ပွဲတွေ အစဦးအလာ အဖြစ်အပျက်တွေ တော်တော်များများ ဇွန်လမှာ ဖြစ်ခဲ့ပါသေးတယ်။ ဉပမာ နော်မန်ဒီကမ်းခြေကို တက်တိုက်ခဲ့တဲ့ ဒီ–ဒေးလို့ခေါ်တဲ့ စစ်ပွဲဟာ ဇွန်လဆန်းမှာ ဖြစ်ခဲ့တာပါ။ ရေတပ်နဲ့ တက်ခဲ့တာက ဇွန်လ ၄ရက်၊ လေတပ်ကနေ စစ်တပ်တက်ခဲ့တာက ဇွန်လ ၆ရက် စသည်ဖြင့်ပေါ့။

နောက်ပြီး ဘရစ်တိန်နဲ့ အာဂျင်တီးနားနိုင်ငံနှစ်ခုအကြားမှာ ဖော့ကလန်ကျွန်းစုကိစ္စကြောင့် စစ်ဖြစ်ခဲ့ရတဲ့ ဖော့ကလန်စစ်ပွဲ အဆုံးသတ်ခဲ့တာ ဇွန်လ ၁၄ရက် (၁၉၈၂ ခုနှစ်)ပါ။

အခု ၂၀၀၂ ခုနှစ် ဇွန်လမှာလည်း တချို့နေရာတွေမှာ အရင်က စတင်ခဲ့တဲ့ စစ်မီးဆက်လက်လောင်ကျွမ်းနေခိုက် တချို့နေရာတွေမှာ စစ်မီးစပျိုး လောင်ကျွမ်းလာပြီဆိုတာ ကျွန်မခံစားနေရတယ်။

http://www.cherrythitsar.org



စစ် ဆိုတာ ကြောက်စရာပါ၊ စစ်မှန်သမျှ နှစ်ဘက်လုံးကို နာကျင် ထိခိုက် စေတာချည်းပါပဲ။ ဒါပေမယ့် မလွဲရှောင်သာတဲ့အခါ နိုင်ငံတွေဟာ စစ်ဖြစ်ကြရတယ်။ ယေဘုယျ လက်ခံထားကြတာတော့ စစ်နှစ်မျိုး ရှိသတဲ့။ ကျူးကျော်စစ်နဲ့ ခုခံစစ်တဲ့။ ကျူးကျော်စစ်က အမှား၊ ခုခံစစ်က အမှန်ဆိုတဲ့ ဆိုရိုးစကားဟာ အမြဲတမ်း မှန်ကန်နေမှာလား။ ကျူးကျော်သူ လို့ သတ်မှတ်တဲ့ကိစ္စမှာ ပြီးခဲ့တဲ့ သမိုင်းအစဉ်အဆက် ဖြစ်ရပ်တွေကို ပြန်လှန်ကြည့်ဖို့ လိုသေးသလား။ ဥပမာ ၁၉၃၈ ခုနှစ်တုန်းက ဂျာမနီက ပြင်သစ်ကို စစ်ရှုံးအညံ့ခံတဲ့ လက်မှတ်ကို ရေးထိုးခဲ့တဲ့ နေရာအတိအကျမှာပဲ ၁၉၄၀ပြည့်နှစ် ရောက်တော့ ပြင်သစ်က ဂျာမနီကို စစ်ရေးအရအညံ့ခံတဲ့ လက်မှတ် ရေးထိုးရပြန်တယ်။ အဲဒီနေ့က ဟစ်တလာရဲ့ မျက်နှာမှာ အောင်နိုင် သူရဲ့ မာန်နဲ့အတူ ခါးသီးတဲ့ အမုန်းတရားနဲ့ လက်စားချေခြင်းရဲ့ကျေနပ်မှုကိုပါ တွေ့ရတယ် လို့ လက်မှတ်ထိုးပွဲမှာ တက်ခဲ့တဲ့ မျက်မြင်သက်သေရဲ့ မှတ်တမ်းတစ်ခုမှာ ဖတ်ခဲ့ရပါတယ်။

အခုဖြစ်နေတဲ့ အာရပ်နဲ့ အစ္စရေးစစ်ပွဲမှာ ဘယ်သူကအမှား၊ ဘယ်သူကအမှန်လဲ။ အခုဖြစ်နေတဲ့ ပါကစ္စတန်နဲ့ အိန္ဒိယအကြား ကက်ရှ်မီးယားပြဿနာမှာ ဘယ်သူကအမှား ဘယ်သူက အမှန်လဲ။ အမေရိကန်က အီရတ်ကို အကြမ်းဖက် နှိမ်နင်းရေးစစ်ပွဲအဖြစ် ဝင်တိုက်လာခဲ့ရင် ဘယ်သူကအမှား ဘယ်သူက အမှန်ဖြစ်မှာလဲ။ အမှားဆိုတာ ရှိရော ရှိသေးလို့လား။

လူ့အသက်ပေါင်းများစွာ ဆုံးရှုံးသေကြေရတဲ့ ကြောက်ရွံ့ထိတ် လန့်စရာ စစ်ပွဲတွေရဲ့ အမှန်၊ အမှားဘက်လိုက်မှု ကိစ္စကို မဆိုထားနဲ့၊ အသေးအဖွဲလို့ဆိုရမယ့် ပြဿနာအရေးအခင်းတွေမှာတောင် အမှန်နဲ့ အမှားဟာ တော်တော်ရောထွေးနေခဲ့ပါပြီ။

တစ်လောတုန်းက ကျွန်မ အက်ဆေးတစ်ပုဒ်ဖတ်လိုက်ရတယ်။ Meg Greenfield ဆိုတဲ့ အမေရိကန် စာရေးဆရာမ/သတင်းစာဆရာမ/အယ်ဒီတာ ရေးခဲ့တဲ့ Why Nothing Is 'Wrong' Anymore ဆိုတဲ့ အက်ဆေးပါ။ သူတို့ဆီမှာ၊ နောက်ပြီး တစ်ကမ္ဘာလုံးမှာ

http://www.cherrythitsar.org



'မှားလိုက်တာ' ဆိုတဲ့ ကောက်ချက် မရှိတော့ဘူး တဲ့။

ဒီခေတ်မှာ မကောင်းမှုအကြောင်း၊ ပြစ်မှုအကြောင်း၊ ရာဇဝတ်မှုအကြောင်း ပြောကြဆိုကြတဲ့အခါ 'မှားတယ်'ဆိုတဲ့ စကားလုံးကို သူ့အနေနဲ့ မကြားရတော့ သလောက်ပဲ တဲ့။ 'မှားတယ်'ဆိုတာ မရှိတော့ဘူးလား။

သူကတော့ လူတွေရဲ့အပြုအမူနဲ့ အချက်အလက်နဲ့ မှတ်ချက်စကားတွေကို လေ့လာပြီး အက်ဆေးရေးတာမို့ စိတ်ဝင်စားစရာကောင်းတဲ့ အမြင်ပါပဲ။

အရင်ကဆိုရင် 'သူတစ်ပါးပစ္စည်းခိုးယူတာ မှားတယ်'လို့ ရဲရဲ ရင့်ရင့် ကောက်ချက်ချကြတယ်။ အခုတော့ အမှန်နဲ့အမှားဆိုတဲ့ နှိုင်းယှဉ်မှုနေရာမှာ အမှန်နဲ့ တခြားတစ်ခုခုကို အစားထိုး နှိုင်းယှဉ်လာတာတွေ့ရတယ်။ အဲဒီ 'တခြားတစ်ခုခု' ဟာ 'အမှား'ဆိုတဲ့ စကားလုံးကို ရှောင်ဖယ်ချင်လို့ အခြေအနေအရ သုံးလိုက်တာပါပဲ။

## ဥပမာ (၁) အမှန် နဲ့ မိုက်မဲမှု

လူတစ်ယောက်က မကောင်းမှု တစ်ခုခုကို ကျူးလွန်လိုက်တယ်၊ အဲဒီလူက ကိုယ်သိတဲ့ ကိုယ်နဲ့ သဘောထားတူတဲ့လူ ဖြစ်နေတယ်။ ဒီအခါမှာ လူတွေက ဒီကောင်မှားလိုက်တာ လို့ ကောက်ချက်မချဘဲ၊ ဒီကောင် တော်တော်မိုက်တာပဲလို့ ကောက်ချက်ချတယ်။ ဒါမျိုးပေါ့။ 'ငါဖြင့် ဒီကောင်ဒီလိုလုပ်လိုက်တာကို ဘယ်လိုမှနားမလည် နိုင်တော့ဘူး' ပေါ့။ ဝါးတားဂိတ်အရေးအခင်းမှာ အဲဒီလိုဖြစ်ရပ်တွေ ဖြစ်ခဲ့တယ်။ အပြစ်ရှိတယ် ဆိုတဲ့ စကားကို အကြောင်းကြောင်းနဲ့ လူတွေဟာ ပြောမထွက်ကြဘူး။

## ဥပမာ (၂) အမှန် နဲ့ ဥပဒေထဲမှာ မပါဝင်ခြင်းကိစ္စ

တစ်ယောက်ယောက်အပြစ်ရှိတယ် မှားတယ်လို့ လက်ညှိုးထိုး စွပ်စွဲဖို့ကိစ္စမှာ ခေါင်းရှောင်ပြီးတော့ စီရင်ထုံး ဥပဒေထဲမှာ၊ ဖွဲ့စည်းပုံ ဥပဒေထဲမှာ မပါတဲ့ ကိစ္စတစ်ခုကို လုပ်မိသွားတာ လို့

http://www.cherrythitsar.org



ကောက်ချက် ချတာမျိုးပေါ့။

**ဥပမာ (၃) အမှန် နဲ့ စိတ်မကျေနပ်မှု**

စိတ်ပိုင်းဆိုင်ရာ ဖောက်ပြန်ချို့ယွင်းမှုကြောင့် တစ်ခုခုပြစ်မှုကို ကျူးလွန်လိုက်မိတာ ဆိုတဲ့ အမြင်မျိုးပါပဲ။ ဒီနေရာမှာ အမှန်နဲ့ အမှားလို့ သုံးနှုန်းလို့ မရသလိုဖြစ်နေတယ်။ သူနေမကောင်းလို့ လုပ်မိတာပေါ့၊ သနားညှာတာမှုလေး နည်းနည်း စွက်နေသလိုပဲ။

ဒါပေမယ့် တစ်ခုရှိတာက အပြစ်မှန်းမသိလို့ လုပ်မိတာဟာ အမှားမဟုတ်ဘူး ဆိုရင် ရှစ်နှစ်အရွယ် ကလေးတစ်ယောက် အပြစ်ကျူးလွန်တာ အမှားမဟုတ်ဘူးလို့ ဆိုနိုင်သလား။ ဒါဖြင့် ရူးကြောင်မူးကြောင် လူတစ်ယောက် အများထိခိုက်စေအောင် ထင်ရာမြင်ရာ လျှောက်လုပ်ရင် မမှားဘူးလို့ဆိုရမလား။ တော်တော် စဉ်းစားရခက်တဲ့ ပြဿနာပါပဲ။

**ဥပမာ (၄) အမှန် နဲ့ 'အဲလိုဖြစ်လာရောပဲကိုး' ဆိုတဲ့ အမြင်**

ဒါကတော့ ပါးကိုက်လို့ နားကိုက်တယ်ဆိုတဲ့ အခြေခံ သဘောမျိုးပါပဲ။ လူတစ်ယောက်က တခြားတစ်ယောက်ကို သွားရန်စမိတယ်၊ ဒုတိယလူက ပထမလူကို ပြန်လက်စားချေရင်း လက်လွန်သွားတယ်၊ ဘယ်သူက အမှန်လဲ၊ ဘယ်သူက အမှားလဲ။ ပြန်လက်စားချေရင်း လက်လွန်သွားပေမယ့် ဒါကို အမှားလို့ ယူဆတဲ့သူ နည်းလိမ့်မယ်၊ သွားရန်စတာကိုး လို့ မှတ်ချက်ချတဲ့သူက များမလားမသိပါဘူး၊ ပြစ်မှုရဲ့အတိမ်အနက်ကို မကြည့်ဘဲ စသူနဲ့ တုံ့ပြန်သူကိုပဲ ကြည့်တဲ့အခါမှာ 'အမှား'ဆိုတဲ့ စကားလုံးအစား 'ဒီလိုဖြစ် တာအံ့ဩစရာမဟုတ်ပါဘူး' ဆိုတဲ့ စကားပဲ သုံးကြတာပေါ့။ ဒီအဖြစ်မျိုးကို အစုလိုက်အပြုံလိုက် အပြန်အလှန် သတ်ဖြတ်မှုတွေမှာ တွေ့ရတယ်၊ စစ်ပွဲတွေမှာ တွေ့ရတယ်။

http://www.cherrythitsar.org



**ဥပမာ (၅) အမှန် နဲ့ ရှုပ်ထွေးမှု**

ရှုပ်ထွေးတယ်ဆိုကတည်းက ကောက်ချက်ချလို့မရအောင် ဆုံး ဖြတ်ရခက်နေတယ်လို့ ယူဆလို့ သုံးနှုန်းတဲ့စကားပေါ့။ ပြဿနာ တစ်ခုကို အစရှာမရတဲ့အခါ ဘယ်သူမှားတယ်လို့ ထောက်ပြဖို့ ဘယ်သူမှ မရဲဝံ့ဘူး။ ဒီအခါမှာ 'ဒါကတော့ ငါတို့မမီအောင် ရှုပ်ထွေး လှပါတယ်'လို့ ပြောကြတာပါပဲ။

ဖြစ်နိုင်တာကတော့ ကမ္ဘာကြီးမှာရှိတဲ့ လူသားတွေရဲ့ အသံဟာ ပိုပိုတိုးတိမ်ပြီး ပိုပိုငြိမ်သက်လာခဲ့ပြီပဲ ထင်ပါရဲ့။

*Ref ;*

*- Why Nothing Is 'Wrong' Anymore by Meg Greenfield*

*- The Mammoth Book of How It Happened.*

*(Eleven News Vol:1/No:44, 26-6-2002)*

http://www.cherrythitsar.org



# Life & Living

# ဘဝ နှင့် ရှင်သန်မှုများ

**စိတ်နှလုံး မငြိမ်မသက်ဖြစ်ရမှုဟာ ဘဝရဲ့ သင်္ကေတပဲ။**

***Unrest of spirit is a mark of life.***

***Karl Menninger***
This week, october 16, 1958

**Eleven Media**

# အဲဒီလိုအခါမျိုးမှာ
# ဘဝကို ဘယ်လို တွယ်တာကြမလဲ



Eleven Media

http://www.cherrythitsar.org



လူသားတွေဟာ ဘေးဒုက္ခနဲ့ ကြုံတဲ့အခါ
မူလက အမှုမဲ့အမှတ်မဲ့နေမိတဲ့ "ဘဝအပေါ် တွယ်တာစိတ်"
ပိုပြီးပြင်းပြ ခိုင်မာလာလေ့ရှိတယ်
အဲဒီအခါမှာအရေးကြီးတယ်လို့ ယူဆရတဲ့အလုပ်ကို
လုပ်ဖြစ်သွားတယ်
ဘဝရဲ့ နေ့ရက်တိုင်းမှာ စက္ကန့်တိုင်းဟာ လူသားအတွက်
တန်ဖိုးရှိနေပါတော့တယ်

http://www.cherrythitsar.org



# အဲဒီလိုအခါမျိုးမှာ ဘဝကို ဘယ်လိုတွယ်တာကြမလဲ

၁၄ နိုဝင်ဘာ ၂၀၀၁ ... နံနက်။

ရုပ်မြင်သံကြားမှာ အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့သူ မြို့သားတွေရဲ့ ပျော်ရွှင်တောက်ပတဲ့ အပြုံးမျက်နှာတွေကို မြင်နေခဲ့ရပါတယ်။ မြို့သူမြို့သားဆိုတာထက် မြို့သားတွေလို့ ပြောရင် ပို သင့်တော် ပါလိမ့်မယ်။ ယောကျ်ားတွေချည်း မြင်နေရလို့ပါ။ လမ်းပေါ်မှာ ဂီတသံနဲ့ သီချင်းသံ မြိုင်ဆိုင်နေတာကို နောက်ခံအသံအဖြစ် ကြားနေခဲ့ရပါတယ်။ ၅နှစ်ကြာအောင် ပိတ်ပင်ခံထားရတဲ့ ဂီတရဲ့အသံကို ပထမဆုံးအကြိမ် ပြန်ကြားရခြင်းပါ လို့ အာဖဂန်ရောက် သတင်းထောက်က ပြောပြနေတဲ့အခါ ကြည့်နေသူတိုင်း တအံ့တသြ ပင့်သက်ရှိုက်မိကြမှာ အမှန်ပါပဲ။

ဒီလိုနေ့ရက်ကို သူတို့ စောင့်ခဲ့ကြရတာ ၅နှစ်တောင်ရှိခဲ့ပြီ။ ခုတော့ သူတို့အားလုံး ပေါ့ပါးလွတ်မြောက်လို့ ရယ်ကြမော

http://www.cherrythitsar.org



ကြနဲ့ ကဘူးလ်မြို့ဟာ ပြန်ပြီးအသက်ဝင်လာခဲ့ပြီပေါ့။ ရုပ်မြင်သံကြား ကင်မရာက ဆံသဆိုင်မှာ ဆံပင်ညှပ် မုတ်ဆိတ်ရိတ်နေတဲ့ လူငယ် တစ်ယောက်ကိုရိုက်နေတယ်။ ဒီဆံပင်နဲ့ မုတ်ဆိတ်ကို သူ ရိတ်ချင် နေတာ ၅နှစ်ရှိပြီ ဖြစ်မှာပေါ့။ အခုတော့ မျက်နှာအောက်ပိုင်းမှာ မုတ်ဆိတ်မရှိတော့ဘူး၊ ပြောင်ချောပြီး သေသပ်လှပသွားပြီ။ သူ့ လက် ဖဝါးနဲ့ သူ့မေးစေ့ ပါးပြင်တစ်ဝိုက်ကို ထိကိုင်ဖိပွတ်ပြီး ကျေကျေနပ်နပ် ပြုံးလိုက်တဲ့ မျက်နှာကဖြင့် တောက်ပနေတာပဲ။

အမျိုးသမီးတွေကိုတော့ လမ်းမပေါ်မှာ မမြင်ရသလောက်ပဲ။ ခေါင်းကနေ ခြေဖျားအထိ ဝတ်ရုံကြီးခြုံထားရတဲ့ အမျိုးသမီး တစ် ယောက်ဆီ ရုပ်မြင်သံကြားကင်မရာ ချဉ်းကပ်သွားတော့ အမျိုးသမီးက နောက်ဆုတ်ပြေးပါတယ်။ တစ်ယောက်ကတော့ အင်တာဗျူး အလုပ် ခံတယ်။ မိန်းမတွေ အလုပ်လုပ်ခွင့် ပိတ်ပင်ထားတဲ့အတွက် မိသားစု ငတ်မွတ်ပြီး သူတောင်းစားလိုဖြစ်ခဲ့ရတယ်တဲ့။ အခုတော့ မိန်းမတွေ အလုပ်ပြန်လုပ်ခွင့်ရတော့မှာမို့ သူတို့ ဝမ်းသာ တက်ကြွနေကြပါတယ်။

တာလီဘန်တွေ သိမ်းပိုက်ထားတဲ့ ဒီ ၅နှစ်မှာ သူတို့တွေရဲ့ ဘဝဟာ ရှင်လျက်နဲ့ သေနေကြမှာပဲ လို့ ကျွန်မတွေးမိပါတယ်။

ဒီ ၅နှစ်အတွင်းမှာ လူ့ဘဝမှာ အလိုအပ်ဆုံးဖြစ်တဲ့ ပျော်ရွှင်မှု တွေ မရဘဲ သူတို့ကိုယ်ပေါ်ကို ဖိထားတဲ့ အဆမတန် ဖိအားတွေနဲ့ သူတို့ဘယ်လိုများ ရှင်သန်ခဲ့ကြတာလဲ။

သူတို့မျက်မြင်သက်သေဖြစ်ခဲ့ရတဲ့ သူတို့ဆွေမျိုးသားချင်း မိတ်ဆွေသူငယ်ချင်းတွေရဲ့ မြေပေါ်ကျသွားတဲ့ သွေးစက်တွေ၊ သူတို့ ကိုယ်တိုင်ခံစားခဲ့ရတဲ့ ကိုယ်ဒဏ်ရာစိတ်ဒဏ်ရာ နာကျင်မှုဝေဒနာတွေ၊ ဒီဒုက္ခတွေနဲ့သူတို့ဟာ ဘဝကို ဘယ်လို ဖက်တွယ်ထားခဲ့နိုင်တာလဲ။

ဖိအားတွေအောက်မှာ နေထိုင်ရတယ်ဆိုတာ အလွန်ပင်ပန်း အားကုန်မှာပါ။ တောင့်ခံထားရလွန်းလို့ တင်းကျပ်တဲ့ အသွေးအသား အရိုးတွေ၊ အောင့်အည်းမျိုသိပ်ရလွန်းလို့ တင်းကျပ်နာကျင်တဲ့ စိတ် ဖိစီးမှုတွေ၊ ဒါတွေကို ကျော်လွန်ဖို့ စိတ်ကို ဆောက်တည်ယူရတာ ဘယ်လောက်များ ပင်ပန်းလိုက်မလဲ။

http://www.cherrythitsar.org



အခုရတဲ့ သူတို့ရဲ့ ငြိမ်းချမ်းမှုလေး ထာဝရတည်မြဲပါစေ လို့ ဆန္ဒပြုမိပါတယ်။

၁၄ နိုဝင်ဘာ ၂၀၀၁ ည ...။

မဖတ်ဖြစ်တာ ၅လလောက် ရှိသွားပြီဖြစ်တဲ့ Alain de Botton ရဲ့ စာအုပ်တစ်အုပ်ကို ဒီည သတိတရ ထုတ်ယူ ဖတ်လိုက်မိပါတယ်။ မနက်တုန်းက ကိုယ့်ဟာကိုယ် စိတ်ဝင်တစား မေးခဲ့မိတဲ့ မေးခွန်းရဲ့အဖြေဟာ ဒီစာအုပ်ထဲမှာ ရှိကောင်းရှိနိုင်တယ်လို့ သတိရမိလို့ပါ။ စာအုပ်နာမည်က How Proust Can Change Your Life တဲ့။ "ပရု(စ်)က သင့်ဘဝကို ဘယ်လိုပြောင်းလဲပေးနိုင်တယ်ဆိုတာ" လို့ ဘာသာပြန်နိုင်ပါလိမ့်မယ်။

ဒီစာအုပ်ဟာ ပြင်သစ်စာရေးဆရာကြီး မာဆယ်ပရု(စ်)(တ်) (Marcel Proust) ရဲ့နာမည်အကြီးဆုံး စာအုပ် A La recherche du temps perdu ကို ဖတ်ပြီး ပရု(စ်)(တ်)ရဲ့ ဘဝဒဿနအမြင်တွေကို မြည်းစမ်း လေ့လာထားတဲ့ စာအုပ်ပါ။ မာဆယ်ပရု(စ်)(တ်)ရဲ့ ပြင်သစ်ဝတ္ထုကြီးကို ပထမဆုံး အင်္ဂလိပ်ဘာသာပြန်တော့ ခေါင်းစဉ်က Remembrance of Things Past လို့ ပေးခဲ့တယ်။ အလန်ဒီ ဘော့တွန် ဖတ်တဲ့ စာအုပ်ကတော့ နောက်တစ်ကြိမ်ဘာသာပြန်ထားတဲ့ စာအုပ်ပါ။ အဲဒီ စာအုပ်နာမည်က In Search of Lost Time တဲ့။

မာဆယ်ပရု(စ်)(တ်)ရဲ့ ဘဝဟာ ကျွန်မတို့လို လူပြိန်းအမြင်နဲ့ ကြည့်ရင် အသက်ရှင်နေထိုင်မှုအရသာ အပြည့်မရနိုင်တဲ့ဘဝပါ။ သူဟာ သူ့ရဲ့နောက်ဆုံးအချိန်မရောက်မီ ၁၄နှစ်လုံးလုံး အိပ်ရာပေါ်မှာသာ နေထိုင် အသက်ရှင်ခဲ့ရတဲ့ ဝေဒနာသည်တစ်ယောက် ဖြစ်ခဲ့လို့ ပါပဲ။

၁၉၂၂ခုနှစ်မှာ ပါရီမြို့ထုတ် L'Intransigeant ဆိုတဲ့ သတင်းစာတစ်စောင်က အောက်ပါ မေးခွန်းတစ်ခုကို မေးထားပါတယ်။ (ဒီစာစောင်က နာမည်ကြီး ပုဂ္ဂိုလ်တွေကို ဖြေပေးဖို့ မေးခွန်းတွေ ထည့်ထည့်ပေးလေ့ရှိပါတယ်)

"အမေရိကန်သိပ္ပံပညာရှင်တစ်ယောက်က ကြေညာလိုက်သည်မှာ ကမ္ဘာကြီးအဆုံးသတ်တော့မည်။ သို့မဟုတ် အနည်းဆုံး

http://www.cherrythitsar.org



ကမ္ဘာကြီး၏ ကြီးမားသော အပိုင်းတစ်ခု ပျက်စီးရတော့မည်။ ထိုရက် တရက် အန္တရာယ်ဖြင့် လူသန်းပေါင်း ရာနှင့်ချီ၍ သေကြေပျက်စီး ကြရတော့မည်။ အကယ်၍ ထိုဟောကိန်းသည်သာ သေချာသွားပြီ ဆိုလျှင် လူသားတို့သည် သိလိုက်ရသည့် အချိန်မှ ကပ်သင့် သေဆုံးသွားသည့် အချိန်အတွင်း မည်ကဲ့သို့ တုံ့ပြန်ကြမည်ဟု သင်ထင်သလဲ။ သင့် အနေနှင့်ရော နောက်ဆုံးနာရီပိုင်းအချိန်တွင် သင်ဘာလုပ်မိမလဲ။"

အဲဒီမေးခွန်းကို ပထမဆုံးဖြေတဲ့ပုဂ္ဂိုလ်ကအဲဒီတုန်းက ထူးချွန် တဲ့သူ၊ အခုတော့ အမေ့ခံပုဂ္ဂိုလ်ဖြစ်နေသူ ဟင်နရီဘော်ဒိုပါ။ သူ့ အ ထင်တော့ "လူတွေဟာ အဲဒီသတင်းကို သိသိချင်း အနီးဆုံး ဘုရား ရှိခိုးကျောင်းထဲ ပြေးဝင်ချင်ဝင်၊ အဲဒီလိုမဟုတ်ရင်တော့ အနီးဆုံး အိပ် ခန်းထဲ ပြေးဝင်ကြမှာပဲ"တဲ့။ သူကိုယ်တိုင်ကတော့ အဲဒီလောက်ခွကျတဲ့ အလုပ်ကို လုပ်မိမှာမဟုတ်ဘူး။ သူကတော့ "အယ်လ်ပိုင်း တောင်တန်း တွေပေါ်က ကြည့်ရတဲ့ အံ့မခန်းမြင်ကွင်းကို မှင်တက်မိ မိန်းမောနိုင်ဖို့ တောင်တစ်ခုဆီကို တက်သွားမိမှာပဲ"လို့ ဖြေခဲ့ပါတယ်။ အဲဒီလိုပဲ နာမည်ကျော်ပုဂ္ဂိုလ်တွေဖြေကြတာ တစ်ယောက်က "လူသားတွေရဲ့ နှစ်ရှည်ကာလကြာ အကျိုးဆက်ဆိုတဲ့ တည်ရှိမှု ပျက်သုဉ်းသွားပြီဖြစ် လို့ အဲဒီအခါမှာ လူတွေဟာ တားမြစ်မှုတွေ စည်းမျဉ်းတွေမှန်သမျှ ချိုးဖျက်ကုန်ကြတော့မှာပဲ" လို့ ဖြေပါတယ်။ တစ်ယောက်ကတော့ တင်းနစ်၊ ဂေါ့ဖ်နဲ့ ဘရစ်ဂျ် ကစားနည်းတစ်ခုခုကို နောက်ဆုံးကစား မိမှာလို့ ဖြေပါတယ်။

မာဆယ်ပရု(စ်)(တ်)ကတော့ သူတို့နဲ့ နည်းနည်းကွဲပြား တယ်။ သူက အောက်ပါအတိုင်း လှမ်းရေးပြီး ဖြေခဲ့ပါတယ်။

"သင်ပြောတဲ့အတိုင်းသာ ဖြစ်တော့မယ်ဆိုရင် ကျုပ်တို့ လူသားတွေအတွက် ဘဝဟာရက်တရက် အံ့ဩချီးမွမ်းစရာအတိ ဖြစ်ကုန်ပါလိမ့်မယ်။ ကျုပ်တို့ရဲ့ဘဝမှာ စီမံကိန်းတွေ၊ ခရီးလှည့် လည်မှုတွေ၊ ချစ်မှုရေးရာတွေ၊ ပညာသင်ယူမှုတွေ ဘယ်လောက်များ များကို ကျုပ်တို့ရဲ့ ပျင်းရိလေးဖင့်မှုတွေနဲ့ ဖုံးကွယ် ပုန်းအောင်းထားခဲ့

http://www.cherrythitsar.org



သလဲ စဉ်းစားကြည့်ပေါ့။

"ဒါပေမယ့် အခုပြောတဲ့ဟောကိန်းကြီး ဘယ်တော့မှ မဖြစ်လာဘူးဆိုပါစို့၊ ဘဝဟာ ဘယ်လောက်များ ပြန်လည် လှပလာလိုက်လေမလဲ။ ဒီဘေးဆိုးကြီးသာ မရောက်လာဘူးဆိုရင် ကျုပ်တို့ဟာ လု(ဗ်)ပြတိုက်က ပြခန်းသစ်တွေကို သွားကြည့်ဖို့၊ ချစ်သူရှေ့မှောက် ဒူးထောက်ပြီးချစ်ရေးဆိုဖို့၊ အိန္ဒိယပြည်ကို ခရီးထွက်ဖို့ လုံးဝ မပျက်ကွက်တော့ပါဘူးလို့ ကိုယ့်ကိုယ်ကို ကတိပေးမိကြလိမ့်မယ်။

"ဘေးဆိုးကြီးလည်း ဖြစ်မလာဘူး၊ ကျုပ်တို့လည်း အဲဒါတွေ တစ်ခုမှ လုပ်ဖြစ်မှာ မဟုတ်ဘူး၊ ဘာကြောင့်လဲဆိုတော့ အမှုမဲ့ အမှတ်မဲ့ စိတ်က ဆန္ဒကို မှေးမှိန်အောင်လုပ်ပစ်နေတဲ့ နေ့စဉ်သာမန် လူနေမှု ဘဝထဲမှာ ကျုပ်တို့ ပြန်နစ်ကြရမှာမို့ပဲ။ တကယ်တော့ ဘေးဒုက္ခ ကပ်ဆိုးကြီးတွေ ကျရောက်မှ ကျုပ်တို့ဘဝကို တွယ်တာရမှာ မဟုတ်ပါဘူး။ ကျုပ်တို့က လူသားတွေ... ဒီတစ်ချက်နဲ့တင် ကျုပ်တို့ဟာ အချိန်မရွေး သေသွားနိုင်တာကို တွေးကြည့်နိုင်နေပြီပဲ။"

မာဆယ်ပရု(စ်)က အဲဒီလို ဖြေထားတာကို စာအုပ်ရဲ့ ပထမဆုံးအခန်းမှာ ဖတ်ရပါတယ်။

လူသားတွေဟာ ဘေးဒုက္ခနဲ့ ကြုံတဲ့အခါ မူလက အမှုမဲ့ အမှတ်မဲ့ နေမိတဲ့ "ဘဝအပေါ်တွယ်တာစိတ်" ပိုပြီး ပြင်းပြခိုင်မာလာလေ့ရှိတယ်။ အဲဒီအခါမှာ အရေးကြီးတယ်လို့ ယူဆရတဲ့ အလုပ်ကို လုပ်ဖြစ်သွားတယ်။ ဘဝရဲ့နေ့ရက်တိုင်းမှာ စက္ကန့်တိုင်းဟာ လူသားအတွက် တန်ဖိုးရှိနေပါတော့တယ်။ အလုံပိတ်အခန်းထဲ ရောက်တဲ့အခါကျမှ၊ အရင်လိုလေကို အလျှံပယ်၊ ရှူရှိုက်လို့မရမှန်း သိတော့မှ လေရဲ့ တန်ဖိုးကို သိသွားသလိုပါပဲ။

ဒါဖြင့် နေ့သေမလားညသေမလား ရင်တထိတ်ထိတ်နဲ့ မရဲတရဲ စောင့်နေရတဲ့ ကဘူးလ်မြို့သူမြို့သားတွေရဲ့ နေ့စဉ်ဘဝ အဓိပ္ပါယ်ဟာ ဘဝကိုအမှုမဲ့ အမှတ်မဲ့ ဖြတ်သန်းနေတဲ့ တခြားလူသားတွေထက် ပိုပြီး အနှစ်သာရရှိမှာပေါ့။ အချိန်မရွေး လည်ပင်းပြတ်သွားနိုင်၊ အချိန်မရွေး သေနတ်နဲ့ပစ်သတ်ခံရနိုင်တာကိုး။ အဲဒီလိုအခါမျိုးမှာ ဘဝကို

http://www.cherrythitsar.org



ဘယ်လို တွယ်တာရမယ်လို့ သူတို့ကို ဘယ်သူကမှ သင်ပေးတာ မဟုတ်ဘူး၊ သူတို့ ကိုယ်တိုင်ကြုံတွေ့ခံစားရတဲ့ ထိတ်လန့် ချောက်ချားမှု၊ နာကျင်မှု၊ သောက၊ မချိမဆံ့ဝေဒနာတွေက သင်ပေးခဲ့တာ ဖြစ်မှာပါ။

အစ္စလာမ်ဘာသာဝင်တွေရဲ့ ယုံကြည်မှု၊ ခရစ်ယာန်ဘာသာဝင်ရဲ့ ယုံကြည်မှု၊ ဗုဒ္ဓဘာသာဝင်ရဲ့ ယုံကြည်မှုစသည်ဖြင့် ယုံကြည်မှုတွေ အနည်းနဲ့အများ ကွဲလွဲကောင်း ကွဲလွဲနိုင်ပါတယ်။ ဒါပေမယ့် လူသားရယ်လို့ ဖြစ်လာရင် ကွေးသောလက် မဆန့်ခင် ဆန့်သောလက်မကွေးခင် သေဆုံးသွားနိုင်တယ်ဆိုတဲ့အချက်ကိုတော့ အားလုံးအတူတူ လက်ခံထားကြတာချည်းပါပဲ။ သေခြင်းတရားဟာ ကိုယ့်ဆီကို အခုညနေမှာပဲ ရောက်လာနိုင်တယ်။ ဒါကို လူသားအားလုံး လက်ခံ ပြီးသားပါ။ မေ့လျော့ထားတာတစ်ခုပါပဲ။ အဲဒီမေ့လျော့မှုကို ပယ် ဖျက်ပေးနိုင်တာက ဘေးဒုက္ခကပ်ဆိုးဖြစ်တယ်။

ဒါကြောင့်သူတို့တွေဟာ ခြေတစ်လှမ်းတိုင်းတစ်လှမ်းတိုင်းရဲ့ အဓိပ္ပါယ်နဲ့ အနှစ်သာရကို ခံစားကြလိမ့်မယ် ချီးမွမ်းကြ လိမ့်မယ်၊ ရေစက်ရေပေါက်တစ်ခုချင်းရဲ့ အေးမြမှုကို အဓိပ္ပါယ်ရှိရှိ ခံစားနိုင်ကြလိမ့်မယ်။ ချစ်ခြင်းမေတ္တာရဲ့ နွေးထွေးမှု၊ နေရောင်ခြည် ရဲ့နွေးထွေးမှုကို အသိတရားနဲ့ ခံယူကြလိမ့်မယ်။ ထမင်းတစ်လုပ် ပေါင်မုန့်တစ်ယှက်ဟာ အဓိပ္ပါယ်တွေ အများကြီးဆောင်လိမ့်မယ်။ ဂီတဟာ သူတို့ ရင်ထဲ မှာ ပြည့်ဝစွာ ပျော်ဝင်နေခဲ့လိမ့်မယ်။

ဒါဖြင့် သူတို့ခံစားနေရတဲ့ နာကျင်မှုကရော…။

နာကျင်မှုအတွက်လည်း မာဆယ်ပရု(စ်)(တ်)က ကျွန်မကို အဖြေ ပေးသွားခဲ့ပြီးသားပါ။

"ပျော်ရွှင်မှုဟာ ကိုယ်ခန္ဓာအတွက် ကောင်းပါတယ်၊ ဒါပေမယ့် စိတ်ရဲ့ခွန်အားကို ကြီးထွားဖွံ့ဖြိုးစေတာကတော့ သောကပဲ ဖြစ်တယ်" တဲ့။

ဉာဏ်ပညာကို ကျွန်မတို့ကို ဘယ်သူကမှ သင်ပေးလို့မရ၊ ဘယ်သူကမှ တာဝန်ယူမပေးတဲ့ နာကျင်ဖွယ်ခရီးကို ကိုယ်ကိုယ် တိုင်

http://www.cherrythitsar.org



သွားခြင်းအားဖြင့်သာ ဉာဏ်ပညာကို ကျွန်မတို့ ရှာဖွေတွေ့ရှိ နိုင်မယ်လို့ ပရု(စ်)က ဆိုပါတယ်။

နာကျင်မှုကသာလျှင် သင်ကြားပေးသူ... ဘာကြောင့် ဖြစ်ရတာလဲ။

ကျွန်မတို့ချစ်မြတ်နိုးသူတိုင်းက ကျွန်မတို့အပေါ် သစ္စာစောင့်သိသူချည်း ဖြစ်နေမယ်ဆိုရင် လူသားသစ္စာပျက်ယွင်းမှုဆိုတဲ့ အားပြင်းလှတဲ့ အဖြစ်အပျက်ကို ဘာလို့ အချိန်ပေး စဉ်းစားနေစရာလိုသလဲ။ ကျွန်မတို့အားလုံးဟာ လေးစားမှုတွေနဲ့ချည်း ကြုံတွေ့ရမယ်ဆိုရင် လူမှုဘဝမှာ သရော်နှိမ့်ချမှုကို စုံစမ်းလေ့လာကြည့်ဖို့ ဘယ်အရာက တွန်းအားပေးတော့မှာလဲ။ သောကနဲ့ နာကျည်းမှုတွေထဲ ထိုးနှစ်ခံလိုက်ရမှသာလျှင် ရင်ဆိုင်ဖို့ ခက်ခဲလှတဲ့ လူ့ဘဝရဲ့ အမှန်တရားကို ရင်ဆိုင်တတ်ကြမှာ မဟုတ်လား။

နာကျင်မှုမရှိဘူးဆိုရင် ဘဝကို ရင်ဆိုင်ဖို့ အရေးကြီးလှတဲ့ တွန်းအားအရင်းအမြစ်မရှိသလို ဖြစ်သွားမှာပေါ့။

ဒီလိုဆိုတော့လည်း နားလည်ဖို့ မခက်ခဲတော့ပါဘူး။

မာဆယ်ပရု(စ်)ရဲ့ ဒဿနအရ နာကျင်မှုတွေ ဖိအားတွေက သူတို့ရဲ့ ဘဝအဓိပ္ပါယ်ကို ပိုပြီး လေးနက်စေ၊ ပိုပြီး ပြင်းပြစေတော့တာပေါ့။ ဖိအားတွေအောက်မှာ အသက်ရှင်နေထိုင်ရတာဟာ လူသားတွေကို ပိုပြီးတော့တောင် ခွန်အားရှိစေတယ်ဆိုရင် ကျွန်မတို့ဟာ မကြိုဆိုဘဲနဲ့ရောက်လာတဲ့ ဒီဖိအားကို ဘာကြောင့် ရဲရင့်စွာ လက်မခံနိုင်ရမလဲ။

ကိုယ်ရင်ဆိုင်ရတဲ့ဘဝ အဓိပ္ပါယ်ကို စက္ကန့်တိုင်း အသိတရားရှိရှိ နှလုံးသွင်းခြင်းအားဖြင့်သာလျှင် ဘဝကို တွယ်တာတတ်သူ ဖြစ်ပါ လိမ့်မယ်။

*Ref:*
*- How Proust Can Change Your life - by Alain de Botton*

*(Eleven News Vol:1/No:3, 25-11-2001)*

http://www.cherrythitsar.org



# ကြာပွင့် စားသူများ



Eleven Media

http://www.cherrythitsar.org



အရင်ခေတ်ကလူတွေထက် သည်ခေတ်လူတွေက
သုခဘုံအတု ပိုပြီးလိုလေသလားမသိ
နေရာတကာမှာ ယစ်မူးမှုအမျိုးမျိုးဖြင့် လူတွေဘဝမေ့ဖို့
ကြိုးစားနေတာကို မြင်မြင်နေရသည်
တချို့နည်းက အန္တရာယ်ကြီး၏
သူတို့က စွန့်စားရတာကို ကြိုက်ဟန်တူပါသည်

http://www.cherrythitsar.org



# ကြာပွင့်စားသူများ

'အိုဒက်ဆီ'တွင် ဟိုးမားရေးထားသည့် ' ကြာပွင့်စားသူများ ' အကြောင်းကို ဖတ်ရသည့်အခါ ကျွန်မရင်ထဲမှာ တမ်းတမှုတစ်ခု ဖြစ် ပေါ်ခဲ့၏။ ကျွန်မလည်း ကြာပွင့်တွေ စားချင်လိုက်တာ။

ဟိုးမား၏ ' ကြာပွင့်စားသူများ 'သည် ပင်လယ်ပြင်ထဲက ကျွန်း ကလေးတစ်ကျွန်းတွင် နေထိုင်သည်။ ဟိုးမား၏ သင်္ဘော ထိုကျွန်းသို့ ဆိုက်ကပ်မိသောအခါ ကျွန်းသူ ကျွန်းသားများသည် ဘယ်လို လူ သတ္တဝါမျိုးလဲ၊ ရန်ပြုမှာလား၊ ရိုင်းစိုင်းသလားစသဖြင့် မသိရသေးသောကြောင့် စာရေးသူက သင်္ဘောသား နှစ်ယောက်သုံး ယောက်ကိုလွှတ်ပြီး စနည်းနာ စုံစမ်းခိုင်းသည်။ ပြန်မလာ။ နောက်ထပ် လူတွေ ထပ်လွှတ်သည်။ ပြန်မလာ။ သတင်းလည်း ပြန်မပို့။ တကယ်တော့ သင်္ဘောသားတွေကို ကျွန်းသူကျွန်းသားများက အန္တရာယ်ပြုတာမဟုတ်။ ကြာပွင့်များကိုကျွေးပြီး ဧည့်ဝတ်ကျေပွန်စွာ ပြုစုနေကြခြင်း သာဖြစ်သည်။ သူတို့ကျွေးသော ကြာပွင့်ကြာဆံတို့၏

http://www.cherrythitsar.org



ချိုမြသည့် ဝတ်ရည်များကို စားသုံးကာ သင်္ဘောသားများ ယစ်မူး ချမ်းမြေ့ကြ သည်။ သင်္ဘောဆီသို့ မပြန်လို၊ ဘာသတင်းမှလည်းပြန် မပို့လို၊ သူတို့ ရောက်သည့်နေရာမှာပဲ သူတို့စိတ်ချမ်းမြေ့သည်။ သူတို့မှာ အတိတ် မရှိ၊ သူတို့မှာ အနာဂတ်မရှိ။ ကြာပွင့်များဖြင့် မိန်းမူးစွာ သူတို့ နှစ်သိမ့်ကျေနပ်ခဲ့ကြသည်။

ကျွန်မစဉ်းစားကြည့်သည်။ အဲသည်လူတွေ ဘယ်အချိန်ကျမှ သူတို့ဘဝကို သူတို့ ပြန်သွားချင်လာကြမှာလဲ။ ကြာပွင့်တွေ၏ အာနိသင် ကုန်သွားမှလား။ သို့မဟုတ် တစ်သက်လုံး မိန်းမောယစ်မူး နေမလား။ အိုဒက်ဆီမှာတော့ သင်္ဘောသားတွေကို ဖွတ်ဆွဲခေါ်ပြီး အခွံသက်သက် သင်္ဘောကြီးဆီ ပြန်ခေါ်လှော်ခတ်ခိုင်းရသည်ဟု ဆိုပါသည်။

ကျွန်မ ကြာပွင့်တွေ စားချင်သည်။

လောက၏ဝန်ထုပ်ဝန်ပိုးတွေ၊ ဖိစီးမှုတွေ၊ တွန်းအားတွေများလွန်းသည့် ကျွန်မလိုဘဝတူတွေ ကြာပွင့်တွေတော့ စားကြရမှာ မဟုတ်။ သို့သော် သူတို့မှာလည်း သူတို့ ယစ်မူးမိန်းမောရမည့် အရသာကိုယ်စီကို ရှာဖွေစားနေကြတာ ကျွန်မအမြင်ပါပဲ။

တချို့က ကော်ဖီဖြင့် ယစ်မူးသည်။ တချို့က ဘီယာဖြင့် ယစ်မူးသည်။ တချို့က ကွမ်းယာဖြင့် ယစ်မူးသည်။ ဂျပန်တွေက ဟင်းအဖြစ်လည်း ချက်စားလို့ရသော ငါး သို့မဟုတ် မှိုဖြင့် ယစ်မူးသည်ဟု ကြားဖူးပါသည်။ ကျွန်မ ငယ်ငယ်က မှိုကြက်တောင်ဟု ခေါ်သော မှိုတစ်မျိုးကို မီးကင်ပြီး စားဖူးသည်။ တော်တော် ရှားပါးသည့် မှိုဖြစ်သဖြင့် နေ့စဉ်မှိုရှာပေမယ့် တစ်ပတ်လောက်ကြာမှ တစ်ပင်ပဲ တွေ့ချင်တွေ့တတ်သည်။ ခပ်ရှည်လျားလျား၊ သူများမှိုလို ထီးကားကား ဝိုင်းဝိုင်းပြန့်ပြန့်မဟုတ်။ ရိုးတံသာသာပဲ ခပ်ဖောင်းဖောင်းလေး လုံးနေသော ထိပ်ရှိသည်။ ထိုမှိုကိုမီးကင်ပြီး ကျွန်မတို့ ကလေးတစ်တွေ ဆားလေးဖြူးကာ ဝေမျှစားကြရ၏။ စားပြီးသည့်အခါ အိမ်ရှေ့ ကွပ်ပျစ်လေးပေါ် ပက်လက်လှန်ကာ မိုးကောင်းကင်က တိမ်တွေ တရိပ်ရိပ်ပြေးတာ စောင့်ကြည့်ရတာ အလွန်အရသာရှိသည်။ မှိုက ချိုလွန်း ဆိမ့်လွန်းသဖြင့် ယစ်မူး

http://www.cherrythitsar.org



ကျေနပ်ကြရခြင်း ဖြစ်မည်ဟု ကလေးအတွေးဖြင့် ယူဆခဲ့၏။

တကယ်တော့ ကျွန်မတို့ ကလေးတစ်သိုက် သုခဘုံတစ်ခု ဆီသို့ အလည်သွားခဲ့ကြခြင်းဖြစ်သည်။ ထိုအချိန်မှာ မေမေဆူမှာလည်း မကြောက်။ မနက်ဖြန်စာမရလို့ ဆရာရိုက်မှာလည်း မကြောက်။ မနက်က စဉ့်အိုးတစ်အိုးအပြည့် ရေခပ်ခဲ့ရသည့် လက်ဖဝါးတွေလည်း သိပ်မနာတော့သလို ထင်ရသည်။ တော်တော်ကောင်းတဲ့ မှိုပဲ။ နေ့စဉ် ရှာမတွေ့တာ နာတာပဲ... ဟု ရေရွတ် တမ်းတခဲ့မိသည်။

ကျွန်မ သေချာ စဉ်းစားမကြည့်မိလို့ပါ။ ကျွန်မမှာ ယစ်မူး သာယာမှုတစ်ခုမဟုတ် တစ်ခုတော့ အမြဲရှိနေခဲ့သည်။ ထန်းသီးဆံ နုနုလေးတွေကို စားဖူးသည်။ ပေသီးနုနုလေးတွေ စားကြည့်ဖူးသည်။ ကြာခွက်ဟုခေါ်သော အစိမ်းရောင်အထုပ်ကလေးထဲမှ ကြာစေ့ အစိမ်းနု အဆံလေးတွေထုတ်ယူပြီး အတွင်းက အနှစ်ကို စားဖူးသည်။ အဲဒါက ကလေးဘဝတုန်းကပေါ့။ ဆယ်ကျော်သက် အရွယ်မှာတော့ မြန်မာ ပီပီ ကွမ်းယာကို တစ်ခါမြည်းကြည့်ဖူးသည်။ ဆေးရွက်ကြီး ပါသွား သဖြင့် မူးဝေသွားခဲ့သည်။

အခုအခါမှာတော့ ကျွန်မ၏ ယစ်မူးမှုက ရသအမျိုးအစား ပြောင်းသွားသည်။ အစားအသောက်ဖြင့် ယစ်မူးခြင်းမဟုတ်တော့ဘဲ ဒြပ်မဲ့အရာများဖြင့် ယစ်မူးလာသည်။ ကဗျာဖြင့် ယစ်မူး၏။ ရုပ်ရှင်ဖြင့် ယစ်မူး၏။ ဂီတဖြင့် ယစ်မူး၏။ ကဗျာ ၊ရုပ်ရှင်နှင့် ဂီတသည် လူတချို့ အတွက်တော့ တဒင်္ဂစိတ်ချမ်းမြေ့မှုဆီသို့ အရောက်ပို့ပေးမည့်ယာဉ်များ ဖြစ်ကြသည်။

လူတိုင်းလူတိုင်းသည် ယစ်မူးမှု အမျိုးမျိုးကို မြည်းစမ်းဖူးသူ တွေချည်း ဖြစ်မလား ဟု ကျွန်မတွေးမိသည်။ ရာသီဥတု၏ဖိနှိပ်မှု ဒဏ်၊ လူမှုပတ်ဝန်းကျင်၏ ဖိနှိပ်မှုဒဏ်၊ စီးပွားရေးကြပ်တည်းမှုဒဏ်၊ ထွက်ပေါက်မဲ့ မျှော်လင့်ချက်မဲ့ မွန်းကြပ်မှုဒဏ်၊ ဒဏ်ရာ ဒဏ်ချက် အားလုံးမှာ နာကျင်စေချည်းပဲဖြစ်သည်။ ထိုနာကျင်မှုတွေကို ကုသဖို့ ဘာလိုသလဲ ဟု တွေးကြည့်သည်။ ငွေလိုသလား။ ငွေလိုတာတော့ မှန်၏။ ငွေသည် အရာတော်တော်များများကို ပြီးမြောက်စေသည်

http://www.cherrythitsar.org



မဟုတ်လား။ သို့သော် ငွေဖြင့် ကုသလို့ရသည့် ဒဏ်ရာတော်တော်များများအတွက်ပင်လျှင် ကျွန်မတို့မှာ လုံလောက်သည့်ငွေမရှိ။ ထို့ထက်ပိုဆိုးသည်မှာ ငွေဖြင့် ကုလို့မရသည့် ဘဝဒဏ်ရာတွေ လူတိုင်းမှာ ရှိသည်။ ထိုဒဏ်ရာများကိုတော့ တစ်ခုခုကို ယစ်မူးခြင်းနှင့်သာ ကုသနိုင်ပါလိမ့်မည်။

ထိုယစ်မူးမှုမျိုးကို နာမည်အမျိုးမျိုးတပ်ကြသည်။ အိပ်မက်ဟု တစ်ချို့က နာမည်ပေးသည်။ တစ်ချို့က စိတ်ထွက်ပေါက် ဟု နာမည်ပေးသည်။ ကမ္ဘာကျော် ပြင်သစ်ကဗျာဆရာကြီး ရှားလ်ဘို့ဒ်လဲ(ရ်) (Charles Baudelaire) ကတော့ သုခဘုံအတု (Artificial Paradise) ဟု နာမည်ပေးခဲ့ပါသည်။

သုခဘုံအတုကိုဖန်တီးရာ၌ အစွမ်းအထက်ဆုံး အာနိသင်ကို ပေးနိုင်သည့်အရာမှာ ကြာပွင့်တွေလား။ ဟိုလ်ဒါလင်၏ ကဗျာထဲက မေ့စေသောမြစ်(လီသီမြစ်)၏ ရေလား။ တံတားဦးက ကွမ်းနဝါနှင့် ငန်းမြာကဆေးလား သို့မဟုတ် ဘရန်း၏ ဂီတလား၊ နန်းတော်ရှေ့ဆရာတင်၏ သူဌေးဝါဒ သီချင်းလား။ ဖြစ်နိုင်လျှင် သေချာအောင် ထိုအရာအားလုံးကို မြည်းစမ်းလိုက်ချင်ပါသည်။ ဒေါသတွေကို မေ့ဖို့၊ နာကျင်မှုတွေကို မေ့ဖို့၊ ဒဏ်ရာတွေကို ဆေးကြောဖို့ ဖြစ်သည်။

အီဗာဘာယ်အာယန်ဒေး၏ စာအုပ်တစ်အုပ်မှာ အစားအသောက် နှင့် ပတ်သက်ပြီး ယစ်မူးမှုရယူနိုင်အောင် ဘယ်လိုပြင်ဆင်မလဲ။ ချစ်ခြင်းမေတ္တာကို ရအောင်၊ ချစ်ရမွှက်ကိုရအောင်၊ ဘယ်အသီးအရွက်၊ ဘယ်လိုအရောင်၊ ဘယ်လိုအရသာကို ဘယ်လိုပြင်ဆင်မလဲဟု စနစ် တကျ ရေးထားသည်။ ဖတ်လို့ အလွန်ကောင်းပါသည်။ ဒါလည်း သုခဘုံအတုတစ်ခုကို ပြင်ဆင်ခြင်းပဲ ဖြစ်လိမ့်မည်။

တချို့က ဘောလုံးပွဲတွေကိုကြည့်သည်။ ဘောလုံးပွဲတစ်ပွဲစာတော့ သူတို့ယစ်မူးခွင့်ရလိမ့်မည်။ ဒါလည်း တစ်နည်းတော့ သုခဘုံအတုပဲဖြစ်မလားမသိပါ။ ဘို့ဒ်လဲ(ရ်)စမ်းသပ်ခဲ့သည့် သုခဘုံအတုက ယစ်မူးစေတတ်သော အပင်တစ်ခုဖြင့် ဖော်စပ်ထားသော အစား

http://www.cherrythitsar.org



အသောက်တစ်ခုဖြစ်သည်။ ထို့ကြောင့် အာရုံကြောကို ပြေလျော့စေသည်။ ပျော်ရွှင်စေသည်။ ယစ်မူးစေသည်။ ကလေးတစ်ယောက်လို လွတ်လပ် ပေါ့ပါးစေသည်ဟု ဆိုပါသည်။

ကင်းဒမ်းဝါ့(ဒ်)ဟူသော ရုက္ခဗေဒပညာရှင်ကြီး တစ်ယောက်၏ ခါကာဘိုရာဇီသွား တောလားမှတ်တမ်းတွင် ကျွန်မဖတ်လိုက်ရတာကတော့ သူ့အထမ်းသမားအချို့ အသီးတစ်မျိုးကိုစားပြီး မူးဝေမိန်းမောကုန်ကြသည်ဟု ဆိုသည်။ သဘာဝတရားကြီးသည် ဒုက္ခဆင်းရဲမှုတွေ များလှသော လူသားတွေအတွက် သက်သာရာရအောင် တစ်ခုမဟုတ် တစ်ခုတော့ ဖြေဆေးလေးတွေ ပေးထားသားပဲ... ဟု ကျွန်မတွေးမိ၏။

အရင်ခေတ်က လူတွေထက် သည်ခေတ်လူတွေက သုခဘုံအတု ပိုပြီးလိုလေသလားမသိ။ နေရာတကာမှာ ယစ်မူးမှုအမျိုးမျိုးဖြင့် လူတွေဘဝမေ့ဖို့ ကြိုးစားနေတာကို မြင်မြင်နေရသည်။ တချို့နည်းက အန္တရာယ်ကြီး၏။ သူတို့က စွန့်စားရတာကို ကြိုက်ဟန်တူပါသည်။

ကျွန်မအတွက်ကတော့ ဟိုးမား၏ကြာပွင့်ကို လက်လှမ်းမမီ၊ ဝိုင်ကိုကြိုက်သော်လည်း သိပ်မတည့်။ ထို့ကြောင့် ဂျွန်လင်နွန်၏ Imagine သီချင်းဖြင့် ယစ်မူးသည့်အခါလည်းရှိ၊ ရူဝံ၏မာလာဝတ္ထုဖြင့် ယစ်မူးသည့်အခါလည်းရှိ၊ ရော်ဘင်ဝီလျမ်(စ်) သရုပ်ဆောင်သော Jakob the Liar ရုပ်ရှင်ဖြင့် ယစ်မူးမိသောအခါတွေလည်း ရှိသည်။ သိပ်မဆိုးလှပါ။

သုခဘုံအစစ်ကို မရနိုင်သည့်အခါ အတုကလည်း တော်တော် အလုပ်ဖြစ်ပါသည်။

*Ref :*

- *The Odyssey by Homer,*
- *Artificial Paradise by Charles Baudelaire*

*(Eleven News Vol:1/No:25, 12-5-2002)*

# အစွဲမြင် နေထိုင်ကြသူများ




Eleven Media

http://www.cherrythitsar.org



ကျွန်မတို့ဘဝမှာ တစ်ခုခုကို
စွဲစွဲလမ်းလမ်း အလေးထားမိဖို့လိုလို့ အလေးထားကြတာပဲ
တစ်ခုခုကို စွဲလမ်းမိတဲ့အခါ ကျွန်မတို့နေထိုင်ရာကမ္ဘာကြီးဟာ
ကိုယ်လက်လှမ်းမီနိုင်၊ အုပ်ချုပ်နိုင်တဲ့အရွယ်အစား ဖြစ်သွားသလိုပဲ
ကြီးမားကျယ်ဝန်းပြီး ဟာလာဟင်းလင်းဖြစ်နေတယ်လို့
မထင်ရတော့ဘူး
ကိုယ်လုပ်ရင် ဖြစ်နိုင်တဲ့ အရာတွေနဲ့ ပြည့်နေတယ် . . . လို့
ထင်လာမိစေတယ်

http://www.cherrythitsar.org



# အစွဲဖြင့် နေထိုင်ကြသူများ

ကျွန်မမှာ သိပ်မသိသာသော အစွဲအလေ့တစ်ခုရှိသည်။ ကျွန်မ တစ်နေရာရာသို့ သွားတော့မည်ဟု အခန်းတံခါးကိုပိတ်ပြီး သော့ ခတ်တော့မည်ပြုတိုင်း ကျွန်မအိတ်ထဲမှာ သော့ပါရဲ့လားဟု ခဏခဏ စစ်ဆေးမိခြင်းဖြစ်သည်။ အခန်းထဲကနေ မထွက်ခင် ကလည်း အိတ်ထဲမှာ စစ်ဆေးစမ်းသပ်ပြီးသား။ ဒါပေမယ့် အခန်းပြင် ရောက် တော့လည်းတံခါးကို ဆွဲမပိတ်မီ၊ သော့ခလောက်တွေကို မောင်းမချမီ အိတ်ထဲသို့ နောက်တစ်ခါ စစ်ဆေးမိပြန်၏။ သော့တွဲကို စမ်းမိရုံနှင့် အားမရ၊ အိတ်အပြင်သို့ ဆွဲထုတ်ပြီး သည်သော့တွဲ ဟုတ်ရဲ့လား...ဟု မျက်စိနှင့် သေသေချာချာကြည့်ပြီး စိတ်ချရမှ တံခါးကိုဆွဲပိတ်၊ သော့ အထပ်ထပ်ကိုပိတ်ရသည်။

ဒါ...သိပ်တော့ မဟုတ်တော့ဘူး၊ ကျွန်မသိသည်။ စိတ်ရောဂါ ဟု နာမည်တပ်လို့မရနိုင်ရုံ အနုစား စိတ်အခြေအနေတစ်ခု ဖြစ်သည်။ ဆေးစိတ်ပညာဝေါဟာရဖြင့် ဆိုလျှင် ထိုအစွဲကို Obsessional Neurosis စိတ်ရောဂါ၏ အမျိုးအစားတစ်ခု Obsessive Compulsive Action ဟု ခေါ်ပါသည်။

http://www.cherrythitsar.org



သို့သော် စိတ်ရောဂါအခြေအနေဟု ပြောလို့မရသော အခြားစွဲလမ်းမှုတွေက ပိုပြီး စိတ်ဝင်စားစရာ ကောင်းသလို နားလည်ရလည်း ပိုခက်ပါသည်။

အင်္ဂလိပ်စာရေးဆရာ John Fowles ရေးသော The Collector ဟူသော ဝတ္ထုတစ်ပုဒ်တွင် ဇာတ်လိုက်သည် မိန်းမချောလေးတွေကို လိပ်ပြာများ တံဆိပ်ခေါင်းများ စုဆောင်းသလိုပင် စုဆောင်းသော ထူးဆန်းသည့် အစွဲပိုင်ရှင်တစ်ယောက်ဖြစ်သည်။ စာရေးဆရာမ Susan Orlean ၏ The Orchid Thief စာအုပ်တွင် ဇာတ်ကောင်သည် အစွဲ အလန်းကို တစ်ခုပြီးတစ်ခုယိမ်းယိုင် ပြောင်းသွားရာ လိပ်တွေနှင့် ပတ် သက်သည့်အစွဲ၊ ရေခဲခေတ် ရှေးနှစ်သန်းပေါင်းများစွာက ကျောက်ဖြစ် ရုပ်ကြွင်းတွေနှင့် ပတ်သက်သည့်အစွဲ၊ ထိုမှတဆင့် သစ်ခွများဆီသို့ ကူးသွား၏။ ထို့အတူပင် ဖိလစ်ပိုင်သမ္မတကတော်ဟောင်း အီမယ်လ် ဒါ၏ ဖိနပ်များကလည်း တော်တော်ထူးဆန်းသော ကိစ္စဖြစ်သည်။ ဖိနပ်တွေကို ထောင်နှင့်ချီပြီးများပြားစွာ ပိုင်ဆိုင်ထားသည်မှာ သာမန်မှ လွန်ကဲသော စိတ်ဖြစ်သည်။ အတ္တကြီးသူဟု ပြောရမလား၊ ပိုင်ဆိုင် ရက်လေခြင်းဟု အံ့သြရမလားမသိ။ ရိုမေးနီးယား အာဏာရှင် နီကို လေချောင်ဆက်စ်စကူးနေထိုင်ခဲ့သော နန်းတော်ကို သိမ်းယူပြီးနောက် နန်းတွင်းမှာ မြင်တွေ့ရသမျှ ရွှေငွေ စိန်ထည်အသုံးအဆောင်ပစ္စည်းများ မှာ ငတ်မွတ်နေသော ပြည်သူတို့ဘဝနှင့် လဲယူထားသော အရာများပဲ ဖြစ်သည်။ ချောင်ဆက်စ်စကူး၏ ဇနီးအယ်လီနာသည်လည်း အီမယ်လ် ဒါလိုပင် စိန်စီသည့် ဖိနပ်တွေ သားမွေးကုတ်အင်္ကျီတွေ များပြားလှစွာ ပိုင်ဆိုင်ရက်သူဖြစ်သည်။ ထိုစုဆောင်းမှုများကို ကျွန်မဘယ်လို နား လည် ရပါ့မလဲ။

သည့်ထက်ပိုပြီး ကြောက်စရာကောင်းသည့်အစွဲအပြုအမူတွေ ရှိသေးသည်။

ဒုတိယကမ္ဘာစစ်တုန်းက ဂျူးလူမျိုးတွေနှင့် ပတ်သက်သည့် သူ့အစွဲကို ရက်စက်စွာ အကောင်အထည်ဖော်ခဲ့သည့် ဟစ်တလာကို

http://www.cherrythitsar.org



စိတ်ရောဂါရှင်ဟု သတ်မှတ်ရမလား။ အမေရိကန်ပြည်ထောင်စုတွင် လူမည်းများကို ဆန့်ကျင်ပြီး နှိမ်နင်းသတ်ဖြတ်ခဲ့သည့် ကေသုံးလုံး ဂိုဏ်းသားများ၏ အစွဲအပြုအမူတွေကလည်း ကျွန်မနားလည်ခံစား နိုင်သည်ထက် လွန်နေခဲ့သည်။

ကျွန်မ လိုက်မီသလောက် တွေးကြည့်အခါ အစွဲ၏ အဆင့် အမျိုးမျိုးကို ခွဲခြားမိသွားသည်။ တချို့အစွဲတွေက လူထုအတွက် အန္တရာယ်ကြီးသည်။ ဟစ်တလာ၏ ဂျူးမုန်းတီးမှုအစွဲ၊ ကေသုံးလုံး၏ လူမည်း မုန်းတီးနှိမ်နင်းရေးအစွဲ၊ အိုစမာဘင်လာဒင်၏ အမေရိကန် မုန်းတီးမှု အစွဲ၊ ထိုအစွဲများကို အကောင်အထည်ဖော်သောအခါ လူ့ အသက် ပေါင်းများစွာ သေဆုံးပျက်စီးရသည်။

တချို့သောအစွဲတွေက စွဲလမ်းသူကိုယ်တိုင်အတွက် အန္တရာယ် ကြီးသည်။ ဥပမာ မိုဘီဒစ် (Moby Dick) ဝတ္ထုမှ ကပ္ပတိန် အာ ဟက်၏ ဝေလငါးကြီးအပေါ် အညှိုးအစွဲ၊ ဂျီဒီဖော့စတာကို စွဲလမ်း စိတ်က တွန်းပို့သဖြင့် သမ္မတရေဂင်ကို သေနတ်ဖြင့် လုပ်ကြံခဲ့သော ဂျွန်ဟင့်(ခ်)လေ၏ အစွဲ။

စိတ်ပညာရှင်တွေကပြောသည်။ အစွဲအလမ်း ဆိုသည်မှာ ကြီးပြင်းရင့်ကျက်ရာတွင် ပါဝင်ပတ်သက်နေသော သာမန်အစိတ်အ ပိုင်းတစ်ခုဖြစ်သည်ဟူ၏။ ပထမဦးဆုံး ကျွန်မတို့သည် ကလေးဘဝ တွင်အရုပ်ကလေးတွေကိုစွဲလမ်းသည်။ တချို့ကတော့အားကစား ပ စ္စည်းတွေကိုပေါ့။ ထို့နောက် ကျွန်မတို့၏အစွဲသည် နိုင်ငံရေး စ နစ်များ၊ဘာသာရေးများ၊သဘောတရားများဆီသို့မြင့်တက်သွားသည်။

ဆူဆန်အော်လင်းသည် အစွဲသဘောကို ကျိုးကြောင်း ညီညွတ်စွာ မှတ်ချက်ချဖူး၏။

'ကျွန်မတို့ဘဝမှာ တစ်ခုခုကို စွဲစွဲလမ်းလမ်း အလေးထားမိ ဖို့လိုလို့ အလေးထားကြတာပဲ၊ တစ်ခုခုကို စွဲလမ်းမိတဲ့အခါ ကျွန်မတို့ နေထိုင်ရာ ကမ္ဘာကြီးဟာ ကိုယ်လက်လှမ်းမီနိုင်၊ အုပ်ချုပ်နိုင်တဲ့ အရွယ် အစား ဖြစ်သွားသလိုပဲ။ ကြီးမားကျယ်ဝန်းပြီး ဟာလာဟင်းလင်း ဖြစ်နေတယ်လို့ မထင်ရတော့ဘူး၊ ကိုယ်လုပ်ရင်ဖြစ်နိုင်တဲ့ အရာတွေနဲ့

http://www.cherrythitsar.org



ပြည့်နေတယ်...လို့ ထင်လာမိစေတယ်’

အဲသည်အထိတော့ ဘာအန္တရာယ်မှ မရှိသေးပါ။ သို့သော် မိမိအစွဲကို စိတ်ရူးပေါက်စွာ အကောင်အထည် ဖော်မိသည့်အခါမှာတော့ ထိုအစွဲသည် ကြောက်စရာကောင်းလာနိုင်ပါသည်။

စာရေးဆရာ Robert A.Caro ၏ အစွဲကတော့ ဟစ်တလာ၏အစွဲလို၊ ဘင်လာဒင်၏ အစွဲလို အန္တရာယ်မပေးခဲ့ပေ။ ကာရို၏ အစွဲက အမေရိကန်၏ ၃၇ယောက်မြောက် သမ္မတ Lyndon Johnson ဖြစ်သည်။ အစွဲဟု သူကိုယ်တိုင်က မသုံး။ အစွဲ...ဟူသော စကားလုံးမှာ ရောဂါဆန်သည်။ အရူးဆန်သည်။ ‘ကျွန်တော်က ဂျွန်ဆင်ကို စိတ် ဝင်စားတယ်၊ တစ်နည်းအားဖြင့်တော့ အာဏာဟာ ဘယ်လိုစွမ်းဆောင် နိုင်တယ်ဆိုတာကို ကျွန်တော်စိတ်ဝင်စားတာပါ’ဟု သူက ပြောခဲ့ သည်။ သို့သော် ကျွန်မတို့ကတော့ ကာရိုသည် အစွဲကြီးသူဟု ပြောချင် သည်။ ဘာကြောင့်လဲဆိုတော့ သူသည် နှစ်ပေါင်း ၂၆နှစ်ကြာအောင် သမ္မတဂျွန်ဆင်အကြောင်း လေ့လာစုံစမ်းပြီးနောက် စာမျက်နှာ ၁၀၀၀ ကျော်သည့်တိုင်အောင် စာအုပ်အတွဲသုံးတွဲ ရေးသားပြုစု ထုတ်ဝေခဲ့သောကြောင့် ဖြစ်ပါသည်။ သူ့ဘဝ၏ ၂၆နှစ်လုံးလုံး သမ္မတ ဂျွန်ဆင်၏ ဘဝကို စုံစမ်းထုတ်ဖော်ခြင်းဖြင့် အချိန်ကုန်စေခဲ့သည်။

သမ္မတ လင်ဒန်ဂျွန်ဆင်ကလည်း တကယ်ပင် သူ့အာဏာဖြင့် မုသားများ၊ လှည့်ဖျားမှုများကို ဖန်တီးလျက် သူ့ဘဝကို စုံစမ်းထောက်လှမ်းသူတွေမသိအောင် ဖုံးကွယ် ထားနိုင်ခဲ့သူဖြစ်သည်။ ဆူဆန်အော်လင်းပြောသလိုဆိုလျှင် ဂျွန်ဆင်သည် သူကိုယ်တိုင် အစွဲတစ်ခုဖြင့် အမှောင်ချထားသော သီးသန့်ကမ္ဘာတွင် လုံခြုံအောင် ပုန်းကွယ်ရင်း ထိုကမ္ဘာသည် သူ့အတွက် တကယ်လက်လှမ်းမီသော အရာ ဖြစ်ခဲ့သည်...ဟု ဆိုရမည်။ သမ္မတ ဂျွန်ဆင်သည် ကနေဒီ လုပ်ကြံခံရပြီးနောက် ဒုတိယသမ္မတဘဝမှ သမ္မတအဖြစ် ရာထူးတိုးမြင့် သွားခဲ့သူဖြစ်သည်။ ဗီယက်နမ်စစ်ပွဲတွင် သူနာမည်ပျက်ရသည်။ သူ သမ္မတအဖြစ် ရွေးကောက်ခံရပြီး ဆက်လက်ထမ်းဆောင်ဖို့ စည်း

http://www.cherrythitsar.org



ရုံးရေးဆင်းစဉ်က 'အမေရိကန်လူငယ်တွေကို အာရှစစ်ပွဲတွေမှာ ပါဝင်ဖို့ လုံးဝစေလွှတ်မှာမဟုတ်' ဟု ကတိပေးခဲ့သည်။ ထိုကတိကို သူ ဖောက်ဖျက်ခဲ့သည်။ ဘာပဲဖြစ်ဖြစ် ဂျွန်ဆင်၏ တကယ့်စိတ်ရင်းကို ကာရိုက နှစ်ပေါင်းများစွာ ရှာဖွေဖွင့်ထုတ်ချလိုက်နိုင်ခဲ့ပြီ။ ကာရို အနေဖြင့် လျှို့ဝှက်ချက်တစ်ခုကို ဖော်ထုတ်ဖို့ ခက်ခက်ခဲခဲ အစဉ်တစိုက် လိုက်ခဲ့သည့် အစွဲမှာ အံ့သြစရာဖြစ်သည်။ ထို့ပြင် ကာရို၏အစွဲမှ ရသောရလဒ်သည် စာပေအားဖြင့် ကာရို၏ ဘဝမှတ်ကျောက် တစ်ခု ဖြစ်သည်။ အဲသည်လို ဖြစ်အောင်လည်း သူက ကြိုးစားခဲ့သည်။ ကောင်းသောအစွဲဟု ပြောရမလား။

တကယ်တော့ အစွဲအလမ်းဟူသည်မှာ လှည့်စားတတ်သော အရာတစ်ခုလည်း ဖြစ်ပါသည်။

လူတစ်ယောက်သည် မိမိကိုယ်တိုင် အမှောင်ချထားသော အစွဲကမ္ဘာတစ်ခုတွင် ပုန်းကွယ်နေထိုင်ရင်း မိမိသည်သာ ဤကမ္ဘာ ဤစကြာဝဠာ၏ အရှင်သခင်ဟု ခံစားရကောင်းခံစားနိုင်၏။ သို့ သော် တကယ်တမ်းမှာတော့ ဘယ်သူက ဘယ်သူ့အပေါ် အရှင်သခင် ဖြစ် နေခဲ့တာလဲ။ အဲဒီဟန်ပြ အရှင်သခင်ဘဝသည် ဘယ်လောက်ကြာ ကြာ ခံနိုင်မှာလဲ။ တကယ်တမ်းကျတော့ အစွဲဖြင့် ဖန်ဆင်းထားသော ကမ္ဘာသည် အမှန်တရားဖြင့် ပြိုကွဲသွားမှာပဲ။

ဂျွန်ဆင်၏ ဖုံးကွယ်ထားသော လျှို့ဝှက်ချက်များကို ဖော် ထုတ်ဖို့ ၂၆နှစ်လုံးလုံး အစွဲအလမ်းကြီးစွာ ကမ္ဘာလေးတစ်ခု ဖန်တီး ခဲ့သော ကာရိုကိုပဲကြည့်ပါ။ ဂျွန်ဆင်အကြောင်း နောက်ဆုံးစာအုပ်ကို အပြည့်အစုံ ရေးသားပြီးစီးသွားသည့်နောက်၊ တစ်မနက်ခင်းမှာ ဘာ လျှို့ဝှက်ချက်မှ မရှိတော့သည့် သူ့ပတ်ဝန်းကျင်ကို ဗြုန်းခနဲ တွေ့လိုက် ရသည့်အခါ သူဘယ်အရာကို ရင်ဆိုင်ရမလဲ။ ကျွန်မတို့ အားလုံးကို လည်း ဆွဲခေါ်နိုင်ခဲ့ပြီး အဓိပ္ပါယ် ဖော်ဆိုပေးနိုင်ခဲ့သဖြင့် ပြီးပြည့်စုံပြီ ဟု ကျေနပ်ခဲ့ရသမျှ သူ့ရှာဖွေတွေ့ရှိချက်က ဘာလဲ။

နောက်ဆုံးတော့ 'အာဏာသည် တကယ်အစွမ်းထက်သည်' ဟူသောမှတ်ချက်သည်သာ အမှန်တရားဖြစ်ရတော့သည် မဟုတ်လား။

*Ref :*

*- Times , 2nd July , 2002.*

**Eleven Media**

*(Eleven News Vol:1/No:33, 7-7-2002)*

# Hypothesis & Visions

# အယူအဆ နှင့် မြင်ကွင်းများ

**ကျွန်တော်တို့ အားလုံးဟာ အနည်းနဲ့အများဆိုသလို အတွေးအမြင်တွေရဲ့ ကျေးကျွန်ပါ။**


***We are all of us more or less the slaves of opinion.***

***William Hazlitt***
Political Essays

http://www.cherrythitsar.org



# အလွန်အကျွံ ခေတ်ကြီးထဲမှာ



Eleven Media

http://www.cherrythitsar.org



ကျွန်မတို့သည်
အလွန်အကျွံပြုပြင်ထားသော အလင်းရောင်ဆီသို့ တိုး၍သွားပါ၏
သို့သော် မိမိက အလင်းကို ဖမ်းမိဖို့ ကြိုးစားသည့် ခဏမှာပင်
အလင်းသည် ပျောက်ကွယ်သွားခဲ့သည်

အလွန်အကျွံချဲ့ကား ဝါဒဖြန့်ခြင်း၏နောက်ကွယ်မှာ ဘာမှမရှိ
အလွန်အကျွံ အမှန်းတင်သိမ်းသွင်းခြင်းဖြင့် ပြုပြင်စီရင်ထားသော
ကျွန်မတို့လူ့အဖွဲ့အစည်းသည် ဗလာအမှောင်ခန်းတစ်ခုထက်
အနည်းငယ်သာ ပိုပါလိမ့်မည်

http://www.cherrythitsar.org



# အလွန်အကျွံခေတ်ကြီးထဲမှာ

အပိုချဲ့ကား သိမ်းသွင်းစကားသည် လူသေစေနိုင်၏။ လူမှုဝန်းကျင်ကို ဖျက်ဆီးနိုင်၏။ အပိုချဲ့ကား သိမ်းသွင်းစကားသည် နိုင်ငံရေးကို မွန်းကျပ်အသက်ငင်စေ၏။ စီးပွားရေးကို ပျက်ပြုန်းစေ၏။ အပိုချဲ့ကားသိမ်းသွင်း ကြော်ငြာနည်းသည် မထိုက်မတန် လူတစ်စုအား ချမ်းသာကြွယ်ဝစေလျက် အများ၏ဘဝကို ဖျက်ဆီး၏။ အပိုချဲ့ကား သိမ်းသွင်းခြင်းသည် လူ့အဆောက်အအုံ ဖောင်ဒေးရှင်းကို မလိုတမာ စွာကျယ်သောမုသားများ တည်ဆောက်ပေးလိုက်သည်။

စစ်အတွင်းမှာဆိုလျှင် အပို့ချဲ့ကား သိမ်းသွင်းစကား၏ အန္တရာယ်သည် ပို၍သိသာထင်ရှားလေ့ရှိသည်။ လေဆာအဝေးထိန်း ခလုတ်ဖြင့် လိုရာပစ်မှတ်ကို ထိစေနိုင်သည်ဟူသော Smart bombs များနှင့်ဆိုင်သည့် အပိုချဲ့ကားမှုများကို စဉ်းစားကြည့်ပါ။ ရန်သူ၏ စစ်ဌာနချုပ်ကိုသာ ဦးတည်ထိမှန်ပြီး ဘေးကမဆိုင်သူ ပြည်သူလူထု

http://www.cherrythitsar.org



၏ အသက်အိုးအိမ်စည်းစိမ်ကို နည်းနည်းမှ မထိခိုက်စေပါ တဲ့။ သို့သော် ထိုဗုံးများသည် သူတို့ချဲ့ကားဝါဒဖြန့်သလောက်တော့ ဟန် မကျပါ။ တကယ့်လက်တွေ့ အစစ်အမှန်တွင် Smart bombs များ သည် အမျိုးသမီးတွေ၊ ကလေးတွေအား မကြာခဏ သိမ်းကြုံး သတ် ဖြတ်၏။ ကိုယ့်တပ်ဖွဲ့၊ ကိုယ့်ဘက်က လူတွေကိုပါ ဆွဲခေါ်သတ်ဖြတ် တတ်၏။ ပင်လယ်ကွေ့စစ်ပွဲမှာ ကျွန်မတို့ ကြုံတွေ့ခဲ့ရပြီးပြီ။ ယခု တစ်ခါ အာဖဂန်စစ်ပွဲမှာလည်း မြင်တွေ့နေရပြန်ပြီ။

သို့သော် ချဲ့ကားဝါဒဖြန့်စကားသည် စစ်ကာလအတွက်သာ ဖြစ်ပေါ်လာသည့် ဒုက္ခမဟုတ်။ လူ့ယဉ်ကျေးမှု အဆောက်အအုံ၏ အတွင်းလွှာများတွင်ပါ ဝင်ရောက် သန္ဓေတည်နေခဲ့ပြီဖြစ်သည်။ ဈေး ကွက် စီးပွားရေးသည် အပိုချဲ့ကားဝါဒဖြန့်ခြင်းအပေါ်မှာ မူတည်၍ ပြုပြင်ဆောင်ရွက်နေခြင်း ဖြစ်သည်။ ပစ္စည်းတစ်ခု ထုတ်လုပ်လိုက် တိုင်း ဝါဒဖြန့် ကြော်ငြာစကားတွေ အစုလိုက်အပြုံလိုက် လျှံထွက် လာသောအခါ ဝယ်ယူသုံးစွဲသူတို့သည် "ဒီပစ္စည်းရှိမှဖြစ်မယ်" ဟူ သော အတွေးဝင်လာ၏။ ထိုပစ္စည်းကို လုယက်ဝယ်ယူကြ၏။ စတော့ ရှယ်ယာဈေးကွက် အရင်းအနှီးမြှုပ်နှံမှုတို့တွင်လည်း ထိုသဘောပဲ ဖြစ် သည်။ ဝါဒဖြန့်ကြော်ငြာကောင်းလျှင် လိုမ့်ဝင်ကြလေသည်။ သိပ္ပံ ပညာနှင့် တီထွင်တွေ့ရှိထားသော အရာများအပေါ်လည်း သည်အတိုင်း ပါပဲ။ ရှာဖွေတွေ့ရှိချက်တစ်ခုသည် အမှားအမှန် ကောင်းကျိုးဆိုးကျိုး မဝေခွဲနိုင်သေးခင်မှာ ဈေးကွက်၌ ရောင်းချလိုက်ပြီ။ ဝါဒဖြန့်ကောင်း သည့်အတွက် ကုမ္ပဏီတွေကလည်း မဆင်မခြင် ဝယ်ယူရင်းနှီးပြီးပြီ။ ပြောရလျှင်တော့ အပိုချဲ့ကားဝါဒဖြန့်စကားသည် သိပ္ပံပညာကိုပင် ပြီး စီးစေသည်။ လူသားမျိုးရိုးဗီဇဘဏ် human genome ကိစ္စကိုပဲ ကြည့်ပါ။ မျိုးရိုးဗီဇထိန်းချုပ်နေရာချထားခြင်းအကြောင်းကို ကျွန်မတို့ အရေးတကြီး သိမြင်ပြီးနောက် ၎င်းကို ငွေကုန်ခံဆောင်ရွက်လို့မှ မကြာသေးခင် တကယ်အရေးကြီးသည်က DNA မဟုတ်ဘဲ ပရိုတိန်း သာ ဖြစ်သည်ဟု ပြောကြပြန်သည်။ ဘယ်စကားဖြင့် ဘာကို ယုံကြည်

http://www.cherrythitsar.org



၍ အသက်ကို ပုံကြရမှာလဲ။

ချဲ့ကားဝါဒဖြန့်စကားသည် ဖျော်ဖြေရေးလုပ်ငန်း အဆောက် အအုံ Entertainment Industries များတွင် အလုံးအရင်းနှင့် ဝင်ရောက် လာသော ကုန်သွယ်မှုတစ်ခုဖြစ်သည်။ ရုပ်ရှင်ဇာတ်ကားတစ်ခုသည် ကြော်ငြာသနားဖွယ်ရာကောင်းလေ ချဲ့ကားသိမ်းသွင်း စည်းရုံးမှုက များ လေဖြစ်သည်။ ဥပမာ မကြာခင်က ပြသခဲ့သော Pearl Harbor ဇာတ် ကားကို ကြည့်ပါ။ ထိုရုပ်ရှင်သည် အမှိုက်သရိုက် အပိုအဆာသာ ဖြစ်၏။ ဒါကို ရုပ်ရှင်တွင် ပါဝင်ပတ်သက်နေသော စီးပွားဆိုင်ရာ လူများသိကြ၏။ သို့သော် ချဲ့ကားဝါဒဖြန့်နည်းပညာ၏ ရည်ရွယ်ချက် ကိုက ပြည်သူလူထုကို အမှန်တရားအားမေ့စေပြီး သူတို့ ဦးနှောက် အသိဉာဏ်များကို အိမ်မှာထားခဲ့ကာ ရုပ်ရှင်ရုံသို့ စောစော သွားရောက် တန်းစီစေဖို့ ဖြစ်သည်မဟုတ်လား။

အဲဒါအမှန်ပဲ ဖြစ်သည်။ ရှင်တို့ ကျွန်မတို့၏ ဦးနှောက်တွေကို အိမ်မှာသာ ထားခဲ့ကြတော့။ ချဲ့ကားဝါဒဖြန့်စကားက ပထမဆုံး သတ်ဖြတ်လိုက်သောအရာမှာ 'စိတ်' ဖြစ်သည်။

ချဲ့ကားသိမ်းသွင်းဝါဒဖြန့်ခြင်း Hype ၏ ဘန်းစကားအဓိပ္ပာယ် တစ်ခုမှာ ဆေးထိုးပြွန်နှင့်အပ်ဖြစ်သည်။ တကယ်လည်း Hype သည် ဆေးအဖြစ် (အထူးသဖြင့်) မူးယစ်ဆေးအဖြစ် ဆောင်ရွက်လုပ်ရှားပါ သည်။ လူအများကို သက်ဝင်ယုံကြည်အောင် သြဇာလွှမ်းမိုးခြင်းအား ဖြင့် ထိုးသွင်းပေးလိုက်သော ဝါဒဖြန့်ဆေးကို ပထမဆုံး ထင်ရှားစွာ အသုံးပြုခဲ့သူမှာ ဒုတိယကမ္ဘာစစ်အတွင်းက နာဇီဂျာမန်များဖြစ်သည်။ နာဇီတို့သိခဲ့၏။ အစွန်းရောက် လူ့အဖွဲ့အစည်းကို လူသတ်ဖြတ်တတ် သော လူညံ့ဂိုဏ်းသားများအဖြစ် ပုံစံပြောင်းလဲပေးနိုင်သည်ဟု သူတို့ သိခဲ့ပါသည်။ သူတို့၏ဝါဒဖြန့် ဆေးထိုးသွင်းခြင်းအမှုကြောင့် ဂျာမန် ပြည်သူလူအများသည် ဂျူးတို့အား ဂျာမနီ၏ မြို့တော်များအတွင်း ခိုအောင်းနေကြသော ကြွက်စုတ်များပမာ အမြင်ရောက်ခဲ့ကြရသည်။

http://www.cherrythitsar.org



ဤနည်းဖြင့် နာဇီများ ပွားများအင်အားကြီးခဲ့သည်။ ယခု အိုစမာဘင် လာဒင်နှင့် အစွန်းရောက် အကြမ်းဖက်သမားများကိုစွသည်လည်း သဘောတရား အတူတူပဲ ဖြစ်ပါလိမ့်မည်။ Hype ၏ အောင်မြင်မှု တစ်ခုဖြစ်ပါသည်။

ချဲ့ကားသိမ်းသွင်းနည်းပညာသည် သူလိုချင်သော ပန်းတိုင်သို့ ဂိုဏ်းသားစိတ်ဓာတ်သွင်းပေးပြီး ရယူတတ်သည်။ ထိုနည်းဖြင့် ချဲ့ကားဝါဒဖြန့်နည်းက နောက်ထပ်အရေးကြီးသော အရာတစ်ခုကို သတ်လိုက်သည်။ Hype က ဒုတိယ သတ်လိုက်သောအရာမှာ 'အစစ်အမှန်' အမှန်တရားဖြစ်သည်။

ချဲ့ကားဝါဒဖြန့်ခြင်းက အစစ်အမှန်ကို သတ်လိုက်သော ဥပမာတစ်ခုမှာ Blair Witch Project ရုပ်ရှင်ဖြစ်၏။ အင်တာနက်နည်းပညာ၏ ချဲ့ကားဝါဒဖြန့်မှု Hype ကို ပထမဆုံး ထိရောက်စွာ အသုံးချ အမြတ်ထုတ်လိုက်သော အဖြစ်ပါပဲ။ ရုပ်ရှင်ထုတ်လုပ်သူများသည် သူတို့အခြေခံရိုက်ကူးခဲ့သော ပျောက်ဆုံးသွားသည့် ကျောင်းသား (၃)ယောက်၏ အပျော်တမ်းကင်မရာ အချက်အလက်နှင့် အဖြစ်အပျက်များကို လူစိတ်ဝင်စားအောင် မဟားတရားဖွဲ့ခဲ့ကြသည်။ အောင်လည်း အောင်မြင်ခဲ့သည်။ ရုပ်ရှင်သည် တကယ့် အဖြစ်အပျက်ကို အခြေခံ၍ ရိုက်ကူးခဲ့ခြင်းဟု တက္ကသိုလ်ကျောင်းသူ ကျောင်းသားနှင့်လူငယ်များအား ယုံကြည် သက်ဝင်စေသည်။ ရုပ်ရှင် ပြလိုက်သည့်အခါ ထိုကိစ္စဖြစ်ပွားခဲ့ရာဟုဆိုသော နေရာကို စိတ်ဝင်စားကုန်ကြသည်။ မိုင်ပေါင်းများစွာခရီးကို ဖြတ်ကျော်၍ နာရီပေါင်းများစွာ တန်းစီ စောင့်ကြသည်။

ဟစ်တလာ၏ လူငယ် အုပ်စုကအစ Blair Witch Project ပရိသတ်အဆုံး အားလုံးသည် တစ်မျိုးတည်းသောရောဂါဖြင့် ဂိုဏ်းစိတ်သွင်းခံရခြင်းဖြစ်သည်။ အစစ်အမှန်နှင့် ထင်ယောင်ထင်မှား ကိစ္စတို့ ရောထွေးကာ မခွဲခြားနိုင်တော့ပေ။

အကယ်၍ ကျွန်မတို့သည် စိတ်ကူးယဉ်နှင့် တကယ့်အစစ်အမှန်ကို မခွဲခြားနိုင်ဘူးဆိုလျှင် သို့မဟုတ် ဘယ်အရာက ဘာလဲဟု

http://www.cherrythitsar.org



ဂရုမစိုက် အလေးမထားဘူးဆိုလျှင် ကျွန်မတို့သည် အကောင်းနှင့် အဆိုးကိုလည်း ခွဲခြားနိုင်ဖို့ ခဲယဉ်းပါလိမ့်မည်။ ကောင်းကျိုး နှင့် ဆိုးကျိုးကို ခွဲခြားသိနိုင်ဖို့ ပို၍ပင်ခက်ခဲပါလိမ့်မည်။

ချဲ့ကားဝါဒဖြန့်ခြင်းက တတိယ သတ်လိုက်သော အရာမှာ 'အရည်အသွေး' ဖြစ်သည်။

ချဲ့ကား သိမ်းသွင်းစည်းရုံးခြင်း နည်းပညာဖြင့် သာမန်လူ၊ သာမန်ပစ္စည်းကို ရှေ့တန်းတင် အမွှမ်းတင်လိုက်သောအခါ ထိုသူ ထိုအရာသည် အကြီးကြီးဖြစ်သွား၏။ အရောင်းရဆုံး စာရင်းဝင် စာအုပ်အချို့ကိုကြည့်လျှင် သိနိုင်ပါသည်။ အမှိုက်သရိုက်သာဖြစ် သော (သို့သော် တောက်ပထည်ဝါသော) အစားအစာ ချက်ပြုတ်ပြင် ဆင်နည်းစာအုပ်များ၊ အားကစားသမား၊ ပေါ့(ပ်)ကျော်စောအောင်မြင် သူများ၊ ဖက်ရှင်ကြယ်ပွင့်များ၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိတို့မှာ သည် အတိုင်းပဲ ဖြစ်သည်။

တချို့ သီအိုရီပညာရှင်များက ပြော၏။ မော်ဒန်လူငယ်များ သည် ချဲ့ကားဝါဒဖြန့်ခြင်း Hype ကို ခံနိုင်ရည်ရှိသည်...တဲ့။ လုံးဝ မဟုတ်ပါ။ မော်ဒန်လူငယ်များသည် ဘာမဆို အရူးအမူးစိတ်ရှိသည်။ သူတို့သည် Hype ကို ခံနိုင်ရည်ရှိဖို့ တော်တော် ကိုယ်ခံအားကောင်းမှ ဖြစ်ပါမည်။

ချဲ့ကားဝါဒဖြန့်ခံရသော လူငယ်များအနေဖြင့် ကမ္ဘာကြီးကို ပြုပြင်ပြောင်းလဲဖို့ တကယ့်ရုန်းကန်လှုပ်ရှားမှုဖြစ်သော နိုင်ငံအရေး အတွက် အချိန်နည်းနည်းမျှမရှိပါ။ 'နိုင်ငံရေး'သည် ချဲ့ကားဝါဒ ဖြန့်ခြင်းက သတ်ဖြတ်ခံရသော စတုတ္ထသားကောင် ဖြစ်ပါသည်။ ဗြိတိန်နိုင်ငံ၏ မာဂရက်သက်ချာ မဲဆန္ဒခံယူပွဲ ဟောပြောချက်များကို လေ့လာကြည့်လျှင်သိနိုင်သည်။ မာဂရက်သက်ချာသည် ဗြိတိန်နိုင်ငံ တွင်တော့ အကြီးအကျယ်ဝါဒဖြန့် သိမ်းသွင်းခြင်း၏ ဦးစီးရှေ့ဆောင် တစ်ယောက်ဖြစ်သည်။ သူ့နောက်မှ ဂျွန်မေဂျာလည်း သည်အတိုင်း ပါပဲ။ လေဘာပါတီ၏ အမြတ်ခွန်တိုးမြှင့်မှု ပုံဝတ္ထုများကို ပြော၍ ပြည်သူလူထုကို စည်းရုံးခဲ့ရာတွင် ထူးချွန်ပါသည်။ ဗြိတိန်ဝန်ကြီးချုပ်

http://www.cherrythitsar.org



တိုနီဘလဲက ဒိုင်ယာနာမင်းသမီး သေဆုံးခဲ့သည့်အချိန်တွင် ပြောခဲ့သော ဝမ်းနည်းဂုဏ်ပြု မိန့်ခွန်းဟန်ပန်ကလည်း တော်တော်ထိရောက်ပါသည်။

နောက်တစ်ခုက ဝါဒမဖြန့်သလိုလို၊ ရှောင်တခင် အပြုအမူလို လို ဟန်ဆောင်လိမ်ညာပြီး ဝါဒဖြန့်ခြင်းဖြစ်သည်။ ထိုမှသားသည် ပို၍ပင် ထိရောက်သေးသည်။ လူအများ၏ စိတ်နှလုံးကို ပို၍ သိမ်း ကြုံး ဆွဲငင်နိုင်သည်။ အဲဒါကိုလည်း တိုနီဘလဲ၏ ဟန်ပန်နှင့် ဥပမာ ပြနိုင်ပါသည်။ ကားထဲကနေ ထွက်လာသော တိုနီဘလဲသည် သူ၏ ယိုယွင်းပျက်စီးနေသော ဂစ်တာအိတ်ကို တစ်ဘက်ကကိုင်၊ တစ်ဘက် က ယိုယွင်းနေသော သေတ္တာနီကလေးကိုကိုင်၍ ဖြူဖျော့ဖျော့ ဂျင်း ဘောင်းဘီကျပ်ကျပ်နှင့် ဖြစ်သည်။ ၎င်းဟန်ပန်သည် အကောင်းဆုံး မွေနှောက်ထိုးဖောက်နိုင်စွမ်းသော ဝါဒဖြန့်မှုပဲဖြစ်၏။ ကလေးငယ်တွေကို နမ်းရှုပ်ပြသည်ထက် ထိရောက်၏။ ဇာတ်တိုက်ထားသော ဟန်မဟုတ်ဘဲ အလိုအလျောက်ပြမူသော ဟန်ပန်မျိုးဖြစ်၏။

နောက်ဆုံးအားဖြင့် ချဲ့ကားဝါဒဖြန့်နည်းပညာသည် ယုံကြည် မှုကို သတ်ဖြတ်ပါသည်။ တစ်ဆက်တည်းပင် ကိုယ့်ကိုယ်ကို ယုံ ကြည်မှုကို သတ်သည်။ ထို့နောက် မျှော်လင့်ချက်ကို သတ်သည်။ ဤနည်းဖြင့် လူ့အဖွဲ့အစည်းကို အသက်ရှူပေါက်ပိတ်ကာ မွန်းကြပ်စေပါသည်။

ကျွန်မတို့သည် အပိုချဲ့ကား သိမ်းသွင်းကြော်ငြာခြင်းများကို သတိပြုမိပါ၏။ သို့သော် ထိုစက်ဝန်းမှ ရုန်းထွက်နတ်ခွာဖို့ ကျွန်မတို့ ဘယ်လိုမှ မစွမ်းသာပေ။ ထင်ယောင်ထင်မှားဟန်ပြက တကယ့် အစစ်အမှန်ပမာ ဈေးကွက်ဝင်လာသောအခါ တကယ့်တန်ဖိုးဆီသို့ ကျွန်မတို့ ဘယ်လိုပြန်သွားကြမည်လဲ။ လေထဲကရဲတိုက်များသည်သာ ချမ်းသာ ကြွယ်ဝမှု အလုပ်လက်ဝယ်ရမှု ဝန်ဆောင်မှုကမ္ဘာတစ်ခုကို မောင်းနှင် နေခဲ့သည်။

ထိုအခါ ကျွန်မတို့လူ့အဖွဲ့အစည်းတွင် ကျန်ရှိနေခဲ့သည်က

http://www.cherrythitsar.org



မယုံမကြည်သံသယများသာ ဖြစ်တော့သည်။ ထိုမယုံမကြည် သံသယတို့ကိုပင် ကျွန်မတို့သည် တန်ဖိုးအမြင့်ဆုံး၊ ဖန်တီးစိတ်ကူး စွမ်းရည်အပေးဆုံး အနုပညာပမာ ဂုဏ်တင်လာခဲ့ရသည်။ ယနေ့ခေတ်တွင် ကျွန်မတို့သည် ကိုယ်တိုင်၏ အနုပညာပုံစံ၊ အတတ်ပညာ ပုံသဏ္ဌာန်များ ဖြစ်လာ၏။

အရာရာသည် အကြီးအကျယ် အလွန်အကျွံ ဝါဒဖြန့်မှုတွေချည်း ဖြစ်နေသောအခါ ကျွန်မတို့သည် ကိုယ့်ကိုယ်ကိုသာ ယုံကြည်နိုင်တော့၏။ ကျန်သည့် ဂိုဏ်းဂဏဝင်တွေ နောက်သို့ လိုက်မှန်းမသိလိုက်နေမိရင်းကပင်လျှင် ကိုယ့်ကိုယ်ကိုမှ တစ်ပါး အခြားသူကို မယုံကြည်ချင်တော့ပေ။ ထိုအရာကို ဖောက်ထွင်းမြင်နေရမှန်း ကျွန်မတို့သိကြသည်။ သို့သော် တခြားသူတွေရော မြင်ရရဲ့လားဟု မသေချာပေ။

မယုံမကြည် သံသယများသာ လူ့အဖွဲ့အစည်းကို လွှမ်းမိုးကြီးစိုးသောအခါ ယုံကြည်မှုဟူသည် ဝေးကွာလှသော ရှေးဟောင်းအကြွင်းအကျန်တစ်ခုသာ ဖြစ်နေတော့သည်။ လူ့အသိုင်းအဝိုင်းသည် အုပ်စုတူဂိုဏ်းစိတ် ရူးသွပ်မှုများဖြင့် အသက်ရှူကြပ်နေရသည်။ အစစ်အမှန်မဟုတ်သည့်အရာတို့၏ ဒီရေကို ဆန့်ကျင်ရပ်တည်ဖို့၊ ကြိုးကိုင်ချုပ်ထိန်းမှုများကို အဆုံးသတ်အောင် တောင်းဆိုဖို့ဆိုသည် မှာလည်း လူတိုင်းလူတိုင်း၏ ကိုယ့်ဟာကိုယ် ဟန်ချက်ညီပြီးသော လှည့်စားမှုအရင်းအနှီးများကို ခြိမ်းခြောက်ပေတော့မည်။ ကျွန်မတို့ ဤအဖြစ်ကြီးမှ ကိုယ့်ကိုယ်ကို ကယ်တင်ရန် တိုင်ပင်ဆွေးနွေးဖို့ ဆန္ဒရှိနိုင်ပါ၏။ သို့သော် အနုပညာ၊ သတင်းဌာနမီဒီယာ၊ နိုင်ငံရေး ထိုအရာများသည် အလွန်အကျွံဖန်ဆင်းခြင်းတို့၏ အလယ်အနှစ်သား ဖြစ်နေခဲ့ပြီ။

ချဲ့ကားဝါဒဖြန့်ခြင်း Hype သည် ဇာတ်သဘင် ဝေဖန်ရေးဆရာ Robert Gore Langton သတိပြု ထောက်ပြခဲ့သလိုပင် ဆေးလိပ်မသောက်ဘဲ ဆေးလိပ်အနံ့ရှူရခြင်း (passive smoking) ဖြစ်သည်။ သို့သော် ဒီအရာကို တွန်းလှန်ဖြိုချပစ်ပါလား ဟု ပြောလာလျှင် ကျွန်မတို့သည် မသိမသာ တဖြည်းဖြည်း ယစ်မူးစွဲလမ်းနေခဲ့ပြီးပြီဟုသာ

http://www.cherrythitsar.org



ဆို ရပါတော့မည်။ လွတ်မြောက်အောင် ရုန်းထွက် ဖြတ်တောက်ဖို့ မလွယ် ကူတော့ပါ။ ဆိုရလျှင်တော့ သဘောတရားလွန်ခေတ် (Post Ideolo- gical time) မှာ ချဲ့ကားဝါဒဖြန့်ခြင်းသည် သမိုင်း၏ သဘောတရားကို အနိုင်ရ နှိပ်ကွပ်ပစ်လိုက်သော သဘောတရားဖြစ်လာခဲ့ပြီ။ သူ့ အရင် က သဘောတရားဟောင်းများကဲ့သို့ပင် (ပို၍ထိရောက်စွာ) လူ့အဖွဲ့အစည်းကို ရောဂါပိုးသဖွယ် ပျံ့နှံ့ ကူးစက်လာခဲ့ပြီ။ ရုန်းထွက်ဖို့ တခြားနည်းလမ်း မရှိတော့ဟန် တူပါသည်။

အနုပညာရှင် မာတင်ခရိဒ်သည် သူ၏ တာနာဆုပြိုင်ပွဲဝင် (Turner Prize) လက်ရာတစ်ခု installation art ကို 227: the lights going on and off ဟု ခေါင်းစဉ်ပေးခဲ့၏။ ထိုလက်ရာတွင် Martin Creed သည် ချဲ့ကားသိမ်းသွင်းစည်းရုံးခြင်း Hype ၏ အတွင်းအနှစ်သဘောကို အမိအရ ပြနိုင်ခဲ့သည်။ ကျွန်မတို့သည် အလွန်အကျွံ ပြုပြင်ထားသော အလင်းရောင်ဆီသို့ တိုး၍သွားပါ၏။ သို့သော် မိမိက အလင်းကို ဖမ်းမိဖို့ ကြိုးစားသည့်ခဏမှာပင် အလင်းသည် ပျောက်ကွယ်သွားခဲ့သည်။

အလွန်အကျွံ ချဲ့ကားဝါဒဖြန့်ခြင်း၏ နောက်ကွယ်မှာ ဘာမှ မရှိ။ အလွန်အကျွံ အမွမ်းတင် သိမ်းသွင်းခြင်းဖြင့် ပြုပြင်စီရင်ထားသော ကျွန်မတို့ လူ့အဖွဲ့အစည်းသည် ဗလာအမှောင်ခန်းတစ်ခုထက် အနည်းငယ်သာ ပိုပါလိမ့်မည်။

*Ref :*

- *Hype at the end of tunnel by Ziauddin Sardar (New Stateman 19 Nov, 2001)*

*(Eleven News Vol:1/No:11, 20-1-2002)*

http://www.cherrythitsar.org



# ခါးသီးသော အမှန်တရား (သို့မဟုတ်)
# အဆိုးမြင်ဝါဒ



Eleven Media

အန္တရာယ်ကို မျက်ဝါးထင်ထင် တွေ့မြင်ရသောအခါ
လူတွေသည် ဘဝကို ချစ်ခင်တွယ်တာသွားတတ်ပါသလား
ဒါဖြင့် အန္တရာယ်ဘေးဒုက္ခဟူသည်
လူသား၏ ငြီးငွေ့မှုကို ပယ်ဖျက်ပေးမည့်
အရေးကြီးလိုအပ်ချက်တစ်ခု ဖြစ်ပါသလား။

http://www.cherrythitsar.org



# ခါးသီးသောအမှန်တရား (သို့မဟုတ်) အဆိုးမြင်ဝါဒ

ပြင်သစ်စာရေးဆရာ တိုက်လေယာဉ်မှူး စန်းတက်ဇူပေရီ မသေဆုံးမီကလေးက "ကျွန်တော့်ခေတ်ကြီးကို ကျွန်တော်မုန်းတယ်" ဟု ရေးခဲ့ဖူးသည်။

လူတွေကို သူတို့၏ ချီးကျူးထိုက်သည့် အရည်အချင်းတွေအရ ချစ်ခင်လေးစားတတ်သူ စာရေးဆရာထံမှ ထိုဖွင့်ဟမှုကို ဖတ်ရသည့်အခါ ကျွန်မတို့ အံ့သြတုန်လှုပ်ရပါသည်။ 'ဤအဖြစ်အတွက် မိမိတို့မှာ တာဝန်ရှိသည်ဟု ကျွန်တော်တို့လက်မခံနိုင်ခဲ့ပါ'ဟု အယ်လ်ဘတ် ကမျူးက စိတ်မကောင်းစွာ ဝန်ခံခဲ့သည်။

စန်းတက်ဇူပေရီသည် သူ့ခေတ်ကြီးကို မုန်းတီးခဲ့သော်လည်း ထိုခေတ်ကို ကျောခိုင်းထွက်ခွာဖို့တော့ စိတ်ကူးခဲ့သည်မဟုတ်။ သူ သေဆုံးရသည်မှာ သူ့တိုက်လေယာဉ်ကို ပစ်ချခံလိုက်ရခြင်းကြောင့်သာ ဖြစ်သည်။

http://www.cherrythitsar.org



အမေရိကန်စာရေးဆရာ ဟဲမင်းဝေးကတော့ The Old Man and The Sea ဝတ္ထုမှ သူ့ဇာတ်ကောင် စန်တီယာဂို၏ စကားဖြင့် လူ့အဖြစ်အပေါ်မှာ ကြုံးဝါးခဲ့ဖူး၏။

“လူသားကို ဖျက်ဆီးချေမှုန်းလို့ ရချင်ရမယ်။ ဒါပေမယ့် အနိုင် ယူလို့ မရပါဘူး”။

သို့သော် ဟဲမင်းဝေးသည် ၁၉၆၁ ခုနှစ်တွင် ကိုယ့်ကိုယ်ကို အဆုံးစီရင်သွားခဲ့သည်။ ဟဲမင်းဝေးအဖြစ်ကိုနားလည်ဖို့မခက်ခဲလှ ဟု ထင်ပါသည်။“အသွေးအသားမဲ့ဟာလာဟင်းလင်းကမ္ဘာကြီးကို ကျောခိုင်း ပစ်ခွင့်ရသော အချိန်ကာလများသည် လူကို ဘယ်လောက်တောင် မြှူဆွယ် ညို့ယူနိုင်လိုက်လေမလဲ”ဟု ကမျူးက ရေးခဲ့သည်။

ကမျူး၏အသွေးအသားမဲ့ ဟာလာဟင်းလင်းကမ္ဘာကြီးသည် ဂရေဟမ်ဂရင်းအတွက် ငယ်စဉ်က ငြီးငွေ့ဖွယ် ကမ္ဘာကြီး ဖြစ်ခဲ့ဖူးသည်ဆို၏။

Graham Greene ၏ The Revolver in the Corner Cupboard အက်ဆေးတွင် စာရေးဆရာက သူကောင်လေး ဘဝ အရွယ်တုန်းက ပျင်းရိငြီးငွေ့သဖြင့် သူ့အစ်ကို၏ သေနတ်ကိုယူကာ ရုရှားလောင်းကစားနည်း ကစားခဲ့ဖူးကြောင်း ပြောပြထားပါသည်။ သေနတ်ကျည်ဆန်အိမ်ထဲတွင် ကျည်ဆန်တစ်တောင့်တည်းထည့်၊ ဆုံလည်ကို မှတ်နေအောင် လှည့်လိုက်ပြီးနောက် သူ့ခေါင်းသူချိန်ကာ ခလုတ်ဆွဲခဲ့သည်ဟုဆိုပါသည်။ ထိုဂရေဟမ်ဂရင်းသည်ပင် အသက် ကြီးရင့်လာသောအခါ တစ်မျိုးဝန်ခံခဲ့ပြန်၏။ သူ၏ Journey Without Maps စာအုပ်တွင် ‘အာဖရိကခရီး၏ အန္တရာယ်အတွေ့အကြုံက မိမိအား မိမိပိုင်ဆိုင်ထားမှန်း သတိမထားမိသော အရာတစ်ခုကို ဖွင့်ပြလိုက်သည်။ ၎င်းမှာ ဘဝကို ချစ်ခြင်းပင်ဖြစ်သည်’ဟု ရေးထားခဲ့ပါသည်။

တကယ်တော့ လူငယ်လေး ဂရေဟမ်ဂရင်း(န်) ငြီးငွေ့ပါသည် ဆိုသော ကမ္ဘာကြီးသည် ဘေးဒုက္ခအန္တရာယ်တွေနှင့် ကြုံတွေ့ဖြတ် သန်း ခဲ့ရပြီးပြီဖြစ်သည်။ ထိုဘေးဒုက္ခသည် သူ့အား တိုက်ရိုက်ထိခိုက် မလာသေးသည်သာ ရှိသည်။

http://www.cherrythitsar.org



အန္တရာယ်ကို မျက်ဝါးထင်ထင် တွေ့မြင်ရသောအခါ လူတွေသည် ဘဝကိုချစ်ခင်တွယ်တာ သွားတတ်ပါသလား။ ဒါဖြင့် အန္တရာယ် ဘေးဒုက္ခဟူသည် လူသား၏ ငြီးငွေ့မှုကို ပယ်ဖျက်ပေးမည့် အရေးကြီး လိုအပ်ချက်တစ်ခု ဖြစ်ပါသလား။

ကျွန်မတို့ကမ္ဘာကြီးသည် နေပျော်သော နေရာတစ်ခုဖြစ်သည် ဟု ဘယ်နည်းနှင့်မျှ လက်မခံနိုင်အောင် လုံလောက်သော ဘေးဒုက္ခ များစွာ (ကျွန်မတို့ လက်လှမ်းမီသလောက် ၂၀ ရာစု အစောပိုင်း ကတည်းက) ကြုံတွေ့ ဖြတ်သန်းခဲ့ရပြီးပါပြီ။ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများ၊ နိုင်ငံရေးစစ်ပွဲများ၊ ဘာသာရေးစစ်ပွဲများ အဏုမြူ လူသတ်ဗုံးများ အားလုံးကို ကြုံခဲ့ပြီးနောက် စာရေးဆရာများ၊ အနုပညာရှင်များသည် အဆိုးမြင်ဝါဒဖြင့် ကမ္ဘာကြီးတွင် ရှင်သန်ခဲ့ ရသည်။ ဥရောပတစ်ခွင်မှ ခေတ်ပေါ်ပန်းချီများ ဘာလင်မှ ဒါဒါဝါဒဆီမှ ပါရီမှ ဆာရီယယ်ဝါဒထိ၊ ထို့ပြင် T.S Eliot ၏ The Waste Land ကဗျာများမှ Franz Kafka ၏ The Trial ထိ အားလုံးသည် ဟာလာဟင်းလင်း ငြီးငွေ့စိတ်ပျက်ဖွယ်ကမ္ဘာဟူသော အမြင်ကို ထင်ဟပ် ဖော်ပြခဲ့ကြသည်။

ဂျာမန်လူမှုရေး ပညာရှင် Theodor Adorno အတွက်တော့ သမိုင်းဆိုသည်မှာ ဦးတည်ချက်တစ်ခု တကယ်ရှိသည်။ သို့သော် နင့်နင့် နဲနဲ စိတ်ဓာတ်ကျစရာ ဦးတည်ချက်ဖြစ်သည်။

" မည်သည့်စကြဝဠာဆိုင်ရာ သမိုင်းကမှ အရိုင်းအစိုင်း ဘဝမှ လူသားအကျိုးပြု ဝါဒ ဆီသို့ ဦးတည်သွားခြင်းမရှိ" သီအိုဒေါ် အဒေါ်နိုက ၁၉၆၆ ခုနှစ်တွင် ရေးခဲ့၏။ "တကယ် ဦးတည်နေတာကတော့ လောက်လေးခွ လက်နက်ဆီကနေ တန်ချိန်တစ်သန်းလေးတဲ့ မက်ဂါတန် ဗုံးလက်နက်တွေ ဆီကိုပါ"ဟူ၏။

ထိုအမြင်သည် အဆိုးမြင်ဝါဒသက်သက်ဟုပြောနိုင်မည်လား။

ယခုအခါ စက်တင်ဘာ (၁၁)ရက် အမေရိကန် World Trade

http://www.cherrythitsar.org



Center တိုက်ခိုက်ဖျက်ဆီးမှု၊ ဗြိတိန်နှင့် အမေရိကန်တုံ့ပြန် တိုက်ခိုက်မှုများကိုကြည့်လျှင် ယဉ်ကျေးလှပါသည်ဟူသော လူ့ကမ္ဘာ၏ အနာဂတ်မှာ စိတ်မချနိုင်စရာ၊ သံသယဝင်စရာ၊ တုန်လှုပ်ချောက်ချားစရာပင် ဖြစ်နေသည်။ မူလက အဆိုးမြင်ဝါဒကို ဘယ်လောက်ပဲ ချိုးနှိမ်မေ့ပျောက်ထားသည်ဖြစ်စေ ယခုအခါ အဆိုးမြင်ဝါဒသည် ပြန်လည်လွှမ်းမိုးလာခဲ့ပြီ။ အကြမ်းဖက်မှုသည် အဆိုးမြင်ဝါဒမှ ဖြစ်ပေါ်လာပြီး ထိုအကြမ်းဖက်မှုကြောင့်ပင် အဆိုးနှင့် အပျက်အစီးကို အာရုံမှ ဖယ်ထားလို့ မရအောင် သိသာထင်ရှားစွာ မြင်တွေ့လာရသည်။

လူသားတို့၏ ဘဝသည် အာမခံချက်လုံးဝမရှိ။ လုံခြုံမှုအတွက် ဘယ်သူကမှ အာမခံမပေးနိုင်ခဲ့။ လေဝင်လေထွက် လေအေးစက် ပိုက် စနစ်များမှ ထောင့်သန်းရောဂါပိုးများ ထည့်သွင်းပြီး အစုလိုက် အပြုံလိုက် အချိန်မရွေးအသတ်ခံရ နိုင်သောခေတ်။ ပိုက်တွေမှတစ်ဆင့် နာ့ဇ်ကြော ထုံဖျင်းသေဆုံးနိုင်အောင် ဓာတ်ငွေ့များ ပါဝင်လာနိုင်သော ခေတ်။ နိုင်ငံသားအခွင့်အရေး လွတ်လပ်မှုအား လုံခြုံရေးအတွက်ဟု စစ်စစ်ပေါက်ပေါက် ပေကပ်စစ်ဆေးမေးမြန်းခြင်းခံရကာ ဂုဏ်သိက္ခာ ကျစေသောခေတ်။ လူမျိုးရေးဆက်နွယ်မှုများ သွေဖီပြောင်းလဲလာ သောခေတ်၊ စီးပွားရေးအားလုံးထိုးဆင်းကြရသောခေတ်၊ ကမ္ဘာ့ အချမ်း သာဆုံး အင်အားအကြီးဆုံးနိုင်ငံကြီးတွေက အဆင်းရဲ အမွဲတေဆုံး နိုင်ငံအား ဗုံးကြဲတိုက်ခိုက်မှုကို မျက်မြင်သက်သေအဖြစ် စောင့်ကြည့်နေရသောခေတ်။ သည်လိုခေတ်ကြီးမှာ ကျွန်မတို့သည် အဆိုးမြင်ဝါဒကလွဲလို့ ဘာကိုများ ဆုပ်ကိုင်ဖက်တွယ်နိုင်ကြမည်လဲ။

အဆိုးမြင်ဝါဒသည် လူကိုစိတ်ဓာတ်ကျစေသည်။ ထွက်ပေါက်မဲ့စေသည်။ မွန်းကြပ်စေသည်။ မှန်၏။ သို့သော် အကောင်းမြင်ဝါဒကလည်း လူကိုသတ်နိုင်ပါသည်။ မိမိသည် လူသားကောင်းကျိုးအတွက် ဆောင်ရွက်နေခြင်းဖြစ်သည်။ မိမိမှာ ရန်သူမရှိနိုင်ဟု ယုံကြည်ချက်ထားသော နိုင်ငံ့ခေါင်းဆောင်များ၊ ဘာသာရေး ခေါင်းဆောင်များသည် အကောင်းမြင်ဝါဒဖြင့် စိတ်ချလက်ချ နေမိသဖြင့်

http://www.cherrythitsar.org



လုပ်ကြံသတ်ဖြတ်ခံရခြင်း ဖြစ်သည်။ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီကို တန်ဖိုးထားပြီး လူသားတိုင်း၏ လွတ်လပ်ခွင့်ကို အရေးထား ဦးစား ပေးမိသဖြင့် အမေရိကန်ပြည်ထောင်စုမှာ လောလောဆယ် လူပေါင်း ထောင်နှင့်ချီ၍ သေဆုံးခဲ့ရသည်။

လူ့ယဉ်ကျေးမှုမြင့်မားလာပြီး ရုပ်ဝတ္ထုပစ္စည်းများ ခေတ်မီတိုး တက်လာသောအခါ လူသား၏စိတ်ဓာတ်အခြေခံ ရိုင်းပျရန်လိုမှုကို မေ့မေ့လျော့လျော့ထားမိကြသည်။ အကြမ်းဖက်မှုများ ရက်စက်ကြမ်း ကြုတ်မှုများကို တစ်ချိန်ချိန်မှာ နှိမ်နင်းနိုင်လိမ့်မည်ဟု မျှော်လင့်ထား ကြသည်။

တစ်ခါတလေတော့ လူ၏ မိမိကိုယ်ကို အထင်ကြီးလွန်မှု ရောဂါကို ကုစားရန် အမှန်အတိုင်းသိမြင်မှု အခြေအနေတစ်ခုလို အပ်ပါသည်။ သို့သော် အမှန်တရားဆိုသည်ကိုရဖို့ ပေးဆပ်ရသော အရင်းအနှီးက ကြီးလွန်း၏။ ထိုအခါကျွန်မတို့အားလုံးသည် လောက ကြီး၏ ဆိုးဝါး ရက်စက်မှုများကို မလွဲမသွေ ကြုံရသည်။ အဆိုးမြင် ဝါဒီများကို ဖျောင်းဖျနှစ်သိမ့်ဖို့ ကြိုးစားရင်းမှ ကိုယ်တိုင်အဆိုးမြင် ဝါဒီတွေ ဖြစ်ခဲ့ရသည်။

လူသားများကို အဆိုးမြင်သမားတွေအဖြစ် တွန်းပို့ပေးသော အခြေခံအကြောင်းတရား များစွာရှိသည်။ ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဆိုင်ရာ အတွေ့အကြုံတို့၏ မနိုင်မနင်းဖြစ်မှုက အကြောင်း တစ် ခုဖြစ်သည်။

ကမ္ဘာကြီးမှာ လူဦးရေ မတန်တဆ တိုးပွားလာခဲ့ပြီ။ ၁၉၅၀ ပြည့်နှစ်တုန်းက လူဦးရေသန်းပေါင်း ၁၅၀၀ သာ ရှိခဲ့သော်လည်း နောက်ထပ် ၃၇ နှစ်သာကြာသည့် ကာလတွင် နှစ်ဆတိုးပြီး သန်း ၃၀၀၀ ရှိခဲ့သည်။ ကြွက်မျိုးရင်းသတ္တဝါတို့၏ မတန်တဆ တိုးပွား မှုဖြစ်နိုင်ချေကို ခြွင်းချက်ထားပြီး တွက်ဆကြည့်လျှင် လူသားသည် ကမ္ဘာပေါ်တွင် အမျိုးပေါင်းများစွာသော နို့တိုက်သတ္တဝါဖြစ်သည်။ ၂၀၅၀ ပြည့်နှစ်တွင် လူဦးရေသန်း ၉၀၀၀ နှင့် သန်း ၁၀၀၀၀ ကြားမှာ ရှိလိမ့်မည်ဟု ခန့်မှန်း၏။ ကမ္ဘာပေါ်တွင် မျိုးပွားမှုနှင့်ဦးရေကို ကန့်

http://www.cherrythitsar.org



သတ်ဖို့ မဖြစ်နိုင်ဆုံးသော သတ္တဝါမျိုးရင်းမှာ လူသားဖြစ်သည်ဟု ဇီဝဗေဒပညာရှင် Edward O Wilson က မှတ်ချက်ချခဲ့သည်။

ထိုလူသားများ၏ အမြတ်ထုတ်မှုကြောင့် သဘာဝအရင်းအမြစ် သယံဇာတများ ကြောက်မက်ဖွယ် လျော့နည်းလာခဲ့ပြီ။ James Lovelock ပြောသလိုဆိုလျှင် 'ဘရိတ်ပေါက်နေတဲ့ ကားတစ်စီးနဲ့ တောင်ကုန်းပေါ်မှာ ရှိနေသလိုမျိုးပါပဲ။ ခင်ဗျား ဘာမှမလုပ်နိုင်ဘူး။ လုပ်နိုင်သမျှက လီဗာခြေနင်းပေါ်က ခင်ဗျားခြေထောက်ကို ကြွထားနိုင်ရုံပဲ။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ခင်ဗျားကားကတော့ တိုက်မိပြီး ကွဲကြေတော့မှာ'ဟူသော သဘောမျိုးပဲဖြစ်သည်။

ဒုတိယအရင်းခံအကြောင်းမှာ လူသား၏ ကိုယ်ကျင့်တရား ကျဆင်းကုန်ခြင်းဖြစ်သည်။ စစ်အေးကာလအတွင်း အဏုမြူခြိမ်းခြောက်မှုများကြောင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အဏုမြူလက်နက် ဖျက်ဆီးရေး စာချုပ်များ ချုပ်ဆိုခဲ့သည်။ ဘယ်သူမှ တကယ်မဖျက်ဆီးပေ။ စစ်အေးတိုက်ပွဲကာလပြီးသောအခါ နောက်ထပ်ကမ္ဘာသစ်တစ်ခု ဖြစ်ထွန်းလာခဲ့သည်။ ထိုကမ္ဘာသစ်တွင် အချမ်းသာဆုံး နှင့် အဆင်းရဲဆုံးနိုင်ငံများအကြား ကွာဟမှုသည် တစ်ရှိန်ထိုး ကြီးမားလာခဲ့သည်။ ချမ်းသာသော အနောက်ကမ္ဘာသည် ဆင်းရဲသော အရှေ့ကမ္ဘာနှင့် ဆက်စပ်သွားသည်။ တစ်ချိန်တည်းမှာပင် ညှဉ်းဆဲနှိပ်စက်မှုများ၊ အစုလိုက်အပြုံလိုက် မျိုးဖြုတ်သတ်ဖြတ်မှုများသည် ကမ္ဘာသစ်၏ လက္ခဏာများ ဖြစ်လာကြသည်။ ကိုယ်ကျင့်တရားဆိုင်ရာ သွေးပျက်ချောက်ချားမှုများကို မြင်ရသောအခါ အဆိုးမြင်ဝါဒသည် ဖက်ရှင်သဖွယ် ခေတ်စားလာခဲ့တော့သည်။

တတိယအရင်းခံမှာ အသိပညာရှင်တို့၏ အဆိုးမြင်ခြင်းဖြစ်သည်။ အထူးသဖြင့် တီထွင်ကြံဆခြင်းဆိုင်ရာ သိပ္ပံပညာသည် ကောင်းကျိုးထက်၊ ဆိုးကျိုးကိုသာ ပို၍ပေးသည်ဟူသော အမြင်ဖြစ်သည်။ ညစ်ပတ်သော သိပ္ပံပညာ (Dirty Science) ဟူသော စကားလုံးပင် ပေါ်ပေါက်လာသည်အထိဖြစ်၏။ မျိုးရိုးဗီဇဆိုင်ရာ ထုတ်လုပ်ဖန်တီးမှုများ၊ ဆေးပညာဆိုင်ရာ ထုတ်လုပ်ဖန်တီးမှုများထက်ပို၍

http://www.cherrythitsar.org



သိသာထင်ရှားသည့် ဆိုးကျိုးမှာ စစ်ဘက်ဆိုင်ရာ စက်ရုံထုတ်လုပ်မှု လုပ်ငန်းများဖြစ်သည်။

စတုတ္ထအရင်းခံမှာ အရင်းရှင်စနစ်သစ် (ဈေးကွက် စီးပွားရေး)ကို ရင်ဆိုင်ရန် မစွမ်းသာသည့် နိုင်ငံရေးဆိုင်ရာ အစွမ်းအစမဲ့မှု ဖြစ်၏။ အရင်းရှင်စနစ်သစ်သည် စနစ်ဟောင်းထက် ပို၍ကြမ်းတမ်း၏။ ပို၍ပွားများ၏။ အလုပ်လက်မဲ့နှုန်း ပိုများလာခြင်း၊ မညီမျှမှုတွေ ပိုများလာခြင်း၊ လူမှုရေးဆိုင်ရာ ဖရိုဖရဲပျက်စီးခြင်း၊ ရာဇဝတ်မှု ပိုများပြားလာခြင်း၊ အိမ်ထောင်ကွဲကွာမှုနှုန်းများလာခြင်း၊ အိမ်ထောင်ကျိုး မိသားစုများ များပြားလာခြင်း စသည်တို့မှာ အရင်းရှင် စနစ်သစ်၏ ရလဒ်များဖြစ်သည်။ ရင်းနှီးမြှုပ်နှံသူများသည် နေရာတကာတွင် အခွင့်အာဏာရှိလာပြီး မူဝါဒချမှတ်သူများသဖွယ် ဖြစ်လာသည်။ နိုင်ငံ၏ အစိုးရအပေါ်တွင် စီးပွားရေးဖြင့် အခွင့်အာဏာပိုင်စိုး ထိန်းချုပ်လာကြသည်။

ထိုအဖြစ်အပျက်များအားလုံးသည် လက်ရှိအဆိုးမြင်ဝါဒ၏ တရားခံများဖြစ်ကြပါသည်။ သို့သော် အဆိုးမြင်ဝါဒသည် အကောင်းမြင်ဝါဒနှင့်စာလျှင် လူသားအား အမှန်တရားနှင့်ပို၍ နီးစပ်စေသည်။

ယခုအခါ ကမ္ဘာမှာ စိတ်ကျရောဂါ (Depression) ဖြစ်ပွားနှုန်း ပျံ့နှံ့နေသည်မှာ အထင်အရှားပဲဖြစ်၏။ စိတ်ကျရောဂါသည် အနုတ်လက္ခဏာအတွေးကြောင့် ဖြစ်၏။

အဆိုးမြင်ဝါဒသည် အနုတ်လက္ခဏာအမြင်ကြောင့် ဖြစ်သည် ဟု ဆိုစေကာမူ တစ်ခါတစ်ရံတွင် စိတ်ကျရောဂါကို ကာကွယ်တားဆီး ရာ၌ အဆိုးမြင်ဝါဒသည် ကတုတ်ကျင်းသဖွယ် ဆောင်ရွက်ပါသည်။

ကျွန်မတို့သည် အဆိုးမြင်ဝါဒ၏ ကောင်းကွက်အချို့နှင့် အကောင်းမြင်ဝါဒ၏ ဆိုးကွက်အချို့ကို သုံးသပ်ကြည့်သင့်သည်ဟု ထင်ပါသည်။

WHO ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ခန့်မှန်းမှုမှာ ၂၀၂၀ ပြည့် နှစ်တွင် ကမ္ဘာမှာ နံပါတ်တစ် အဖြစ်များဆုံးသော ရောဂါမှာ

http://www.cherrythitsar.org



စိတ်ကျ ရောဂါ Depression ဖြစ်မည်ဟူ၏။

အလွန်အမင်း မျှော်လင့်မိသော အကောင်းမြင်မှုကြောင့် အဆိုးဝါးဆုံးသော အန္တရာယ်ကို ရင်ဆိုင်ရသည်နှင့်စာလျှင် အဆိုးမြင်ဝါဒကို သတိထားပြီး အသုံးချသည်က ပို၍ သင့်တော်ပါလိမ့်မည်။ အမှန်တရားကို မြင်အောင်ကြည့်တတ်ဖို့လိုသည် မဟုတ်လား။

*Ref :*

- *New Stateman (3,Dec, 2001)*
- *The myth of Sisyphus by Albert Camus*
- *Beyond the outsider by Colin Wilson*

*(Eleven News Vol:1/No:13, 3-2-2002)*

http://www.cherrythitsar.org



# သုခတိုင်းပြည်သို့ သွားရာလမ်း



Eleven Media

http://www.cherrythitsar.org



"အရင်ခေတ်တုန်းက ယူတိုးပီးယားစိတ်ကူးပိုင်ရှင်တွေသာ
မရှိခဲ့ဘူးဆိုရင် လူသားဟာ ခုချိန်ထိ
ဂူတွေထဲမှာပဲ ဝတ်လစ်စလစ်နဲ့ စိတ်ဆင်းရဲနေရမှာပဲ
ယူတိုးပီးယားဆိုတာ တိုးတက်မှုတွေအားလုံးရဲ့
အရင်းခံ အခြေအမြစ်ပါပဲ
ပိုပြီးကောင်းတဲ့ အနာဂတ်အတွက် စမ်းသပ်မှုပါပဲ"တဲ့

http://www.cherrythitsar.org



# သုခတိုင်းပြည်သို့ သွားရာလမ်း

*အကယ်၍သာ ကျွန်တော်တို့၏ ရုပ်ပိုင်းဆိုင်ရာ ပတ်ဝန်းကျင်သည် ကမ္ဘာမြေကြီး ဖြစ်သည်ဆိုလျှင် စိတ်ကူးတို့၏ လောကသည် ကောင်းကင်ဘုံများနှင့် ဆက်စပ်နေပါလိမ့်မည်။ ကျွန်တော်တို့သည် ကာလတော်တော်ကြာကတည်းက ဖြစ်တည်မှု ရုပ်တန့်သွားခဲ့ပြီဖြစ်သော ကြယ်များ၏ အလင်းအောက်မှာ အိပ်စက်ကြ၏။ ထို့ပြင် ကျွန်တော်တို့သည် ကျွန်တော်တို့၏ အပြုအမူများကို စိတ်ကူးစိတ်သန်းများဖြင့် ရက်ယှယ် ဖွဲ့စည်းထားကြသည်။ စိတ်ကူးစိတ်သန်း ဆိုသည်က ကျွန်တော်တို့ မယုံတော့ဘူးဆိုသည်နှင့် တပြိုင်တည်း သူ့စစ်မှန်မှု ပျောက်ဆုံးကုန်တတ်သော အရာများဖြစ်လေသည်။*

*လှူဝစ်မမ်ဖို့ဒ်*

**တစ်ပတ်လျှင်တစ်ခါ သို့မဟုတ် နှစ်ခါ ကျွန်တော့်စာဖတ်သူများထံမှ စာအချို့ကို ဖတ်ရတတ်ပါသည်။ ကျွန်တော်ရေးခဲ့သော အက်**

http://www.cherrythitsar.org



ဆေးစာတမ်းများနှင့် ပတ်သက်၍ အားမလိုအားမရ ခံစားကြသူတွေ ရှိသည်။ ကျွန်တော့်စာတွေမှာ ကျွန်တော်တို့ တိုင်းပြည်၏ နိုင်ငံရေး နှင့်ပတ်သက်လို့၊ လူမှုပတ်ဝန်းကျင် ပြန်လည်ပြင်ဆင်ရေးနှင့် ပတ်သက်လို့ ကျွန်တော့် အကြံဉာဏ်ထင်မြင်ချက်၊ ပုံဖော်ချက်တွေ ထည့် မရေးခဲ့ခြင်းကို သူတို့အားမရပါ။ ကျွန်တော့်ကို သူတို့ ခဏခဏ မေး လာကြသည်။ သုခတိုင်းပြည် Utopiaသို့ သွားရာလမ်းက ဘယ်မှာလဲ။

ကျွန်တော့်မှာက အတွေး၏မြင်ကွင်းကို ပုံဖော်ရန် အလေ့ အကျင့် မရခဲ့သောကြောင့် ထိုမေးခွန်းများကို ဘယ်လိုဖြေရပါ့မလဲဟု မသိခဲ့ပါ။ ထို့ကြောင့် အောက်တိုဘာလ အစောပိုင်းရက်ဆီက နယူး ယောက် လူထုစာကြည့်တိုက်က Utopia ပြပွဲတစ်ခု ခင်းကျင်း ပြသ မည်ဆိုသောအခါ ကျွန်တော် ဝမ်းသာသွားခဲ့သည်။ ပြပွဲ၏အမည်မှာ "ယူတိုးပီးယား၊ အနောက်ကမ္ဘာ၌ စံပြလူမှုအဖွဲ့အစည်းကို ရှာဖွေခြင်း" ဖြစ်သည်။ ကြိုတင်ကြေညာချက်များအရ ကျွန်တော်သိရသည်မှာ ပြပွဲ တွင် ပြီးခဲ့သည့်နှစ် ၁၀၀၀ ခန့်ကာလကစ၍ ကမ္ဘာကြီး၏ ယိုယွင်း ပျက်စီးမှုများကို ကယ်တင်၍ အဖတ်ဆယ်ပေးခဲ့သော စာအုပ်စာတမ်း များ၊ အဖြစ်အပျက်များနှင့် ပန်းချီရုပ်ပုံလက်ရာများ စုစုပေါင်း ၄၀၀ လောက်ကို ပြသထားသည်ဟု ဆိုပါသည်။ ၎င်းတို့အနက် ၁၇ ရာစု တုန်းက ပြုစုခဲ့သော 'သုခဘုံ Paradise နယ်မြေသို့ ချဉ်းကပ်ရန်မြေပုံ' နှင့်အတူ သောမတ်စ်ဂျက်ဖာဆင်၏လက်ရေးစစ်စစ်ဖြင့် 'လွတ်လပ်ရေး ကြေညာစာတမ်း'ကို အသင့်အတင့်ကောင်းမွန်သော ကော်ပီမူအဖြစ် ပြသထားသည်ဟု ဆိုသည်။

ကျွန်တော့် စာဖတ်သူများအား ယူတိုးပီးယား သုခတိုင်းပြည် သို့ သွားရာလမ်းကို လမ်းညွှန်နိုင်ရန်အတွက် ကျွန်တော် ပြပွဲ ကက် တလောက်တစ်ခုဝယ်ပြီး သွားကြည့်လိုက်ပါသည်။ စာကြည့်တိုက်၏ ပြတိုက်မှူးများသည် သူတို့ပြပွဲကို သမိုင်းသင်ခန်းစာ တစ်ခုကဲ့သို့ ပြင်ဆင်ထားသည်။ ၁၅၁၆ ခုနှစ်က လက်တင်ဘာသာဖြင့် ပထမဆုံး အကြိမ် စတင်ပုံနှိပ်ခဲ့သော Sir Thomas More ၏ Utopia စာအုပ်မှ စ၍ ပြထားပါသည်။ ရှေးဟောင်းစာအုပ်များသည် ရွှေရောင်ဝင်းလက်

http://www.cherrythitsar.org



နေသည်။ ဖော်လ်တဲယားရ်၏ Candide မူရင်းစာအုပ်လည်းပါသည်။

Utopia ဟူသောစကားသည် ဂရိဘာသာဖြင့် ကောင်းသောနေရာ good place နှင့် မရှိသောနေရာ no place စကားလုံးနှစ်လုံး၏ အဓိပ္ပာယ် ပေါင်းစပ်ထားခြင်းဖြစ်သည်။ မိုး၏ ယူတိုးပီးယားမတိုင်မီ ကလည်း ကဗျာလင်္ကာများတွင် ထို 'ကောင်းသောနေရာ' အဓိပ္ပာယ်ဖြင့် ရုပ်ပုံလွှာများ ဖွဲ့ဆိုခဲ့ကြသည်။ ဥပမာ အာကေဒီယာ Arcadia ဟူသော နေရာ။ ရောမနိုင်ငံကြီး ယိုယွင်းလာသောအခါ ရောမနိုင်ငံ၏ အာ ကေဒီယာနယ်သည် အီဒင်ဥယျာဉ်အဖြစ်သို့ ပြောင်းလဲပုံဖော်ခံရသည်။ ဂရိစာဆိုကဗျာဆရာများ၏ စာတို့တွင် Arcadia သည် သုခချမ်းသာ နယ်မြေ ဖြစ်လေသည်။ Virgil ၏ ပျော်ရွှင်နေသော သိုးကျောင်းသား များသည် Elysian ယာခင်းပြင်များ၌ ပလွေမှုတ်နေကြသည်။ Ovid ၏ မသေစစ်သား သူရဲကောင်းများသည် Blest ကျွန်းများပေါ်တွင် ပန်းသီးများစားရင်း နှစ်သိမ့်ကျေနပ်နေကြသည်။ အာကေဒီယာနှင့် ပါရာဒိုက်စ်သုခဘုံများသည် အချိန်ကာလမရှိသော ကမ္ဘာလောကတွင် ဖြစ်တည်ကြသည်။ အဲသည်မှာ ကောင်းကင်သည် ထာဝရ ပြာလွင် လျက် လေသည် မွှေးပျံ့သော တောင်အရပ်ဆီမှ နူးညံ့ညင်သာစွာ တိုက် ခတ်လျက် လူသားတို့သည် ဘာအလုပ်မှလုပ်ဖို့မလို။ တိရစ္ဆာန်ငယ် များကို ပွတ်သပ်ချော့မြူနေရုံ၊ စပျစ်သီးများကို ခူးစားနေရုံပဲဖြစ်သည်။

သောမတ်စ်မိုး၏ ယူတိုးပီးယား သုခတိုင်းပြည်သည် သူ၏ တတိယအကြိမ်ထုတ် စာအုပ်၌ သရုပ်ဖော်ပန်းချီ (Hans Holbein ညီအစ်ကိုအနက် ညီဖြစ်သူ၏လက်ရာ)ဖြင့် ပြထားသမျှကတော့ လခြမ်းပုံ ကျွန်းတစ်ကျွန်းဖြစ်သည်။ ၁၆ ရာစုရေကြောင်းခရီး ရွက် သင်္ဘောဖြင့် သွားလာလို့ရနိုင်လောက်သည့် ခရီးအကွာအဝေးမှာရှိ သည်။ မိုးသည် ယူတိုးပီးယားတိုင်းပြည်ကို သရုပ်ဖော်ရာ၌ အင်္ဂလန်မ မြောက် ဟင်နရီဘုရင်၏ အဓိပတိအဖြစ် သူ့ကိုယ်ပိုင် အတွေ့အကြုံ စိတ်ကူးတို့ကို ပလေတိုး၏ ရီပတ်ဘလစ်တိုင်းပြည်အကြောင်း စာအုပ်

http://www.cherrythitsar.org



မှ ဖတ်ရှုလေ့လာချက်တို့ဖြင့် ပေါင်းစပ်ထားခဲ့ခြင်းဖြစ်သည်။ မိုးသည် ဓနသဟာယ (စုပေါင်းချမ်းသာမှု) စိတ်ကူးကို ဥရောပ၌ ပထမဆုံး ပုံဖော်ခဲ့သော စာရေးဆရာဖြစ်သည်။ သူစိတ်ဝင်စားသည်က အများ နှင့်ဆိုင်သောဝတ္ထုပစ္စည်း၊ အများ၏ ကောင်းကျိုးချမ်းသာ ဖြစ်သည်။ တစ်ဦးချင်း၏ တစ်သီးပုဂ္ဂလအလိုဆန္ဒပြည့်မှုမဟုတ်။ မိုး၏ ယူတိုး ပီးယားတိုင်းပြည်တွင် မိမိတစ်ယောက်တည်း၏ အကျိုးစီးပွားကို ရှေးရှု ပြီး ပိုင်ဆိုင်ရန် ရာဇဝတ်မှုကျူးလွန်သည့် လောဘသားတို့အား ကျွန် အဖြစ် ကျခံစေဟု အပြစ်ပေးသော တရားစီရင်ချက်ရှိသည်။ ထိုနိုင်ငံ တွင် လယ်သမားတို့သည် မိမိတို့ ယာခင်းလယ်တို့မှ ထွက်ကုန် ပြောင်းဖူးကို ဂျုံဖြင့် လဲလှယ်ရယူကြသည်။ မြို့ပြသုံး ပစ္စည်းများကို ယာထွက်သီးနှံဖြင့် လွတ်လပ်စွာလဲလှယ်ကြ၏။ ငွေထည်ပိုးထည် ဇိမ်ခံ ပစ္စည်းများ လုံးဝ ဝတ်ဆင်ခြင်းမပြုရ၊ တိတ်တခိုးဝတ်ဆင်သည်ကို တွေ့လျှင် ကြီးလေးသော အပြစ်ဒဏ်ကိုရမည်။ ရွှေထည်ပစ္စည်းသည် လည်း ဥပဒေပြုလွှတ်တော်သုံးရန် အိုးပြုလုပ်ခြင်းအတွက်သာ လျာ ထား ခံရသည်။

မိုးသည် သူ့ခေတ်က အင်္ဂလန်ပြည် မူးကြီးမတ်ရာတို့၏ ရက် စက်ရိုင်းပျသော ဖောက်ပြန်မှုများကို စိတ်ကုန်သဖြင့် ယူတိုးပီးယားကို ပုံဖော်ခဲ့ခြင်းဖြစ်သည်။ မိုး၏ပတ်ဝန်းကျင်တွင် ငွေကြေးသည် အရာ အားလုံး၏စံဖြစ်သည်။ အကောင်းဆုံးဟူသော အရာများအားလုံး သည် အဆိုးဝါးဆုံးသော လူ၏လက်ထဲသို့ ရောက်ကုန်ကြသည်။ ထို ဖောက်ပြန်မှုများကို ပြင်ဆင်ဖို့ ရေးသားလိုက်သော ယူတိုးပီးယား စာအုပ်သည် ထွက်လျှင်ထွက်ချင်း လူကြိုက်များခဲ့သည်။ နှစ် အဆက် ဆက် ပြောစမှတ်ဖြစ်ရသည်။ ခေတ်အဆက်ဆက် စာရေးဆရာတို့အား သြဇာသက်ရောက် လွှမ်းမိုးခဲ့သည်။ Sir Philip Sydney ၏ Counters of Pembroke's Arcadia (၁၉၅၀)နှင့် Sir Francis Bacon ၏ New Atlantis (၁၆၂၇)တို့ကို ပြခန်းမှာ ဆက်လက်ပြသထားသည်။ ထို့ နောက် ပြပွဲသည် ၁၈ ရာစုအစောပိုင်း ဉာဏ်အလင်း ရောင်များဆီသို့

http://www.cherrythitsar.org



ရောက်လာသည်။ Thomas Hobbes နှင့် John Locke ၏ နိုင်ငံရေး သီအိုရီများဆီ ရောက်လာသည်။ အဲသည်မှ တစ်ဆင့် ဂျာမနီတွင် ၁၈၄၈ ခုနှစ်က ထုတ်ဝေခဲ့သော ကွန်မြူနစ် ကြေညာစာတမ်း Communist Manifesto ပထမအကြိမ်ထုတ် စာအုပ်ကို တွေ့ရသည်။ အဲသည် နောက် အနှစ် ၁၀၀ အတွင်းမှာတော့ ယူတိုးပီးယားစိတ်ကူးကို ဖျက်လိုဖျက်ဆီးပြုလိုက်သော ရာစုနှစ်၏ အကြီးဆုံး စစ်ပွဲများကို ခင်းကျင်းပြထားပြန်သည်။ George Orwel ၏ Animal Farm, Aldous Huxley ၏ Brave New World တို့သည် ယူတိုးပီးယား သုခတိုင်းပြည်၏ ဆန့်ကျင်ဘက် dystopia ကို ပြောင်မြောက်စွာ သရုပ်ဖော်ထားသည်။ နေရောင် တောက်ပနေသော ပင်လယ်ပြာမှ အံ့သြဖွယ်ရာ ကျွန်းသာယာသည် တစ်ခဏချင်းပင် ရက်စက်သွေးဆာသော သတ်ဖြတ်မှုများ၊ သံဆူးကြိုးများ ထောင်များဖြင့် ပြည့်နှက်သွားခဲ့သည်။

ပြပွဲကို ကျွန်တော်စကြည့်သော အချိန်သည် အယ်လ်ဂိုးနှင့် ဂျော့ဂျ်ဒဗလျူဘုရှ်တို့ သမ္မတရာထူးအတွက် ဘော့စ်တွန်မှာ အချီအချစကားနိုင်လု ဟောပြောအပြီး မနက်ခင်း ဖြစ်ပါသည်။ နေ့လယ်ခင်းမှာတော့ သူတို့၏ မှတ်ချက်များကို ဖတ်ခွင့်ရခဲ့သည်။ ထိုအခါ ကျွန်တော် နားလည်သွားပါသည်။ သုခတိုင်းပြည်ရောက်အောင် သွားဖို့ စံပြလူ့အဖွဲ့အစည်းကို ဘယ်လိုပုံဖော်ရမလဲဟု မသိသူမှာ ကျွန်တော်တစ်ယောက်တည်းမဟုတ်ပါလား။ တိုင်းပြည်ကို အုပ်ချုပ်တော့မည့် မဲဆွယ်နေသူ ထိုနှစ်ယောက်သည်လည်း ဓနသဟာယ အများကောင်းကျိုးချမ်းသာဆိုတာကို စကားထဲမှာ လုံးဝ ထည့်မပြောခဲ့ပါလား။ လူ့အဖွဲ့အစည်းသွားလေရာသို့ ဘယ်ကလေးကိုမှ ချန်မထားဘဲ အပါခေါ်နိုင်ဖို့၊ ဘယ်မြေပုံကို လက်မှာကိုင်ပြီး ဘယ်လိုကောင်းကျိုးရှိသည့် ခရီးဆုံးသို့ ဘယ်လိုစိတ်ကူးစိတ်သန်းဖြင့်သွားမှာလဲ။ ဒါကို သူတို့လုံးဝဂရုမစိုက်ခဲ့ပေ။ သူတို့ပြောသမျှ ကောင်းမွန်သော ဘဝ (good life) ဆိုတာက ဗြိတိသျှလေကြောင်းခရီး၏ အရောင်းမြှင့် ကြော်ငြာများလိုပါပဲ။ နောက်ပြီး ဘီယာတွေ ပိုရောင်းရအောင် အရောင်းမြှင့် စီမံကိန်းဖြင့်ပြသည့် ကြော်ငြာပြကွက်များလိုပါပဲ။ ထိုအခါ

http://www.cherrythitsar.org



ကျွန်တော်သည် ပြခန်းမှာ ပြင်ဆင်ပြထားသော အရာများကိုကြည့်ရင်း ယခုခင်းကျင်းပြနေသည်မှာ အမေ့ခံ အမေရိက ဥရောပတိုက်ကြီး၏ ပျောက်ဆုံးသွားသော လူစုလူဝေး အရာများစွာ၏ အကြွင်းအကျန် တို့ဖြစ်သည်ဟု ခံစားရသည်။

အရင်ခေတ်ကတော့ လူသားအဓိကဝါဒ ဖြစ်သည်။ ရှေးဟောင်း ယဉ်ကျေးမှုခေတ်က လူသားအဓိကဝါဒဆိုင်ရာ တင်ပြချက်သည် ရှုးဖိနပ်တွေလည်း မရောင်း၊ ချောကလက်ချိုချဉ်တွေလည်း မရောင်းပါ။ ကွန်နက်တီးကတ်နယ်မှာ မဲဆန္ဒတွေကိုလည်း ငွေနှင့် မဝယ်ပါ။ ဖလော်ရီဒါ ကမ်းခြေမှာ အဆင့်မြင့်တိုက်ခန်း ကွန်ဒိုမီယမ် တွေကိုလည်း မဝယ်ပါ။

၂၀ ရာစုတွင် မွေးဖွားလာသော သုံးစွဲသူအဓိက လူမှု ပတ်ဝန်းကျင်မှာတော့ စက်ရုံဈေးကွက်စီးပွားရေး၏ အောင်မြင်မှုများဖြင့် လိမ်းကျံထားသည်။ တစ်ဦးတစ်ယောက်ချင်း ပြည့်စုံကျေနပ်မှုများကို ရှာဖွေဖြည့်ဆည်းသည်။ ထိုမှတစ်ဆင့် ထိုသူတို့၏ အေးဂျင့်များ၊ ပွဲစားများ၊ သံတမန်များကို ဖြည့်ဆည်းပေးသည်။ (ထိုသူများထဲမှာတော့ တိုင်းပြည်ကို အုပ်ချုပ်မည်ဆိုသူများ ပါဝင်သည်။) ဈေးကွက်စီးပွားရေးသည် တစ်ချိန်လုံးပင် ပိုကောင်းသောကမ္ဘာသို့ဟု ကြော်ငြာနေသည်။ ဖုန်းဖြင့်မှာယူနိုင်သောစနစ်၊ စာဖြင့်မှာယူနိုင်သော စနစ်၊ အင်တာနက်ဖြင့် မှာယူနိုင်သောစနစ်၊ အိမ်တိုင်ရာရောက်ပို့ဆောင်ပေးမည့် ဝန်ဆောင်မှုစနစ် ပိုကောင်းသည့်ကမ္ဘာသို့၊ ပို၍ဇိမ်ကျသည့် ပစ္စည်းများဆီသို့ ပို၍ လျင်မြန်စိမ့်ဝင်သော အရသာများဆီသို့ ...။

သာမန်နေ့တစ်နေ့တွင် ကျွန်တော်တို့သည် နေရင်းထိုင်ရင်း သွားရင်းလာရင်း ကြော်ငြာပေါင်း ၃၀၀၀ ကျော်ကို မြင်တွေ့နေ ရသည်။ ရုပ်မြင်သံကြားမှာ၊ မဂ္ဂဇင်းဂျာနယ်တွေမှာ၊ ဆူပါမတ်ကက်တွေမှာ၊ ကြော်ငြာပိုစတာ ဘုတ်ပြားကြီးတွေပေါ်မှာ ဘော့စ်ဘောလ်ဦးထုပ်များပေါ်မှာ။ ထိုကြော်ငြာများသည် Ovid နှင့် Virgil တို့ ညွှန်ပြခဲ့သော ဧဒင်ဥယျာဉ်သဖွယ် ကမ္ဘာမြေဆိုင်ရာ ဥယျာဉ်သားများဆီသို့ လမ်းညွှန်နေကြသည်။ သည်တော့ ကျွန်တော်တို့သည် ယခုပင်လျှင်

http://www.cherrythitsar.org



အချိန်ကာလဆိုတာမရှိသော ကမ္ဘာထဲသို့ ရောက်နေကြပြီမဟုတ်ပါလား။

ရုပ်ဝတ္ထုဆိုင်ရာ သုခဘုံ (Material Paradise) သည် ဆူညံသော သိုးကျောင်းသားများနှင့် တိတ်ဆိတ်သော သိုးငယ်တို့အကြား အရေးကြီးသော ကွဲပြားခြားနားမှုက ဘာလဲဟုမခွဲခြားနိုင်ခဲ့။ ထို့အတူပင် ကုန်ပစ္စည်းကောင်းကောင်း၊ ဈေးကြီးကြီးကို သုံးစွဲခြင်းသည်သာ 'ကောင်းမွန်သောဘဝ'ဟု အဓိပ္ပာယ် ဖွင့်ဆိုနေသော သုံးစွဲသူ အဓိက လူ့အဖွဲ့အစည်းလည်း ခွဲခြားမပေးနိုင်ခဲ့။

အရင် ဂရိခေတ်တုန်းကတော့ ဓိမ်ခံပစ္စည်းအတွက် အာဏာသည် ဇုစ်နတ်မင်းကြီးက ပိုင်ဆိုင်သော အရာဖြစ်သည်။ ယခုတော့ ဈေးကွက်စီးပွားရေးစနစ်က ဇုစ် Zeus နတ်မင်းကြီး ပိုင်ဆိုင်ခွင့်ကို 'ငွေ'ထံသို့ လွှဲပြောင်းပေးအပ်လိုက်သည်။ ငွေက အရာရာကို ကိုင်တွယ် ဖြေရှင်းသွားလိမ့်မည်။

အကယ်၍ ကျွန်တော်သည် ယူတိုးပီးယားကို သရုပ်ဖော်ရန် မစွမ်းသာခဲ့ဘူးဆိုလျှင် အကြောင်းရင်းမှာ ကျွန်တော်သည် နေ့စဉ်နှင့်အမျှ ကြော်ငြာတွေချည်း တွေ့နေရသောကြောင့်ဖြစ်မည်။ နိုင်ငံတိုးတက်ရေး ဆောင်ရွက်မည်ဟူသော မိန့်ခွန်းများစွာကို ကြားနာခဲ့ရသောကြောင့် ဖြစ်မည်။ လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်က ပြည်သူလူထုကို ဒီမိုကရေစီဖြင့် ဘယ်လို ကောင်းကျိုးပြုသည်ဟူသော ဝါဒဖြန့်စကားလုံးများစွာ မျိုချပြီးခဲ့သောကြောင့် ဖြစ်မည်။

ဈေးကွက်ဆိုတာ လွတ်လပ်သော ဒီမိုကရက်တစ် အခွင့်အရေးမှ မဟုတ်ဘဲ။ ဈေးကွက်သည် လူတိုင်းကို သာတူညီမျှ စကားမပြော ပေ။ ဈေးကွက်သည် 'ငွေ'တစ်ခုတည်းကိုသာ စကားပြော၏။ ငွေ အများကြီးရှိသူကို ယဉ်ကျေးစွာ စကားပြော၏။ ငွေလုံးဝမရှိသူကို ရိုင်းပျစွာ စကားပြောလေသည်။ ဈေးကွက်သည် လူ့အဖွဲ့အစည်းကို လူတွေအဖြစ်မသတ်မှတ်ဘဲ စာပို့သင်္ကေတများအဖြစ် ခွဲခြားပစ်လိုက် သည်။ တယ်လီဖုန်း အိတ်ချိန်းများအဖြစ် ခွဲခြားပစ်လိုက်သည်။ မိသားစုဝင်တို့ကို

http://www.cherrythitsar.org



လူ တွေ အဖြစ် မှ အလို ဆန္ဒ ၏ အပို င်း အစ များ အဖြစ် အိပ်မက်၏ အပိုင်းအစများအဖြစ်၊ မွတ်သိပ်မှု၏ အပိုင်းအစများအဖြစ် အကျိုးအမြတ်ဖြစ်လာမည့် အရာများအဖြစ်ပြောင်းလဲ ခွဲထုတ်ပေးလိုက်သည်။

ကံ ကောင်း ထော က် မ သ ဖြင့် ကျွန် တော် သ ည် လူကောင်းတော် တော်များများ ရှိနေမှန်းလည်း သိထားပါသည်။ ထိုလူကောင်းတို့၏ နာမည်ကို သတင်းစာ စာမျက်နှာများတွင် မတွေ့နိုင်ပါ။ သို့သော် သူတို့သည် ပို၍ကောင်းမွန်သောကမ္ဘာ တည် ဆော က် ခြ င်း ဖြ င့် အ လု ပ် ရှု ပ် နေ ကြ ပါ သ ည်။ ဆောက်လုပ်နေသည့် နေရာကလည်း ကြီးကျယ် ခမ်းနားမှုမရှိပါ။ သူတို့လုပ်သမျှသည်လည်း ဟစ်တလာ၏ တတိယ ရိုက်ချ်နိုင်ငံတော် လ မ်း မ ကြီး များ စီ မံ ချ က် တွေ လို ကြီး ကျ ယ် ခြ င်း မ ရှိ။ ဟီလာရီကလင်တန်ပြောသည့် အမေရိကန် လူထုကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ ပြန်လည်ပုံဖော်ခြင်းဝါဒလိုလည်း မကြီးမြတ်ပါ။ သူတို့ သည် သူတို့ရနိုင်သမျှသော ရန်ပုံငွေ အချို့ဖြင့် ကျောင်းတွေ ဆော က် ပေး သ ည်။ စာ ကြ ည့် တို က် တွေ ဆော က် ပေး သ ည်။ နေရာကြီးကြီး တွေမှာ မဟုတ်။ နေရာသေးသေးတွေမှာ ဖြစ်သည်။

ကျွန်တော်သည် နယူးယောက်မြို့တွင် ထောင်စုနှစ်သစ် ပထမ အစနှစ်တွင် ရောက်လာလိုက်၊ ပြန်ပျောက်သွားလိုက်ရှိသော ယူတိုးပီး ယား အကြွင်းအကျန်များအကြား၌ နေထိုင်နေပါသည်။ ထို့ အတူ 'ကာ လ တော် တော် ကြာ က တ ည် း က ဖြ စ် တ ည် မှု ရပ် တန့် သွား ခဲ့ ပြီ ဖြစ် သော ကြ ယ် များ' ၏ အလင်း အောက် မှာ နေထိုင်နေပါသည်။ အောက်တို ဘာလတုန်းက စာကြည့်တိုက်မှ ပြန် အ ထွ က် တွ င် ကျွန် တော့် အာ ရုံ ၌ အ နာ တို လ် ဖ ရ န့် စ် ၏ စာကြောင်းများကို သတိရမိခဲ့သည်။

"အရင်ခေတ်တုန်းက ယူတိုးပီးယား စိတ်ကူးပိုင်ရှင် တွေသာ မရှိခဲ့ဘူးဆိုရင် လူသားဟာ ခုချိန်ထိ ဂူတွေထဲမှာပဲ ဝတ်လစ် စလစ်နဲ့ စိတ်ဆင်းရဲနေရမှာပဲ။ ယူတိုးပီးယားဆိုတာ တိုးတက်မှုတွေ အားလုံးရဲ့

http://www.cherrythitsar.org



အရင်းခံအခြေအမြစ်ပါပဲ။ ပိုပြီးကောင်းတဲ့ အနာဂတ် အတွက် စမ်းသပ်မှုပါပဲ”တဲ့။

ကျွန်တော့်ကို ခင်ဗျားက ‘ယူတိုးပီးယားသို့ သွားရာလမ်း ဘယ် မှာလဲ’ဟု မေးလာလျှင် ယခုအခါ ကျွန်တော်ဖြေကောင်းဖြေ မိပါလိမ့် မည်။ “တောင်ဘက်ကို နှစ်လမ်းလောက် ဆက်သွားလိုက်” ဒါမှမဟုတ် “အနောက်ဘက်ကို တစ်လှမ်းလောက် ဆက်သွားလိုက်၊ ထောင့်ချိုးမှာ မြင်ရလိမ့်မယ်” ဒါမှမဟုတ် “လမ်းဖြတ်ကူးလိုက်၊ တွေ့ရလိမ့်မယ်” ဟူသော အဖြေမျိုး ပေးမိမည်ထင်ပါသည်။

သို့သော် တောင်ကုန်းထက်က သုခမြို့တော် City on the Hill ကို မြင်သာအောင် ပုံဖော်ပြစမ်းပါဆိုလျှင်တော့ “ခင်ဗျား နားအလည် နိုင်ဆုံးက ‘ဘယ်မှာမှ မရှိတဲ့နေရာ no place ’ပါပဲ”ဟု ဖြေမိမည်ထင်ပါ သည်။ ထိုနေရာသည် ဝေးလံသော မိုးကုတ်စက်ဝိုင်းဆီမှ အလင်းရောင်ပျုပျုဖြစ်သည်။ ရက်ရောသော၊ မွန်မြတ်သော စိတ်ကူးတစ်ခုရှိရာ နေရာဖြစ်သည်။ ထိုစိတ်ကူးကို ပုံဖော်နိုင်မည့် အချိန်ကတော့ မရောက် လာသေးပါ။

*Ref :*

- *Paper moons by Lewis H.Lapham*

*(Eleven News Vol:1/No:15, 17-2-2002)*

http://www.cherrythitsar.org

# Human & Society


# လူ နှင့် လူ့အဖွဲ့အစည်း

**လူတွေမှာ ခွန်အားကင်းမဲ့နေတာ မဟုတ်ပါဘူး။  ဆန္ဒကင်းမဲ့နေတာပါ။**

***People do not lack strength, they lack will.***

***Victor Hugo***

# သမိုင်း နှင့် ဝေဒနာ



Eleven Media

http://www.cherrythitsar.org



ကျွန်မသိသည်က ဝေဒနာဆိုသည်မှာ တစ်စုံတစ်ရာအတွက်
တွန်းအားဖြစ်သည်၊ စတေးမှုဖြစ်သည်
သားကောင်အဖြစ် ရက်စက်စွာ ချေမှုန်းဖျက်ဆီးခံရခြင်းသည်
ဂုဏ်ယူဖွယ်ရာမဟုတ်တာတော့ သေချာ၏
ရှက်ရွံ့နာကျင်ဖွယ်ပင် ဖြစ်ချင်ဖြစ်နိုင်သည်

http://www.cherrythitsar.org



# သမိုင်းနှင့် ဝေဒနာ

ကျွန်မ၏ဇာတိမြို့ဖြစ်သော ရေနံချောင်းမြို့တွင် တစ်ခါတုန်းက ဂျပန်ကင်ပေတိုင်ရုံးဖြစ်ခဲ့ဖူးသော တိုက်ဟောင်းကြီးတစ်လုံး ရှိသည်။ ကျွန်မ အဲသည်တိုက်သို့ တစ်ခါရောက်ဖူးပါသည်။ ကျွန်မရောက်သည့် အချိန်ကာလက ထိုတိုက်သည် ပွဲစားကြီးတစ်ယောက်၏ အိမ်ဖြစ်နေခဲ့ပြီ။

ကျွန်မသည် ဧည့်ခန်းမှာထိုင်၍ စကားပြောနေရင်းက ကင်ပေတိုင်ရုံး ဟူသောအသိဖြင့် အခန်းတွေကို လှမ်းအကဲခတ် ကြည့်နေခဲ့မိသည်။ ဘယ်အခန်းကို ဘယ်လိုအသုံးပြုခဲ့ကြသလဲ ဟူသော စပ်စုစိတ်ဖြစ်သည်။ ကင်ပေတိုင်ရုံးဆိုကတည်းက ဤအဆောက်အဦတွင် မြန်မာလူမျိုးတွေကို ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခံခဲ့ရမည်မှာ အသေအချာပဲဖြစ်သည်။ (ဒါ့ကြောင့်လည်း လမ်းမနှင့်ဝေးသော လမ်းချိုးကလေးအတိုင်း တက်သွားရသည့် ကုန်းမြင့်ပေါ်မှ အဆောက်

http://www.cherrythitsar.org



အဉီကို ရွေးခဲ့တာဖြစ်မည်။) သို့သော် ထိုအိမ်၏ အငွေ့အသက်မှာ အိမ်ပီသလွန်းသဖြင့် ကျွန်မအား အတိတ်က အရိပ်များက လွှမ်းမိုး ခြောက်လှန့်ခြင်းမဖြစ်ခဲ့။ ဂျပန်ခေတ်နှင့် ဂျပန်တော်လှန်ရေးသည် သမိုင်းထဲမှာသာရှိ၏။ ဂျပန်လက်အောက်က မြန်မာလူမျိုးတို့၏ ဆင်း ရဲ ဝေဒနာသည် ကျွန်မ ရောက်နေခဲ့ရာ ကင်ပေတိုင် ရုံးဟောင်းသို့ လုံးဝပင် ပြန်ရောက်မလာခဲ့။ ထို့ကြောင့် အိမ်ရှင်ဧည့်ခံသော ရေနွေး ကြမ်း အခါးရည်ကို ကျွန်မတည်ငြိမ်စွာ စိတ်ပျံ့လွင့်မှုကင်းစွာ သောက် နိုင်ခဲ့သည်။

အဲသည်အဖြစ်က ကြာခဲ့ပါပြီ။

လွန်ခဲ့သည့်နှစ်အနည်းငယ်က တစ်ခုသော နေ့လယ်ခင်းတွင် ကျွန်မ အာဖရိကန်လူမျိုးများဆိုင်ရာ ပြတိုက်တစ်ခုသို့ ရောက်ခဲ့သည်။ ပြတိုက်သည် သိပ်မကြီးပါ။ ခမ်းနားမှုလည်းမရှိပါ။ ဟောင်းဟောင်း အိုအို နိမ်နိမ်ချချပင်ဖြစ်သည်။ ကျွန်မနှင့်အတူ အာဖရိကန်–အမေရိ ကန် ကဗျာဆရာမ တစ်ယောက်နှင့် ဂျပန်–အမေရိကန် စာရေးဆရာမ တစ်ယောက်ပါသည်။ ပြတိုက်မှ ကျွန်မကို တစ်ခဏ မလှုပ်မယှက် ငြိမ်သက်သွားအောင် ဆွဲယူလိုက်သောအရာမှာ ကျွန်ခေတ်ကအာဖရိက လူမျိုးများကို ချုပ်နှောင်စေခိုင်းရာတွင် သုံးခဲ့သည့် သံထည် ပစ္စည်း အသုံးအဆောင်များဖြစ်ပါသည်။ ကြီးမားလှသော သံခြေချင်း ကြိုးများ၊ သံကော်လာများနှင့် သံကြိုးကွင်းကြီးများမှာ အနှစ်နှစ် အလလ ကြာခဲ့ ပြီဖြစ်၍ ဟောင်းနွမ်းကာ သံချေးရောင်ပေါက်နေခဲ့ပြီ။ သို့သော် ထို သံကြိုးသံကွင်းကြီးများ၏ လေးလံစွာချုပ်နှောင် ဖိနှိပ်မှု အနှစ်သာရ ကတော့ လျော့နည်းသွားခြင်းမရှိခဲ့။

ကျွန်မ၏လက်ညှိုးဖြင့် ကြီးမားသော သံခြေချင်းတစ်ခုကို အသာထိကြည့်လိုက်သည့်အခါ ဒေါသတကြီး ငိုညည်းသံများ ကျွန်မ အာရုံထဲမှာ ကြားယောင်လာခဲ့သည်။ သံခြေချင်းပွတ်တိုက်မှုကြောင့် သွေးချင်းချင်းနီနေသော ခြေထောက်များကို ရုပ်ရှင်တွေထဲမှာ မြင်ခဲ့ ဖူးပါသည်။ The Roots ဇာတ်ကားကိုကြည့်စဉ်က ရွက်သင်္ဘောကြီး

http://www.cherrythitsar.org



ပေါ်မှာ အာဖရိကန်ကျွန်များကို ကြာပွတ်ဖြင့် ရိုက်နှက်သည့် ပြကွက် တစ်ခုပါခဲ့၏။ မည်းပြောင်နေသော ကျောပြင်မှာ အသားစုတ်ပြတ်လန် နေသော ကြာပွတ်ရိုက်နှက်ချက် ဒဏ်ရာများဖြင့် အာဖရိကန် ကျွန် များအား ပင်လယ်ရေတွေဖြင့် လောင်းချပက်ဖြန်းလိုက်သည့်အခါ သူတို့တတွေ ထွန့်ထွန့်လူး အော်ဟစ်ညည်းညူခဲ့ရတာကို ကျွန်မ မှတ်မိ နေခဲ့၏။ သံခြေချင်းများ သံကြိုးကွင်းကြီးများကိုကြည့်ရင်း ကျွန်မ ရင်ထဲမှာ နာကျင် နင့်သည်းမှုတစ်ခုကို ခံစားနေခဲ့ရ၏။

အာဖရိကန်လူမျိုးတွေရဲ့ကိစ္စ၊ ကျွန်မနဲ့မဆိုင်ဘူး။ ပြီးလည်း ပြီးခဲ့ပြီ၊ ကျွန်မတို့ခေတ်နဲ့မဆိုင်ဘူး။ ဘယ်လိုပဲကိုယ့်ကိုယ်ကို ခွဲထွက်ထွက် အတိတ်ဆီမှ သမိုင်းဝင်ဖြစ်စဉ်များက ကျွန်မအာရုံတွင် ကပ်ငြိနေခဲ့ သည်။

"ငါတို့တွေ သားကောင်ဖြစ်ခဲ့ရဖူးတယ်"

အာဖရိကန်–အမေရိကန် ကဗျာဆရာမက ကျွန်မအား တည် ငြိမ်စွာပြုံးကြည့်ရင်း တီးတိုးပြောခဲ့၏။

"သားကောင် ...အေးလေ၊ ဘယ်သူကရော သားကောင် မဖြစ် ခဲ့ရလို့လဲ ဟားရီယက်ရယ်၊ ငါတို့လည်း သားကောင်တွေ ဖြစ်ခဲ့ရတာ ပါပဲ" ဟု ကျွန်မသူမအား နှစ်သိမ့်မိသည်။ ကျွန်မတို့ မြန်မာလူမျိုး တွေလည်း တိုင်းတစ်ပါးသားတို့၏ သားကောင်တွေ ဖြစ်ခဲ့ရဖူးတာပဲ။ ထိုစကားပြောပြီးနောက် အတူပါသော ဂျပန်– အမေရိကန် စာရေး ဆရာမ ဂျရယ်ဒင်းကို ဖြတ်ခနဲ လှမ်းကြည့်မိ၏။ အားနာသွားသော ကြောင့် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဂျပန်တွေ ရက်စက်စွာ အုပ် ချုပ်ခဲ့သည့်ဖြစ်ရပ်ကိုတော့မသိ။ တရုတ်ပြည် နန်ကင်း၌ ဂျပန်တို့ ၏ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများကြောင့် မိန်းမတွေ ကလေး တွေ သောင်းနှင့်သိန်းနှင့်ချီ၍ အသက်သေဆုံးခဲ့ရသည်ကို ကမ္ဘာက သိပါသည်။

"ငါတို့လည်း ဖြစ်ခဲ့တာပဲ"

ဂျရယ်လ်ဒင်းက တည်ငြိမ်စွာ ဝင်ပြောသည်။ ထိုအခါကျမှ ကျွန်မအာရုံတွင် ဟီရိုရှီးမားနှင့် နာဂါဆာကီ အဏုမြူသတ်ပွဲများကို

http://www.cherrythitsar.org



သတိရသွား၏။ တကယ်တော့ ကျွန်မတို့အားလုံး၏ ဘိုးဘွားတို့သည် သားကောင်များဖြစ်ခဲ့ကြရသည်။

ဂျူးလူမျိုး ဂျာနယ်လစ်(စ်)(တ်) Tom Segev ၏ 'ခုနစ်သန်း' ဟူသော စာအုပ်တွင်ပါသည့် အကြောင်းအရာတစ်ခုကို ကျွန်မ သတိရသွားသည်။ စာရေးဆရာကိုယ်တိုင်က ပိုလန်မြို့ အော့ရှ်ဗစ်(တ်)(စ်) အကျဉ်းစခန်းနှင့် အခြားဂျူးသုတ်သင်ရေးအကျဉ်း စခန်းများဆီသို့ သွားရောက်လည်ပတ်သည့် အတွေ့အကြုံကို ရေးထားခဲ့ခြင်း ဖြစ်သည်။ စာရေးဆရာနှင့်အတူ ဂျူးကျောင်းသား ကျောင်းသူများပါသည်။ နာဇီအကျဉ်းစခန်းများသို့ လေ့လာရေးခရီးသည် ဘာသာရေး ကျောင်းသားရော ဘာသာရေးမဟုတ်သည့် ကျောင်းက ကျောင်းသားရော နှစ်မျိုးလုံးအတွက် သင်ရိုးညွှန်းတမ်း တစ်စိတ်တစ်ပိုင်း အဖြစ်ပါဝင်သည်။ ပညာရေးစနစ်၏ သင်ယူလေ့လာရမည့် အစိတ်အပိုင်းတစ်ခုဖြစ်နေသည်။ ကျောင်းသားများသည် ပိုလန် ဂျူးအကျဉ်းစခန်းများသို့ ကိုယ်တိုင်မလာမီ စာအုပ်များဖတ်ခဲ့ပြီးပြီ၊ ဗွီဒီယိုနှင့် ရုပ်ရှင်များ ကြည့်ခဲ့ပြီးပြီ။ သူတို့ ဘိုးဘွားများ၏ တစ်ဆင့် အတွေ့အကြုံများကို နားထောင်ခဲ့ပြီးပြီ။ သူတို့သည် ပျက်စီးယိုယွင်းနေသော အကျဉ်းစခန်း အဆောက်အဦများတွင် ဘုရားစာအုပ်များ ထုတ်ပြီး ရွတ်ဆိုကြသည်။ သေမင်းအကျဉ်းစခန်းမှ လွတ်မြောက်ခဲ့သူ ဂျူးဂီတပညာရှင် ယေဟူဒါ ပိုလီကာ၏ ဂီတကို ကက်ဆက်ဖြင့် နားထောင်ကြသည်။ မီးသင်္ဂြိုဟ်စက်တစ်ခုအတွင်းတွင် ဖယောင်းတိုင် တစ်တိုင်ထွန်းပြီး ကျောင်းသားများ ဒူးထောက်ကာ ဆုတောင်းစာရွတ်ကြသည်။

ထိုနေရာသည် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု၏ ပြတိုက်များ စုဝေးရာဖြစ်သည်။ နှစ်စဉ်လူပေါင်း သန်းနှင့်ချီ၍ လာရောက်လည်ပတ်ကြသည်။ ထိုနေရာသည် သမိုင်းဖြစ်သည်။ ထိုနေရာသည် မှတ်တမ်းဖြစ်သည်။ ထို့ပြင် ဂျူးလူမျိုးများအတွက် ထိုနေရာသည် ဘာသာရေးဆန်ဆန် ဦးခိုက်ကိုးကွယ်ရာ နေရာလည်း ဖြစ်သည်။ ဂျူးတို့၏ အမြင်အရ ၁၉၃၃ခုနှစ်တုန်းကသာ အစ္စရေး နိုင်ငံတည်ရှိခဲ့ မည်ဆိုလျှင် Holocaust အစုလိုက် အပြုံလိုက် သတ်ဖြတ်မှု ဘယ်တော့မှ ဖြစ်ပွားခဲ့

http://www.cherrythitsar.org



မှာ မဟုတ်။ အကြောင်းမှာ အစ္စရေးနိုင်ငံသည်သာ ဂျူးတို့၏ လုံခြုံရာ လွတ်မြောက်ရာ ဖြစ်သောကြောင့်။ ဟစ်တလာ၏ သားကောင်များ သည် အာဇာနည်များအဖြစ် သေဆုံးခဲ့ရပြီး ဂျူးနိုင်ငံနယ်မြေအတွက် အသက် စတေးခံသွားခဲ့ခြင်းဖြစ်သည်။ တစ်နည်းဆိုရလျှင် နာဇီ အကျဉ်းစခန်းများမှ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကြောင့် အစ္စရေး နိုင်ငံဖြစ်ပေါ်လာသည်ဟု ဆိုနိုင်မလားမသိပါ။ Holocaust ၏ အထိမ်း အမှတ် Memorial တစ်ခုကို ဂျေရုဆလင်မြို့အနီးမှာ တည်ဆောက် ထားခဲ့သည်။ ထိုအထိမ်းအမှတ် ပြတိုက်ကို သွားရောက်ကြည့်ရှု သူ တိုင်း လွန်ခဲ့ပြီးသော ဖြစ်ရပ်ဆိုး၏ လွှမ်းမိုးမှုချုပ်ကိုင်မှုကို ခံရသည်ဟု ဆိုပါသည်။

လူတွေဘာဖြစ်လို့ အဲသည်နာကျင်ဖွယ်ရာ ပြတိုက်များဆီသို့ လည်ပတ် ကြည့်ရှုကြပါသလဲ။ ကျွန်မဘာဖြစ်လို့ အာဖရိကန်ပြ တိုက်သို့ ရောက်ခဲ့သလဲ။ ဟားရီးယက် ဘာဖြစ်လို့ ပြီးခဲ့သည့် ဝေဒနာ များကို မျက်ဝါးထင်ထင် လာကြည့်သလဲ။ ကျွန်မဘာသာ တွေးကြည့် မိသည်။ သမိုင်း၏ နာကျင်မှုတွေကို မျှဝေခံစားဖို့ ဖြစ်လိမ့်မည်။

ကျွန်မတို့သည် သမိုင်းကို ပြန်ကြည့်ချဉ်းကပ်ရာ၌ နာကျင်မှု ကို မျှဝေခံစားခြင်းသည်လည်း ထိရောက်သော ချဉ်းကပ်နည်း တစ်ခု ဖြစ်လိမ့်မည်။ သမိုင်းကို သင်ကြားခြင်း၊ လေ့လာခြင်းသည် ကောင်းပါ သည်။ သို့သော် ဘာတွေ ဘယ်လိုဖြစ်ပျက်ခဲ့သည်ဟူသော အဖြစ်မှန်ကို ရှင်းပြခြင်းနှင့်အတူ စွဲနစ်အာရုံဝင်စားမည့် အောက်မေ့ဖွယ် မှတ်ဉာဏ် လည်း အရေးကြီးပါသည်။ အောက်မေ့ဖွယ် မှတ်ဉာဏ်ဆိုရာ၌ နာ ကျည်း ခါးသီးမှုပါမည်၊ မုန်းတီးမှုပါမည်၊ နာကျင်မှုပါမည်၊ ကြောက်ရွံ့ မှုပါမည်။ တစ်နည်းပြောရလျှင် သမိုင်း၏ ကိုယ်ခန္ဓာနှင့် စိတ်ဝိညာဉ် ဆိုပါစို့။ စစ်သူကြီး မဟာဗန္ဓုလတိုက်ပွဲ ကျခြင်းသည် အင်္ဂလိပ်–မြန်မာ စစ်ပွဲ၏ သမိုင်းအချက်အလက် ဖြစ်မည်။ မဟာဗန္ဓုလ၏ တိုက်ပွဲဝင် မြင်ကွင်းဆိုင်ရာ ပန်းချီ၊ ရုပ်ရှင်၊ ဂီတတစ်ခုခုဖြင့် ကျွန်မတို့ နာကျင်စွာ သို့မဟုတ် ရဲဝံ့စွာ အမျိုးမျိုးခံစားရခြင်းသည် သမိုင်း၏ စိတ်ဝိညာဉ်ဖြစ်

http://www.cherrythitsar.org



မည်။ ကိုယ်ခန္ဓာနှင့် စိတ်ဝိညာဉ် နှစ်ခုပေါင်းသည့်အခါ သမိုင်းသည် ကျွန်မတို့ကို ပို၍ လှုပ်ခတ်စေလိမ့်မည်။

မျိုးရိုးဆက်ခံခြင်းနှင့် မျိုးရိုးစဉ်ဆက်သည် နေရာတကာမှာ အရေးပါ၏။ ယဉ်ကျေးမှုမှာလည်း အရေးပါသည်။ လူမျိုးမှာလည်း အရေးပါသည်။ သမိုင်းမှာလည်း အရေးပါသည်။ အာဖရိကန် ကျွန်များ၏ ပြတိုက်၊ ဂျူးသို့ပန်းများ၏ပြတိုက်၊ အမေရိကန် အင်ဒီးယန်းများ၏ပြတိုက် စသဖြင့် နာကျင်ခါးသီးသော ဝေဒနာများ၏ ပြတိုက်တို့သည် သားကောင်ဖြစ်မှုဝေဒနာ၏မျိုးရိုးဆက်ခံခြင်းကို မျှဝေပေးချင်လေသလားဟု ကျွန်မတွေးမိသည်။ ဒါဖြင့် အဲသည် ဝေဒနာမျှဝေမှု၏ ရလဒ်ပန်းတိုင်က ဘာလဲ။ လက်စားချေခြင်းလား၊ အမုန်းလား။ မဟုတ်ပါ။ သမိုင်းကို အမှန်တရားအဖြစ်စိတ်က ခံစားခြင်းကို ဦးတည်ပါလိမ့်မည်။ သမိုင်းသည် အချက်အလက်တစ်ခု မျှသာ မဟုတ်၊ ခုနှစ်တစ်ခုမျှသာမဟုတ်၊ အဖြစ်အပျက်တစ်ခုမျှသာ မဟုတ်။ သဘောထားအမြင် တစ်ခုမျှသာမဟုတ်။ အမှန်တရား တစ်ခုဖြစ်သည်။

ဂျပန်ကင်ပေတိုင်နှင့် မြန်မာတော်လှန်ရေးသမားများ၏ အမှန် တရားကို ကင်ပေတိုင်ရုံးဟောင်း အိမ်ထဲမှာတုန်းက အောက်မေ့ဖွယ် မှတ်ဉာဏ်အဖြစ် မခံစားခဲ့ရသော ကျွန်မသည် ကျွန်မနှင့် ဘာမှမဆိုင် (ဟုပြောနိုင်)သော အာဖရိကန်ပြတိုက်ထဲရောက်တော့ အာဖရိကန် ကျွန်များအတွက် ကြေကွဲသီးထသွားခဲ့တာ တစ်ခုခုတော့ မှားနေပြီထင် သည်။ ကျွန်မ၏အသက်အရွယ် ကွာခြားမှုကြောင့် စိတ်အာရုံ ကွာခြားခဲ့တာလား။ အဲဒီလိုတော့ မဖြစ်နိုင်ပါ။ ဥဒါန်း မကျေ... ဟူသော ရုပ်ရှင်ကားကို ကျွန်မ ၄–၅တန်းအရွယ်မှာ ကြည့်ရတုန်းက ဂျပန်တော်လှန်ရေးကာလတုန်းက နာကျင်မှုဝေဒနာများကို ကျွန်မခံစားခဲ့ရသေးတာပဲ။ ဖြစ်နိုင်သည်မှာ နေရာနှစ်ခု၏ ဖြစ်တည်မှု ကွာခြားသောကြောင့်ပဲ နေမှာပါ။ ကင်ပေတိုင်ရုံးဖြစ်ခဲ့ဖူးသောအိမ်သည် သမိုင်းကို ဖုံးကွယ်ဖျောက်

http://www.cherrythitsar.org



ဖျက်ထားသော အိမ်ဖြစ်သည်။ သာမန် ပွဲစားအိမ်တစ်အိမ်အဖြစ် အသုံးခံရသော အိမ်ဖြစ်သည်။ အိမ်တွင် ကျွန်မသည် အိမ်လိုပဲ ခံစားခဲ့လေသည်။

သမိုင်းကို သင်ကြားရတာ ငါတို့ မအ အောင်လို့ ... ဟု သမိုင်း ပညာရှင်ကြီးတစ်ဦးက ပြောခဲ့သည်။ တကယ်အဖိုးတန်သော စကား တစ်ခွန်းဖြစ်ပါသည်။ သမိုင်းကို အမှန်တရားအဖြစ် မျက်ဝါးထင်ထင် ပုံဖော်ဖို့ဆိုလျှင် သမိုင်းစာအုပ်တွေနှင့်ပဲ လုံလောက်ပြီလား၊ အောက်မေ့ ဖွယ် နာကျင်ဖွယ် မှတ်ဉာဏ်ပုံရိပ်တွေရော လိုသေးသလား၊ ကျွန်မ မပြောတတ်ပါ။

ကျွန်မသိသည်က ဝေဒနာဆိုသည်မှာ တစ်စုံတစ်ရာအတွက် တွန်းအားဖြစ်သည်။ စတေးမှုဖြစ်သည်။ သားကောင်အဖြစ် ရက်စက်စွာ ချေမှုန်းဖျက်ဆီးခံရခြင်းသည် ဂုဏ်ယူဖွယ်ရာ မဟုတ်တာတော့ သေချာ၏။ ရှက်စွံ့နာကျင်ဖွယ်ပင် ဖြစ်ချင်ဖြစ်နိုင်သည်။ နာဇီလူသတ်စခန်းများမှ အသက်ရှင် လွတ်မြောက်လာသော ဂျူးလူမျိုးများသည် သံချေးတက်နေသော သင်္ဘောကြီးများဖြင့် ပြည့်ကျပ် မွန်းသိပ်လျက် အစ္စရေးနိုင်ငံသို့ ရောက်ရှိခြေချခဲ့သည့်အခါ သူတို့ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို မပြောပြဘဲ မျိုသိပ် ကြိတ်မှိတ် နေခဲ့ကြသေးသည်ဟု ဆိုပါသည်။ အလားတူအဖြစ်အပျက်မျိုး အနောက်ဥရောပ (အထူးသဖြင့် ပြင်သစ်ပြည်ရှိ ပြင်သစ်ဂျူးများအကြား)မှာ ဖြစ်ခဲ့သည်။ တိတ်ဆိတ်စွာ မျိုသိပ်မှုကို ဖြိုခွဲပေးမှ ထိုဝေဒနာကို အားလုံးကြားခွင့် သိခွင့်ရမည်။ အမှန်တရားဆိုသည်က ဖုံးကွယ်ထားလို့ ရကောင်းသော အရာလည်းမဟုတ်။ မေ့လျော့ထားလို့ ရကောင်းသော အရာလည်း မဟုတ်ပေ။

အမှန်တရားကို အမြဲ လတ်ဆတ်နေအောင် မျိုးရိုးစဉ်ဆက် ဝေဒနာမျှဝေမှုတစ်ခုတော့ လိုအပ်သည်ဟု ကျွန်မနားလည်သွားပါသည်။

*Ref ;*

*- The Joys and Perils of Victimhood by Ian Buruma*
*(New York Reviews of Books)*


**Eleven Media**

*(Eleven News Vol:1/No:45, 29-10-2002)*

http://www.cherrythitsar.org



# လူ့ အဖွဲ့ အစည်းအတွက် အိုင်ဒီယာ(၁၀)ခု



Eleven Media

http://www.cherrythitsar.org



ကျွန်တော့်ရဲ့ကြမ္မာဟာ ခင်ဗျားရဲ့ကြမ္မာနဲ့
ပူးတွဲချည်နှောင်ထားပြီးသားပါ
ပြောရရင်တော့ တစ်လေ့တည်းစီး ခရီးသည်တွေမို့
"ခင်ဗျားဘက်က လှေတော့နစ်တော့မယ်..." လို့
ပြောလို့ မရသလိုပါပဲ။

http://www.cherrythitsar.org



# လူ့အဖွဲ့အစည်းတစ်ရပ်အတွက် အိုင်ဒီယာ (၁၀)ခု

မာဆယ်ပရုစ်တ်က ပြောခဲ့ဖူးပါတယ်။

"ရှာဖွေတွေ့ရှိခြင်းရဲ့ တကယ့်ခရီးဟာ နယ်မြေအသစ်တွေကို လိုက်ရှာခြင်းနဲ့ ဖွဲ့စည်းထားတာမဟုတ်၊ မျက်လုံးအသစ်များဖြင့် မြင်တတ်ခြင်းနဲ့ ဖွဲ့စည်းထားတာပါ…" တဲ့။

ဒီတော့ လူ့အဖွဲ့အစည်းကို ကျွန်တော်တို့ မျက်လုံးအသစ်တွေနဲ့ ကြည့်ရအောင်။

လူ့အဖွဲ့အစည်းဆိုတာ ပထဝီမြေပုံတစ်ခုပေါ်က နေရာတစ်နေရာအဖြစ်ထက်ပိုပါတယ်။ လူ့အဖွဲ့အစည်းဆိုတာ စိတ်အခြေအနေတစ်ခုပါ။ မျှဝေခံစားတဲ့အမြင်တစ်ခုပါ။ ဆင်တူကံကြမ္မာ တစ်ခုပါ။ လူ့အဖွဲ့အစည်းတစ်ခုမှာ လူမှုဗိသုကာတွေ လိုအပ်ပါတယ်။ လူမှုရေးဆိုင်ရာ တံတားဆောက်သူတွေ၊ မြဲမြံခိုင်မာတဲ့ နှောင်ဖွဲ့မှုကြိုးတွေကို တည်ဆောက်ပေးမယ့် ဆောက်လုပ်ရေးအင်ဂျင်နီယာတွေ၊ တံတိုင်းနဲ့

http://www.cherrythitsar.org



အတားအဆီးတွေကို ဖြိုချဖယ်ရှားပေးမယ့်သူတွေ လိုပါတယ်။

လူ့အဖွဲ့အစည်းဆိုတာ သီးသန့်အာရုံစိုက်မှုတွေ၊ အလုပ်မြတ်နိုးမှုတွေ၊ ခံနိုင်ရည်သတ္တိတွေနဲ့ ဖွဲ့စည်းထားတာဖြစ်တယ်။ နောက်ပြီး ကျွန်တော်တို့ရဲ့ လက်ထဲကနေ ကျွန်တော်တို့ သားသမီးတွေရဲ့ လက်ထဲကို မလွှဲမသွေလက်ဆင့်ကမ်းပေးလို့ရတဲ့အရာလည်း မဟုတ်ပါဘူး။ လူ့အဖွဲ့အစည်းဆိုတာ အာမခံပစ္စည်းတစ်ခုလည်းမဟုတ်။ စဉ်ဆက်မပြတ် စိန်ခေါ်မှုတစ်ခုသာ ဖြစ်ပါတယ်။

အရည်အချင်းရှိတဲ့ လူ့အဖွဲ့စည်းတစ်ခုကို ကျွန်တော်တို့ ဘယ်လိုတည်ဆောက်ကြမလဲ။ ဒါဟာ အလွန်အရေးကြီးတဲ့ မေးခွန်း တစ်ခုပါ။ ကျွန်တော်တို့ဟာ လူ့အဖွဲ့အစည်း ကောင်းတစ်ရပ် မတည်ဆောက်နိုင်ခဲ့တဲ့ နိုင်ငံတွေရဲ့ ကြေကွဲဖွယ်ရလဒ်တွေကို နေ့စဉ်နှင့်အမျှ မြင်တွေ့နေရတယ်။ ဘော့စနီးယားနဲ့ ကိုဆိုဗိုမှာ၊ သီရိလင်္ကာမှာ၊ ကွီဘက်မှာ၊ ရဝမ်ဒါမှာ။

တကယ်တော့ အဇာဘိုင်ဂျန်နဲ့ ဘော့စနီးယားမှာ ဒီကနေ့ဖြစ် ပျက်နေတာတွေဟာ ကွန်မြူနစ်ဝါဒရဲ့ ကျဆုံးခြင်းမဟုတ်ပါဘူး။ ဒါဟာ လူ့အဖွဲ့အစည်းရဲ့ ကျဆုံးခြင်းပါ။ ဆာ့ဘ်လူမျိုးတွေ၊ ဆလိုဗေးနီးယန်းတွေ၊ ခရိုအက်တွေ၊ ဘော့စနီးယန်းတွေ လူမျိုး အချင်းချင်း သတ်ဖြတ်လာခဲ့ကြတာ မာ့က်စ်မမွေးဖွားမီ ပဝေသဏီကတည်းကပါ။ တကယ်ဆိုရင် ဘော့စနီးယားနိုင်ငံက လူမျိုးတွေက အမေရိကန်ပြည်ထောင်စုလောက်တောင် အမျိုးအစားကွဲပြားမှု များခဲ့တာ မဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်တော်တို့က လူ့အဖွဲ့အစည်းတစ်ခုကို တည်ထောင်နိုင်ခဲ့တယ်။ ဒါက ကျွန်တော်တို့ရဲ့ အားသာချက်၊ ဒါမှမဟုတ် လျှို့ဝှက်ချက်ပေါ့။ ပထဝီဒေသတစ်ခုကို အတူမျှဝေနေထိုင်တဲ့ လူတွေဟာ လူ့အဖွဲ့အစည်းတစ်ခု ဖြစ်ကိုဖြစ်လာရမယ်။ မဖြစ်ခဲ့ရင်တော့ ဒါဟာ အပိုင်းပိုင်းအစွာစွာ ပြိုကွဲခြင်းဆီ ဦးတည်နေမှာပါပဲ။ ကျွန်တော်တို့ဟာ ပထဝီဒေသတစ်ခုထဲမှာ မျှဝေနေထိုင်တဲ့အခါ ဘာသာစကားလည်း မျှဝေရမယ်၊ ယဉ်ကျေးမှုလည်း မျှဝေရမယ်။ စံနှုန်းတွေ တန်ဖိုးတွေလည်း မျှဝေရပါလိမ့်မယ်။ နားလည်ထားဖို့က ကျွန်တော်တို့

http://www.cherrythitsar.org



အားလုံးဟာ ကံကြမ္မာကိုပါ မျှဝေခံစားနေရတယ်ဆိုတာပါပဲ။ ကျွန်တော့်ရဲ့ကြမ္မာဟာခင်ဗျားရဲ့ကြမ္မာနဲ့ ပူးတွဲ ချည်နှောင်ထားပြီးသားပါ။ ပြောရရင်တော့ တစ်လှေတည်းစီး ခရီးသည်တွေမို့ 'ခင်ဗျားဘက်က လှေတော့နစ်တော့မယ်...' လို့ ပြောလို့ မရသလိုပါပဲ။ ဒါကြောင့် ကျွန်တော် ခင်ဗျားတို့ကို ဝေမျှချင်တာက ကိုယ်ကိုယ်တိုင်ရဲ့လူမှုပတ်ဝန်းကျင် တစ်ခု အသစ်ပြင်ဆင်ဖို့ တိုးချဲ့ဖို့ လိုအပ်တဲ့ ဆောက်လုပ်ရေး အုတ်မြစ် (၁၀)ခုအကြောင်းပါပဲ။ အရည်အချင်းရှိတဲ့ လူမှုပတ်ဝန်းကျင် လူ့ အဖွဲ့အစည်းတစ်ခုအတွက် အိုင်ဒီယာ(၁၀) ခု ဆိုပါစို့။

## အိုင်ဒီယာ အမှတ် (၁)

လူ့အဖွဲ့အစည်းကို လွှဲပြောင်းပစ္စည်းတစ်ခုအဖြစ် မယူဆပါနဲ့။ လူ့အဖွဲ့အစည်းကို ထာဝရ ပြန်လည်တည်ဆောက်ပြီး ပြန်လည် ဆန်းသစ်နေရမှာဖြစ်တယ်။

'ကျွန်တော်တို့တွေဘယ်လောက်ပဲ အတ္တကြီးကြီး၊ အရည်အသွေး မဲ့မဲ့၊ အစွမ်းကုန်အပျော်လိုက်စားနေနေ ဘုရားက ကျွန်တော်တို့ကို ကယ်တင်လိမ့်မယ်' ဆိုတဲ့ အတွေးဟာ တော်တော် အန္တရာယ်ကြီးတဲ့ စိတ်ကြီးဝင်အတွေးပါ။ အချိန်ရဲ့ဖျက်ဆီးမှုမှာ ကြံ့ကြံ့ခံနိုင်စွမ်းတဲ့ တိုင်းပြည်ရယ်လို့ သမိုင်းမှာ တစ်ခါမျှ မရှိခဲ့ဖူးပါဘူး။ သမိုင်းဆရာ တွိုင်ဘီက သတိပေးဖူးတယ်။ ကြီးကျယ်တဲ့ နိုင်ငံတွေ အားလုံးဟာ တက်ပြီးရင်ကျရမှာပဲ တဲ့။ သမိုင်းကို ခွဲစိတ်ကြည့်ရင် နိုင်ငံကြီးတွေ အားလုံး ကိုယ့်ကိုယ်ကိုသေကြောင်းကြံတာတွေကြီးပဲ တဲ့။ ဘုရားက ကျွန်တော်တို့ကို သူ့အလိုအလျောက် ကယ်တင်မှာ မဟုတ်၊ ဘုရားရဲ့ အကူအညီနဲ့ ကျွန်တော်တို့ဘာသာ ကယ်တင် ယူရမှာပါ။

အောင်မြင်တဲ့ နိုင်ငံတွေ၊ အောင်မြင်တဲ့ လူ့အဖွဲ့အစည်းတွေဟာ ဒီအတိုင်းဖြစ်ပေါ်လာတာမဟုတ်ဘူး။ သီးသန့် အာရုံစူးစိုက်မှုတွေ၊ အနစ်နာခံမှုတွေ၊ အလုပ်ကြိုးစားမှုတွေနဲ့ တည်ဆောက်ခဲ့ရတာ။

http://www.cherrythitsar.org



တစ်ယောက်ကိုတစ်ယောက် ကူညီစောင့်ရှောက်မှုတွေ၊ အတူတွဲဖက်လုပ်ကိုင်ဆောင်ရွက်မှုတွေနဲ့ တည်ဆောက်ခဲ့ရတာပါ။

အမေဇုန် ဒဏ္ဍာရီတစ်ခုက ပြောတယ်။ ဘုန်းကြီးတစ်ပါးက ဘုရားကို နိဗ္ဗာန်နဲ့ ငရဲအကြောင်း မေးခဲ့ဖူးသတဲ့။ ဘုရားက 'ငါ ငရဲကိုပြမယ်' လို့ပြောပြီး အခန်းတစ်ခုထဲ ဝင်ကြတယ်။ အထဲက စားပွဲပေါ်မှာ အလွန်အရသာရှိတဲ့ အမဲသားပေါင်း ဟင်းတစ်ခွက် ရှိတယ်။ ဘေးပတ်လည်မှာတော့ ထိုင်ခုံရှည်တွေနဲ့တွဲပြီး ချည်နှောင်ထားခံရတဲ့ လူတွေထိုင်နေတယ်။ အဲဒီလူတွေအားလုံး အပြင်းအထန် ဆာလောင်ငတ်မွတ်နေကြတယ်။ သူတို့ဟာ လက်ကိုင်အရှည်ကြီးတွေနဲ့ ဇွန်းတွေကို ကိုင်ထားကြတယ်။ သူတို့ဇွန်းတွေက ဟင်းပန်းကန်ဆီတော့ ရောက်ပါရဲ့။ ဒါပေမယ့် လက်ကိုင်တွေက ရှည်လွန်းလို့ ဟင်းကို ခတ်ပြီးတဲ့အခါ သူတို့ပါးစပ်တွေဆီ ပြန်မရောက်နိုင်ခဲ့ဘူး။ သူတို့ခံစားနေရတာက ကြောက်စရာပဲ။ နောက်တော့ ဘုရားက 'ငါ နိဗ္ဗာန်ကိုပြမယ်' ဆို ပြီး ဆင်တူအခန်းတစ်ခုထဲကို ခေါ်သွားပြန်တယ်။ အဲဒီမှာ မွှေးကြိုင်နေ တဲ့ ဟင်းပန်းကန်တင်ထားတဲ့ စားပွဲပတ်လည်မှာ လူတွေ ထိုင်နေကြ တယ်။ သူတို့မှာလည်း စောစောကနဲ့ဆင်တူဇွန်းတွေ ကိုင်ထားတယ်။ ဒါပေမယ့် သူတို့အားလုံး ဝလင်အောင် စားသောက်ထားလို့ ပျော်ရွှင် နေကြတယ်။ ဘုန်းကြီးက နားမလည်နိုင်တော့ ဘုရားကပြောတယ်။ 'ဒါလွယ်လွယ်လေးပါကွာ၊ ဒီလူတွေက တစ်ယောက်ကို တစ်ယောက် ခွံ့ကျွေးဖို့ သင်ယူတတ်မြောက် ထားခဲ့ကြတာ' တဲ့။

ကျွန်တော်တို့ ဘော့စနီးယားမှာလို အပိုင်းပိုင်းအစစတွေ ဖန်တီးကြမလား၊ ဒါမှမဟုတ် လူ့အဖွဲ့အစည်းတစ်ရပ် ဖန်တီးကြမလား၊ ဒါကျွန်တော်တို့အပေါ်မှာပဲ မူတည်နေပါတယ်။

## အိုင်ဒီယာ အမှတ် (၂)

ကြီးကျယ်တဲ့ လူ့အဖွဲ့အစည်းဟာ ကြီးမြတ်တဲ့ ခေါင်းဆောင်တွေလိုတာ မှန်ပါတယ်။ ဒါပေမယ့် ကြီးမြတ်တဲ့ ပြည်သူတွေလည်း

http://www.cherrythitsar.org



လိုပါတယ်။

နိုင်ငံတစ်ခု အစစ်အမှန် ကြီးကျယ်ဖို့ဆိုရင် အစွမ်းအစရှိတဲ့ ခွန်အားကြီးတဲ့ သူရဲကောင်းတွေနဲ့တင် မလုံလောက်ပါဘူး။ သူရဲကောင်း ဆိုတာ အမြဲတမ်း လိုသလောက် ရနေတာမဟုတ်ဘူး။ ဒါကြောင့် ကျွန်တော်တို့ ခင်ဗျားတို့ဟာ မကြာခဏဆိုသလို သူတို့မပါပဲ ဆောင်ရွက်နိုင်ဖို့လိုပါတယ်။ ယုံကြည် စိတ်ချရ အားထားရတဲ့ နိုင်ငံသားတွေ ထောင်နဲ့သောင်းနဲ့ချီပြီး ရှိဖို့လိုပါတယ်။ ရိုးသားတဲ့ ပြည်သူ ပြည်သားတွေ၊ သူတို့ကိုယ်ကျိုးထက် အများပြည်သူအကျိုးကိုပိုအလေးထားတဲ့ သူတွေပေါ့။

အရည်အသွေးရှိတဲ့ လူ့အဖွဲ့အစည်းဟာ ခေါင်းဆောင်လမ်းပြ ထက် အရည်အသွေးရှိတဲ့ ပြည်သူပြည်သားတွေပိုလိုတယ်။ ခင်ဗျား ရဲ့ အိမ်နီးချင်းသမာသမတ်ကျမယ်၊ မှန်ကန်တဲ့ ဆောင်ရွက်မှုပြုလုပ် မယ်လို့ ခင်ဗျား ယုံကြည်စိတ်ချနိုင်ဖို့ လိုပါတယ်။ လူ့အဖွဲ့အစည်း တစ်ရပ် တည်ဆောက်နိုင်ဖို့ ခင်ဗျားအနေနဲ့ ခင်ဗျားရဲ့ အိမ်နီးချင်းကို ချစ်ခင်ဖို့မလိုပါဘူး။ ဒါပေမယ့် အိမ်နီးချင်းတွေကို ကြောက်ရွံ့စိုးရိမ် မနေရဖို့တော့ လိုတယ်။ အဓိပ္ပါယ်ကတော့ လူ့အဖွဲ့အစည်းတစ်ခုမှာ အတိုင်းအတာတစ်ခုအထိ ယုံကြည်စိတ်ချဖို့ လိုပါတယ်။

## အိုင်ဒီယာ အမှတ် (၃)

လူ့အဖွဲ့အစည်းတစ်ခုဟာ ခံနိုင်ရည်သတ္တိကို မွေးရမယ်၊ ဒါပေ မယ့် အဲဒီခံနိုင်ရည်ဟာလည်း အတိုင်းအဆမဲ့တော့ မဟုတ်ဘူး။ လွတ် လပ်ခွင့်နဲ့ လူမှုရေး အစီအမံတွေ ဟန်ချက်ညီဖို့၊ ရပိုင်ခွင့်တွေနဲ့ တာ ဝန်သိမှုတွေ ဟန်ချက်ညီဖို့၊ အလိုအလျောက် ဖြစ်မှုနဲ့ ဖွဲ့စည်းတည် ဆောက်မှုတွေ လိုအပ်ပါတယ်။

ခံနိုင်ရည် သတ္တိဆိုတာ စကားအဖြစ်သာ ပြောလို့လွယ်တာ။ လက်တွေ့ကျင့်သုံးဖို့တော့ ခက်ခဲလှပါတယ်။ လူ့အဖွဲ့အစည်းဟာ ဘာ တွေကို ခံနိုင်ရည်ရှိရမလဲ။ ဘာတွေကို သည်းမခံရဘူးလဲ။ ဒါကလည်း

http://www.cherrythitsar.org



အကြောင်းခြင်းရာပေါ်မှာ မူတည်ပါတယ်။

ခင်ဗျား သမ္မာကျမ်းစာကို ဖတ်ခွင့်ရှိတယ်၊ ကိုရမ် ကျမ်းစာကို ဖတ်ခွင့်ရှိတယ်၊ ဒါပေမယ့် တခြားလူတွေကို အတင်းအကျပ် ဖတ်ခိုင်းဖို့ ခွင့်မရှိဘူး။ ကျွန်တော်တို့ဟာ ဘယ်သူ့စိတ်ကူးစိတ်သန်းကိုမဆို သည်းခံနိုင်ကြပါတယ်။ လူမှုအဖွဲ့အစည်းဟာ ငြင်းခုံလျှောက်လဲမှုတွေနဲ့ ရှင်သန်နေရမှာပေါ့။ ဒါပေမယ့် အဲဒီစိတ်ကူးစိတ်သန်းတွေကို အများပြည်သူဆိုင်ရာ ဌာနတွေမှာ အတင်းအကြပ် ယုံကြည် မခိုင်းသင့်ဘူး။

ဥပမာ–တချို့လူတွေက ဂျူးတွေကို အစုလိုက် အပြုံလိုက် သတ်ဖြတ်မှု ဘယ်တုန်းကမှ မဖြစ်ခဲ့ဘူးလို့ ယုံကြတယ်။ သူတို့ မှားယွင်းစွာ ယူဆခွင့်ရှိပါတယ်။ အကြီးအကျယ်မှားယွင်းဦးတော့ ဒါကို ကျွန်တော်တို့ ခံနိုင်ရည်ရှိတယ်။ သူ့ဟာသူ ဆပ်ပြာသေတ္တာခွံပေါ်မှာ တက်ရပ်ပြီး တရားဟောချင်ဟော၊ ဒါပေမယ့် ကျွန်တော်တို့ ကျောင်းတွေမှာ အဲဒီလို ဆန့်ကျင်ဘက်အမြင်ကိုလာပြီး ဝါဒဖြန့် သင်ကြားပေးမှာကိုတော့ သည်းမခံနိုင်ဘူးပေါ့။ ကျွန်တော်တို့မှာ ဂျူး တွေကို သတ်ပစ်တဲ့ မှတ်တမ်းဓာတ်ပုံတွေ လူသက်သေတွေ ရှိတယ် လေ။

အမျိုးမျိုးကွဲပြားခြားနားနေတဲ့ လူမျိုးစုတွေ၊ အယူဝါဒတွေ၊ ဘာသာ ကိုးကွယ်မှုတွေနဲ့ ဖြစ်ပေါ်နေတဲ့ကျွန်တော်တို့ရဲ့ လူ့အဖွဲ့အစည်းမှာ ကျွန်တော်တို့ဘာကို သည်းခံရမလဲ၊ ဘာကို သည်းမခံရဘူးလဲ။

ဘာသာရေးလွတ်လပ်ခွင့်ဟာ ရှိကိုရှိသင့်တယ်။ ဘာသာအယူ အရ ကိုယ့်ကိုယ်ထဲကို သွေးသွင်းခံဖို့ ငြင်းပယ်ခွင့်ရှိတယ်။ ဆေးဝါး ကုသမှုတောင် ငြင်းပယ်ခွင့်ရှိပါတယ်။ ဒါပေမယ့် သူတို့ရဲ့ သားသမီး တွေအတွက် သွေးသွင်းခံခွင့်၊ ဆေးဝါးကုသခံခွင့်ကို သူတို့က ငြင်း ပယ်မှာကိုတော့ ကျွန်တော်တို့သည်းမခံသင့်ဘူး။ သူတို့ရဲ့ (၁၃) နှစ် အရွယ် သမီးလေးကို (၄၅) နှစ်အရွယ် ဦးလေးကြီးတစ်ယောက်နဲ့ ဇွတ် အတင်းပေးစားတာမျိုး၊ သူတို့သမီးတွေရဲ့ လိင်အင်္ဂါကို ဖြတ်တောက်

http://www.cherrythitsar.org



ပစ်တာမျိုး၊ ဒါကိုတော့ ကျွန်တော်တို့ သည်းခံအောင့်အည်း မကြည့်နိုင်ပါဘူး။

သည်းခံနိုင်မှုနဲ့ ကစဥ့်ကလျားဖြစ်မှုတွေအကြားက ဟန်ချက်၊ လွတ်လပ်မှုနဲ့ လူ့အဖွဲ့အစည်းကြားကဟန်ချက်၊ ဒါတွေကို ရှာဖွေရတာဟာ အမြဲတမ်းပဲ မပြီးဆုံးသေးတဲ့ လုပ်လက်စအလုပ်ပဲ ဖြစ်နေမှာပါ။

**အိုင်ဒီယာ အမှတ် (၄)**

လူ့အဖွဲ့အစည်းဆိုတာ ဂျိုးဇက်ရဲ့ကုတ်အင်္ကျီလို အရောင်အသွေး အယူဝါဒ အမျိုးစုံရှိနေနိုင်တယ်။ ဒါပေမယ့် မတူခြားနားမှုတွေကနည်းပြီး တူညီတဲ့ အရာတွေကသာ ပိုများသင့်တယ်။

လူမျိုးကွဲပြားစုံလင်မှု ဆိုတဲ့ စကားဟာ အမေရိကန်ပြည်ထောင်စုမှာ ခေတ်စားနေပါတယ်။ အထူးသဖြင့် တက္ကသိုလ် ကောလိပ် ပရဝုဏ်တွေမှာပေါ့။ လူမျိုးကွဲပြားစုံလင်မှုဟာ အားရကြည်နူးစရာပါ။ ဒါပေမယ့် ပေါင်းစည်းညီညွတ်မှုကပိုပြီး စိတ်တက်ကြွကျေနပ်ဖို့ကောင်းပါတယ်။ ကမ္ဘာအနှံ့ကိုကျွန်တော် ရောက်ဖူးသမျှဖြင့် မတူကွဲပြားတဲ့ လူမျိုးတွေဟာ (တစ်ယောက်ကို တစ်ယောက် သတ်ဖြတ်မနေဘူးဆိုရင်တောင်) မုန်းတီးနေကြတာချည်းပါပဲ။

လူ့အဖွဲ့အစည်းတစ်ခုမှာ လူတွေကို ခြားနားထားတဲ့အရာတွေထက် အသွေးတူအဆင်တူ တူညီနေမှုကို ပိုလိုအပ်ပါတယ်။

ဟစ်စ်ပဲနစ်လူမျိုး ကျောင်းသားတွေဟာ အမေရိကန်ကျောင်းသားတွေနဲ့ ကွဲပြားခြားနားတဲ့ ဘွဲ့ဒီဂရီအဆင့်ကို သူတို့ မက္ကဆီကန်အလံ (အမေရိကန်အလံမဟုတ်) လွှင့်ထူထားတဲ့ ကျောင်းမြေပေါ်မှာလိုချင်တယ်လို့ တောင်းဆိုလာတယ်။ လူ့အဖွဲ့အစည်းတစ်ခု ဖြစ်အောင်ကပ်ပေးဖို့ ကော် (Social glue) ကို မှန်မှန်ကန်ကန်ရွေးပြီး အသုံးမပြုနိုင်ခဲ့ရင် ကျွန်တော်တို့အားလုံး ဖရိုဖရဲ ပြန့်ကျဲနေရပါလိမ့်မယ်။ ကျွန်တော်တို့တည်ဆောက်ထားတဲ့ လူမျိုးပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံရဲ့ လူ့အဖွဲ့အစည်း စမ်းသပ်ချက် အောင်မြင်ခဲ့တာဟာ သည်းညည်းခံနိုင်မှုစွမ်းရည်ကြောင့် မဟုတ်ဘူး။ စိုးမိုးဦးဆောင်မှု စွမ်းရည်ကြောင့်ပါ။

http://www.cherrythitsar.org



## အိုင်ဒီယာ အမှတ် (၅)

တစ်အိမ်ပေါ်တစ်အိမ် တစ်မြေပေါ်တစ်မြေထပ်နေပြီး ကြားနေရာလွတ်မကျန်တော့တဲ့၊ သက်သောင့်သက်သာမရှိတဲ့၊ စိတ်လွတ်လပ် အပန်းပြေဖွယ်မရှိတဲ့ လူ့ပတ်ဝန်းကျင်မျိုးဟာ မင်္ဂလာမရှိ၊ ဗျာပါဒ အပြည့်နဲ့ ဖြစ်နေမှာပါပဲ။

အရည်အသွေးရှိတဲ့ လူ့အဖွဲ့အစည်းဆိုတာ သူ့ပြည်သူပြည်သားတွေအတွက် အလှအပ၊ စိတ်အပန်းဖြေမှုနဲ့ ကျယ်လွင့်ငြိမ်းအေးမှု၊ စိတ်ညွတ်ပြောင်းမှုကို ပေးစွမ်းနိုင်ရပါမယ်။ ကျွန်တော်တို့မှာ သန့်ရှင်းတဲ့ လေလိုတယ်၊ မြေလွတ်မြေကွက်တွေလိုတယ်။ အသက်ရှူဖို့ နေရာကျယ်ကျယ်လိုတယ်။ ကျွန်တော်တို့မျက်လုံးတွေဟာ နေ့စဉ်မြင်နေရတဲ့ ကြီးမားတဲ့ကြော်ငြာ၊ ပိုစတာတွေအပြင် စိမ်းလန်းတဲ့တောင်ကုန်းတွေကိုလည်း ကြည့်နေရဖို့ လိုပါတယ်။ ဒါမှ အဲဒီကနေ ခွန်အားတွေ ရလာမှာပါ။

## အိုင်ဒီယာ အမှတ် (၆)

အရည်အသွေးမီတဲ့ လူ့အဖွဲ့အစည်းဆိုတာ အနာဂတ်ကို ကြိုတင် မျှော်မှန်း ပြင်ဆင်ထားရမယ်။

ဂျာမန် တွေးခေါ်ပညာရှင် Dietrich Bonhoeffer က ဟစ်တလာကို ဆန့်ကျင်တိုက်ခိုက်နေစဉ်မှာကောက်ချက်ချခဲ့ဖူးတယ်။ 'တာဝန်သိတတ်တဲ့ သူတစ်ယောက်အတွက် အပြီးသတ်မေးခွန်းတစ်ခုက သူ့ရဲ့ နောက်လာမယ့်မျိုးဆက် ဘယ်လိုဆက်လက် ရှင်သန်မယ်ဆိုတာပဲ...' တဲ့။ ကျွန်တော်တို့ရဲ့ သားတွေသမီးတွေဟာ ကျွန်တော်တို့မျိုးဆက် မကြုံခဲ့ရတဲ့ စိန်ခေါ်မှုအသစ်တွေကို ရင်ဆိုင်နေရတယ်။ ကျွန်တော်တို့ရဲ့ မိဘတွေဟာ စိတ်ကျဝေဒနာ ခေတ်ကာလနဲ့ ဒုတိယကမ္ဘာစစ်ကို တိုက်ခိုက်ခဲ့ရပြီးနောက် ကျွန်တော်တို့ကို အကြွေးနည်းနည်းကလေးသာ တင်ကျန်စေခဲ့တယ်။ အနာဂတ်မှာ ကျွန်တော်တို့ စဉ်းစားသင့်တဲ့ ပြဿနာသစ်က 'မျိုးဆက်တွေအကြားက သာတူညီမျှအခွင့်ပဲ' လို့ ကျွန်တော်

http://www.cherrythitsar.org



ထင်တယ်။ ကျွန်တော်တို့ဟာ သားသမီးတွေ မြေးတွေအပေါ် တရားပါရဲ့လား။ ကျွန်တော်တို့ တစ်ယောက်ချင်းရဲ့ လူနေမှုစရိတ် ဒေါ်လာ (၂)သောင်းကြောင့် ကျွန်တော်တို့ သားသမီးတွေမှာ အကြွေးဒေါ်လာ သန်းထောင်ပေါင်း (၅.၆) Trillion တင်နေပြီ။ ကွန်ဂရက် အဖွဲ့ဝင် တစ်ယောက် ပြောသလို ပြောရရင်တော့ အကြွေးဆိုတာ အခွန်တော် ဆိုင်ရာ ကလေးသူငယ် နှိပ်စက်ညှင်းပန်းမှုတစ်ခုပဲ။

တကယ်တော့ ယဉ်ကျေးမှုတိုင်း၊ နိုင်ငံတိုင်း၊ ဘာသာတရားတိုင်းမှာ အနာဂတ်မျိုးဆက်အတွက် တရားမျှတမှုကို တောင်းဆိုခွင့်ရှိပါတယ်။ လူမှုအဖွဲ့အစည်းဆိုတာ နောင်လာနောက်သားကို အလေးထားရတယ်။ အရှေ့အလယ်ပိုင်းက စကားပုံတစ်ခုရှိတယ်။ လူတစ်ယောက် အသိဉာဏ်ကြွယ်ဝပညာရှိမှုဟာ သူဘယ်တော့မှ အဲဒီအရိပ်အောက်မှာ ထိုင်ရမှာမဟုတ်မှန်းသိရက်နဲ့ သစ်ပင်တစ်ပင်ကို စိုက်ပျိုးတဲ့အခါမှာ စတာပါပဲ...တဲ့။ ဘုရားရေ... ကျွန်တော်တို့ မျိုးဆက်ကတော့ ကျွန်တော်တို့ အမွေဆက်ခံရရှိတဲ့ အရိပ်ရသစ်ပင်တွေကို ဖြတ်တောက်ခုတ်လှဲနေကြပြီ။

### အိုင်ဒီယာ အမှတ် (၇)

ကြီးမြတ်တဲ့ လူအဖွဲ့အစည်းဆိုတာ ကြီးမြတ်တဲ့ လူ့ယဉ်ကျေးမှုကို ဆောက်တည်ပေးသောအရာ ဖြစ်ရမယ်။

လူ့အဖွဲ့အစည်းဟာ လူမှုဆိုင်ရာမြို့တော်ကြီး ဖြစ်နေရမယ်။ အဲဒီမှာ လူတွေဟာ အလုပ်အတူလုပ်ရုံမျှမက ပြဿနာတွေကို အတူဖြေရှင်းရမယ်။ တစ်ယောက်ကိုတစ်ယောက် ယုံကြည်စိတ်ချတဲ့ အလေ့အထရှိရမယ်။ ဥပမာ–လမ်းပျက်နေတဲ့ ပြဿနာကို ကျွန်တော်တို့ ဖြေရှင်းပုံချင်း ကွာမယ်။ ကျွန်တော်တို့ဟာ လူ့အဖွဲ့အစည်းသာ ဖြစ်ခဲ့ရင် ဒီလမ်းကို ဘယ်သူဘယ်ဝါ ဘယ်အစိုးရ ဘယ်မင်းက ပြင်ဆင်ပေးဖို့ ဆိုပြီး စောင့်နေကြမှာမဟုတ်ဘူး။ ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်ပြင် ဆင်မှာပဲ။ ဒီလိုပဲ... လူ့အဖွဲ့အစည်းတစ်ခုမှာ တရားမျှတမှုလည်း လိုတယ်။ အောင်မြင်တဲ့ လူ့အဖွဲ့အစည်းမှာ အောင်မြင်တဲ့ ယဉ်ကျေးမှု

http://www.cherrythitsar.org



ရှိပါတယ်။

ဝင်စတန်ချာချီက ပြောတယ်။ ကျွန်တော်တို့က အဆောက်အဦတွေကိုဆောက်တယ်။ ပြီးရင်... အဆောက်အဦးတွေက ကျွန်တော်တို့ကို တည်ဆောက်ကြပါတယ်။

**အိုင်ဒီယာ အမှတ် (၈)**

လူ့အဖွဲ့အစည်းတစ်ခုဟာ ယဉ်ကျေးမှုကို အတူမျှဝေရမယ်။ ဘာသာစကားကို အတူမျှဝေရမယ်။

ပိုင်ဆိုင်မှုအသိ၊ အာရုံစူးစိုက်မှုအသိ၊ တာဝန်ယူမှုအသိတွေဟာ လူ့အဖွဲ့အစည်းမှာ မရှိမဖြစ်လိုအပ်တဲ့အရာတွေပါ။ ဒါကြောင့် လူ့ အဖွဲ့အစည်းဝင်လူသားတွေဟာ ပန်းတိုင်တွေ၊ တန်ဖိုးတွေ၊ ရည်ရွယ်ချက်တွေ တူညီရပါလိမ့်မယ်။

**အိုင်ဒီယာ အမှတ် (၉)**

ခင်ဗျားအနေနဲ့ လူ့အဖွဲ့အစည်းက ခင်ဗျားကို ဘာလုပ်ပေးရမယ်လို့ မတောင်းဆိုအပ်ဘူး။ လူ့အဖွဲ့အစည်းအပေါ် ခင်ဗျား ဘာလုပ်ပေး နိုင်သလဲ... လို့ပဲ ကိုယ့်ကိုကိုယ် တောင်းဆိုရမယ်။

ဆောဘဲလိုးက ပြောပါတယ်။ အမေရိကားကို 'လွတ်လပ်ခွင့်တွေ ပိုလျှံလွန်းမှု' ကခြိမ်းခြောက်နေတာ၊ ရုရှားကိုတော့ လွတ်လပ်ခွင့် ဆိတ် သုဉ်းမှုက ခြိမ်းခြောက်နေတာ.. .တဲ့။

**အိုင်ဒီယာ အမှတ် (၁၀)**

ဆယ်ခုမြောက် အိုင်ဒီယာကိုတော့ ကျွန်တော် မပြောတော့ပါဘူး။

ခင်ဗျားကိုယ်တိုင် အိုင်ဒီယာတစ်ခု တည်ထောင်ယူရမှာပါ။

ကျွန်တော်တို့ အဖွဲ့အစည်း ဖြစ်ဖို့ ဘာတွေထပ်လိုသေးသလဲ။ ကျွန်တော်တို့အားလုံးရဲ့ တွေးခေါ်မှုတွေ

http://www.cherrythitsar.org



လိုအပ်တယ်ဆိုတာ အရေးတ ကြီး ထင်ရှားနေပါတယ်။

လူ့အဖွဲ့အစည်းတစ်ရပ်ဟာ စီးပွားရေး အခြေခိုင်ဖို့ လိုတယ်ဆို တာ အသေအချာပေါ့။ ဒီအချက်ကို ကျွန်တော် သေးမွှားသွားအောင် မကြိုးစားပါဘူး။ အရင်းရှင်စနစ်ကိုရော ဒီမိုကရေစီကိုရော ကျွန်တော် ယုံကြည်တယ်။ ဒီစနစ်တွေအောက်မှာ တည်ဆောက်ဖို့ ပိုလွယ်မယ် ထင်ပါတယ်။ ဒါပေမယ့် ချမ်းသာခြင်းတစ်ခုတည်းနဲ့တော့ လူမှု ပတ်ဝန်းကျင်ကို တည်ဆောက်နိုင်မှာမဟုတ်။ တစ်ယောက်နဲ့ တစ် ယောက် အစေးမကပ် မပေါင်းစပ်တဲ့ တစ်သီးတစ်သန့် လူချမ်းသာ တွေနဲ့တော့ ဖြစ်လာမှာမဟုတ်ဘူး။ ကျွန်တော်တို့ဆက်ပြီး တွေးခေါ် ဆင်ခြင်ရလိမ့်မယ်။

အခြေအနေသစ်တွေဟာ တာဝန်အသစ်တွေအကြောင်း သင် ကြားပေးတယ်. . . တဲ့။

*Ref ;*
*- Vital Speech of the day*

*(Eleven News Vol:1/No:41, 1-10-2002)*

http://www.cherrythitsar.org



# အိပ်မက်ဆိုးတော့ မမက်ချင်



Eleven Media

http://www.cherrythitsar.org



မျိုးသိပ်ချုပ်တည်းနိုင်စွမ်းရှိတာ
လူကြီးတစ်ယောက်အတွက် ကောင်း၏ ။ ကျွန်မသိပါသည်
သို့သော် ကလေးတွေမှာ မျိုးသိပ်ထိန်းချုပ်မှုရှိတာ ကောင်းသလား
ကျွန်မသည် ထိုမေးခွန်းကို
ယခုမှပင် ကိုယ့်ဘာသာကိုယ် မေးမိသည်

http://www.cherrythitsar.org



# အိပ်မက်ဆိုးတော့ မမက်ချင်

မနေ့တုန်းက ကျွန်မ New International Journal အဟောင်းတစ်စောင်ကို စိတ်အမှတ်မဲ့ ဖတ်မိသည်။ အဲဒီထဲက John F Schumaker ၏ ဆောင်းပါးတစ်ပုဒ်ကြောင့် ကျွန်မကိုယ်ကျွန်မ ပြုံးမိပါသည်။

ကျွန်မတို့ဘဝမှာ ရွေးချယ်စရာ သိပ်နည်းလှသည်ဟု လွန်ခဲ့သည့် နှစ်အနည်းငယ်က ကျွန်မ ခဏခဏ ညည်းညူခဲ့ဘူးသည်။ အခု တော့ ကျွန်မ၏အမြင်တွေ ပြောင်းလဲစပြုလာသည်ကို သတိထားမိ သွားသောကြောင့် ဖြစ်သည်။ ရွေးချယ်စရာ သိပ်များလွန်းတဲ့ အခါ လူဟာ လောဘပိုကြီးလာတတ်လေသလား။

တစ်နေ့သောအခါ ကျွန်မမြို့ထဲက သုံးထပ်စူပါမားကက်ကြီး တစ်ခုသို့ ရောက်သွား၏။ တူမကလေးနှင့် သူ့မိခင်ကိုလိုက်ပို့ပေးခြင်း ဖြစ်သည်။ ကျွန်မတို့ တခြားဘယ်အထပ်မှ

http://www.cherrythitsar.org



စိတ်မရောက်ဘဲ အပေါ် ဆုံးထပ် အရုပ်နှင့်ကလေးပစ္စည်းများထားရာသို့ တောက်လျှောက်တက်လာခဲ့သည်။ အဲသည်မှာ အမွေးပွအရုပ်မျိုးစုံ၊ ကလေးများစိတ်ဝင်စားမည့် မော်တော်ကား၊ စစ်ကားနှင့် စစ်လက်နက်ပစ္စည်းကလေးများမျိုးစုံ ကို တွေ့ရသည်။ ကျွန်မ၏တူမလေး နှစ်တန်းတက်မည့် ပုံ့ပုံ့ကို သူ့ အမေက ပြီးခဲ့သည့်နေ့ကမှ သူသဘောကျသည့် ကျစ်ဆံမြီးနှင့် ဘိုမရုပ် ကလေးဝယ်ပေးပြီးသားမို့ "ထပ်မပူဆာရဘူးနော် သမီး၊ အခုဟာက မောင်လေးအတွက် မရသေးလို့ လာဝယ်တာ" ဟု သမီးကို သတိပေး ရသည်။

ဒီမှ မြူဆွယ်ဖြားယောင်းမှု များပြားလှသောအရုပ်တွေရှိရာသို့ ခေါ်လာခဲ့ပြီးနောက် မပူဆာရဘူးဟု တားမြစ်ထားသည့်အခါ ဤ သားအမိ ဘာတွေများဖြစ်မှာပါလိမ့်ဟု ကျွန်မ အလွန်စိတ်ဝင်စားနေခဲ့သည်။ အရုပ်တွေကို ပုံ့ပုံ့ကလိုက်ကြည့်၊ ဟိုအရုပ်ကိုတွေ့လည်း ဟယ် ချစ်စရာလေး၊ ဒီအရုပ်ကိုတွေ့လည်း အန်တီချစ်စရာကောင်းလိုက်တာ... ရေရွတ်သည်။ ပုံ့ပုံ့အတွက် အားလုံးသည် သဘောကျစရာ တွေချည်း ဖြစ်နေ၏။ ပုခက်ထဲမှာ အိပ်နေသော နို့စို့ကလေးအရွယ် ကော်ပတ်ရုပ်ကလေးကို မြင်ရသောအခါမှာတော့ ပုံ့ပုံ့ အိန္ဒြေမဆည်နိုင် တော့ပဲ ထိုနေရာမှာ ထိုင်ချလိုက်ပြီး ကောက်ကိုင်ကြည့်ပါတော့သည်။ " ကြည့်စမ်း ပုခက်လေးထဲမှာ အရုပ်လေး" ရေရွတ်ပြီး သူ့ရင်ဘတ်မှာ အရုပ်ကို အပ်လိုက်သည်။ ကျွန်မက သူ့အမေ ဝယ်မပေးလျှင်လည်း ကျွန်မ ဝယ်ပေးလိုက်မည်ဟု စိတ်ကူးလျက် သမီးလိုချင်လား...ဟု မေးတော့ ခေတ္တတွေသွားပြီး သူ့အမေကို မော့ကြည့်သည်။ အမေက "သမီးကြိုက်လို့လား၊ ယူချင်လား"ဟု မေးတော့ ကလေးက လိုချင် သည်ဟု ဖြေပါသည်။ ထိုအရုပ်ကလေး သူ့လက်ထဲ ထည့်ပြီးနောက် မှာ သည့်ထက် လှတာ ဆန်းတာတွေက အများကြီး ကျန်သေးသည်။ သူ မပူဆာပါ။

ကျွန်မတို့နှင့်အတူ အခြားအရုပ်စင်တန်းကို လျှောက်ကြည့်နေ သော အခြားသားအမိ ရှိသေးသည်။ ပိုက်ဆံများများ သုံးဖြုန်းနိုင်သူ

http://www.cherrythitsar.org



ဖြစ်ဟန်တူသည်။ မိခင်ကိုင်ထားသော ခြင်းထဲတွင် ပစ္စည်းတွေ အပြည့်။ (၈)နှစ်အရွယ်သားက ဟိုဟာ လက်ညှိုးထိုး၊ ဒီဟာ လက်ညှိုးထိုး၊ သူတစ်ခုယူပြီးနောက် နောက်တစ်နေရာသို့ရောက်လျှင် နောက်တစ်ရပ် တွေ့ပြန်တော့ သူကိုင်ထားသည့်အရုပ်ကို ပစ်ချ၊ ထိုနောက်တစ်ရပ်ကိုပူဆာ။ ကြာတော့မိခင်က ကလေး၏ထွေပြားသော စိတ်ကို စိတ်မရှည်နိုင်တော့ချေ။

မျိုသိပ်ချုပ်တည်းနိုင်စွမ်းရှိတာ လူကြီးတစ်ယောက်အတွက် ကောင်း၏။ ကျွန်မသိပါသည်။ သို့သော် ကလေးတွေမှာ မျိုသိပ် ထိန်းချုပ်မှုရှိတာ ကောင်းသလား။ ကျွန်မသည် ထိုမေးခွန်းကို ယခုမှပင် ကိုယ့်ဘာသာကိုယ် မေးမိသည်။ အမေနှင့်သမီးကို စိတ်ဝင်စားစွာ အကဲ ခတ်ရင်းဖြစ်သည်။ ကျွန်မညီမက ဒါလေးလုလားမသိဘူးဟု သမီးဆီ က အကြံတောင်းလျှင် ပုံ့ပုံ့ကလုတယ်ဟု ဖြေ၏။ သမီး ကြိုက်လားဟု မေးလျှင်တော့ "မကြိုက်ဘူး"ဟု ဖြေနေခဲ့ပါသည်။ ပုံ့ပုံ့သည် မောင်လေး မရခင်က ဘာပစ္စည်းဝယ်ဝယ် နှစ်ခုရမှကြိုက်သူ ယခုအခါ သူနှင့်မျှဝေ သုံးစွဲရမည့် မောင်လေးရှိသည်ကို သူသဘောပေါက်ပုံရသည်။ သူ့ လောဘကို လျှော့နည်းသွားအောင် မျိုသိပ် ချုပ်တည်း သွားနိုင်လေ သည်။

ကလေးပဲဖြစ်ဖြစ်၊ လူကြီးပဲဖြစ်ဖြစ် မြူဆွယ်ဖြားယောင်းမှုတွေထံမှ လွတ်အောင်ရုန်းထွက်နိုင်ဖို့ဆိုတာ လွယ်ကူသောကိစ္စတော့ မဟုတ်။ ယနေ့ခေတ်သည် လူသုံးကုန်ပစ္စည်းနှင့် ဇိမ်ခံပစ္စည်းများကို လိုအပ်သည်ထက် ပိုလျှံစွာ အမြောက်အမြား ထုတ်လုပ်သော ခေတ်ဖြစ်သည်။ သုံးစွဲသူကလည်း လိုအပ်သည်ထက် ပိုလျှံစွာ မနိုင်မနင်း သုံးစွဲသော ခေတ်ဖြစ်သည်။ တစ်ချိတည်းနှင့် အများကြီး သုံးစွဲဝယ်ယူပစ်သည့်နေရာမှာ အမေရိကန်ပြည်သားတွေလောက် ဘယ်သူမှ မမြန်နိုင်ဘူးဟု စာရေးဆရာ "ဂျွန်အက်ဖ်ရှူးမိတ်ကာ" က ရေးခဲ့သည်။ ဟုတ်ပါသည်၊ ယနေ့ခေတ်သည် သုံးစွဲမှုကို ပြိုင်ဆိုင်သောခေတ် ဖြစ်သည်။ တစ်နည်းဆိုလျှင် ရုပ်ဝတ္ထုပစ္စည်းတွေ တန်ဖိုးမြင့်သည့်ခေတ်ဖြစ်သည်။

နေရာတကာတွင် ရုပ်ဝတ္ထုပစ္စည်း ပြိုင်ဆိုင်မှုတွေ ချည်း ဖြစ်

http://www.cherrythitsar.org



နေသည်။ ကလေးတွေအတွက် အရုပ်၊ ကျောင်းအသုံး အဆောင် အဝတ်အစားပြိုင်ဆိုင်မှု၊ လူကြီးတွေအတွက် စိန်၊ရွှေ တိုက်တာနှင့် ကားပြိုင်ဆိုင်မှု။ ရှိသူက သုံးနိုင်၍ သုံးသည်။ မရှိသူက သုံးနိုင်အောင် နည်းမျိုးစုံနှင့်ကြိုးစားသည်။ သုံးစွဲသူဖြစ်ဖို့က ဤခေတ်၏ ရည်ရွယ်ချက်ဖြစ်သည်။ ထုတ်လုပ်သူနှင့် သုံးစွဲသူကြားမှာ ဆက်သွယ်မှုမြန်ဆန်အောင် ပေါင်းကူးပေးသူက ကြော်ငြာနှင့် အကျိုးဆောင်လုပ်ငန်းများ၊ ရုပ်မြင်သံကြားနှင့် စာနယ်ဇင်း ကြားခံနယ်မြေများဖြစ်သည်။ သုံးစွဲသူစိတ်ဓာတ်တွေ လူတိုင်း လူတိုင်းမှာ အမြစ်တွယ်ကုန်ပြီ။ သုံးစွဲသူစိတ်ဓာတ်နှင့် အသိစိတ်သည် အခြားစိတ်ဓာတ်တွေကို ကျော်လွန်ထိုးဖောက်လာပြီး အောင်ပွဲခံလိုက်ပြီးသောအခါ လေးစားခံ ဂုဏ်သိက္ခာတစ်ခုသဖွယ် ဖြစ်လာသည်။ မသုံးစွဲနိုင်ဘူးဟု အထင်မှားလောက်စရာ အဝတ်အစားနွမ်းနွမ်း ဝတ်ထားမိသူသည် အရောင်းစာရေး၏ လေးစားစွာကြိုဆိုခြင်းကို ခံရမည်မဟုတ်။ အရောင်းစာရေးအတွက်က ဝယ်နိုင်သူသည်သာ ဂုဏ်သိက္ခာရှိသော လေးစားခံ ပုဂ္ဂိုလ်ဟု သတ်မှတ်ထားပြီးဖြစ်သည်။ ထို့ကြောင့် ဂုဏ်သိက္ခာနှင့်လူ့ကျင့်ဝတ်နီတိတွေ ဦးတည်ရာ ပြောင်းလဲကုန်တော့သည်။

ရှုးမိတ်ကာက သူတို့နိုင်ငံ၏ အသုံးအစွဲများလွန်း ပြိုင်ဆိုင်လွန်းသော ပစ္စလက်ခတ် ယဉ်ကျေးမှုကြီးကို ဝေဖန်သည့်အခါ စီးပွားရေးဆိုင်ရာ အစုလိုက် အပြုံလိုက် သတ်မှုကြီး (Economical Holocaust) ဟု စွပ်စွဲခဲ့သည်။ ဒေဝါလီခံရသော ကုမ္ပဏီများ၊ ဘဏ်များ၊ အကျင့်စာရိတ္တပျက်ပြားမှုများ၊ ကိုယ့်ကိုယ်ကို သတ်သေမှုများ၊ စိတ်ရောဂါဖြစ်မှုများ၊ တစ်ဟုန်ထိုးများလာသောခေတ်တွင် သူစွပ်စွဲသည်မှာ မလွန်ပါ။

သုံးစွဲသူဖြစ်ရေးအဓိက ဟူသည့် လူ့ယဉ်ကျေးမှုတွင် လူတွေ၏ စိတ်ဓာတ်ရေးရာ ဘယ်လောက်တိမ်သွားသလဲဟု သူကသိချင်ခဲ့၏။ ထို့ကြောင့် စာရင်းပြုစုထားသည့် စိတ်ဓာတ်စစ်တမ်းတွေကို သူပြန်ရှာ ဖွေသည်။ ၁၉၇၀ ပြည့်နှစ်တုန်းက တက္ကသိုလ် ကျောင်းသားတွေ၏ စစ်တမ်းတွင် ၈၀% က သူတို့၏

http://www.cherrythitsar.org



ဘဝရည်မှန်းချက် ပန်းတိုင်မှာ "အဓိပ္ပါယ်ပြည့်ဝသော ဘဝဒဿနဖြင့် အသက်ရှင် နေထိုင်သွားဖို့"ဟု ဖြေခဲ့သည်။ ၁၉၈၉ ခုနှစ် ရောက်သောအခါ ထိုအဖြေကို ဖြေဆိုသူ ရာခိုင်နှုန်း တစ်ဝက်တိတိ ကျသွား၏။ ဘဝ၏ အဓိပ္ပာယ်ပြည့်ဝသော ဒဿနကို လိုချင်သူကား ၄၁ % ပဲရှိတော့သည်။ တစ်ချိန်တည်းမှာ "စီးပွားတောင့်တင်းကာ ချမ်းသာ ကြွယ်ဝဖို့"ဟူသည့် ရည်မှန်းချက် ပန်းတိုင်အဖြစ် ဖြေဆိုသူမှာ ၃၉ % မှ ၇၅ % အထိ တက်လာခဲ့သည်။ ထိုအချက်ဖြင့် လူတွေ၏ စိတ်ပိုင်းဆိုင်ရာ တန်ဖိုးထားမှုသည် ရုပ်ပိုင်း ဆိုင်ရာ တန်ဖိုးထားမှု အဖြစ် ရွှေ့လျောသွားသည်ဟု ကောက်ချက် ချရပါလိမ့်မည်။

အဲသည်ယဉ်ကျေးမှုထဲမှာ ကလေးတွေ ဘယ်အခန်းကဏ္ဍက ပါဝင်နေသလဲ။ ကလေးတွေသည် သုံးစွဲသူ အသိစိတ်ယဉ်ကျေးမှုထဲမှာ ရှေ့တန်းမှ ပါဝင်ပါသည်။ တီဗွီထဲမှာကြော်ငြာသောပစ္စည်းများ၊ တံဆိပ်များကို ကလေးတွေအားလုံး သိကြသည်။ ယေဘုယျ (၈)နှစ် အရွယ် ကလေးတစ်ယောက်သည် (အမေရိကန်ပြည်ထောင်စုတွင်) ခေတ်စားသော တံဆိပ်အမျိုး (၃၀)လောက် စာရင်းပြုစုနိုင်သည်ဟု ဆိုသည်။ အသက် (၁၃)နှစ်အရွယ် ကလေးမတွေ၏ ၉၀ % သည် သူတို့၏ အနှစ်သက်ဆုံး အချိန်ဖြုန်းမှုမှာ ဈေးဝယ်ခြင်းဖြစ်သည်ဟု ဖြေခဲ့သည်။ ဒုတိယအနှစ်သက်ဆုံး အချိန်ဖြုန်းမှုမှာ ရုပ်မြင်သံကြား ကြည့်ခြင်းဟု သိရသည်။ ၁၉၆၈ ခုနှစ်တုန်းက အမေရိကန်ကလေး (၄)နှစ်မှ (၁၂) နှစ်တွေ၏ သုံးစွဲစရိတ်မှာ တစ်နှစ်လျှင် ဒေါ်လာ သန်း ၂၀၀၀ (နှစ်ဘီလီလျံ)တဲ့။ ယနေ့ခေတ်မှာ ဒေါ်လာ သန်းထောင်ပေါင်း (၃၀ ဘီလီယံ) ဟု ဆိုပါသည်။ ဒါက ကလေးပဲရှိသေးသည်။ ပုခက်တွင်းမှ သေလွန်ရာ သင်္ချိုင်းဂူထိလူတစ်ယောက်၏ဘဝမှာ သုံးစွဲဖြုန်းတီးမှုတွေကို အာရုံစိုက်ဖို့ သူတို့ သုတေသီများ ပြင်ဆင်နေကြပါသည်။ မကြာမီ အဖြေထွက်လာလိမ့်မည်။ တစ်ကမ္ဘာလုံးသည် ဤယဉ်ကျေးမှုတွင် အမေရိကန်နောက်သို့ ကောင်းကောင်း လိုက်ကြသည်။ သို့သော် အမေရိကန် အိပ်မက်ဟု နာမည်ကြီးသော "ကိုယ်နိုင်သည်ထက် ပိုသုံးစွဲ စီးပွားရှာရေးပုံစံ"ထံမှ ဘာတွေများ လေ့လာသင်ယူလို့ အကျိုးရှိ

http://www.cherrythitsar.org



တာ ပါမှာပါလဲဟု ကျွန်မ သိချင်ပါသည်။

အထက်တန်း ကျောင်းသားအရွယ် ကလေးငယ်တွေကို ကြုံလျှင် မေးကြည့်နိုင်သည်။ ဘဝမှာ အဓိကပန်းတိုင်က ဘာလဲ။ အဖြေမျိုးစုံ ထွက်လာသည်။ သူတို့ဆီမှာတော့ ငွေတွေ အများကြီး ရဖို့ဟု အဖြေတွေ တော်တော်များသတဲ့။

ကျွန်မသူငယ်ချင်း၏ သားနှစ်ယောက်ကို မေးကြည့်ဖူးသည်။ (၇)တန်း ကျောင်းသားက လူတွေနှင့် စည်းစည်းလုံးလုံး နေချင်သည် ဟု (ဘဝပန်းတိုင်အဖြစ်) ဖြေ၏။ (၉)တန်းကျောင်းသားကတော့ စစ် ဆရာဝန်ဖြစ်ဖို့ဟု ဖြေပါသည်။ သူတို့နှစ်ယောက်လုံးက ပြင်ပစာကို ဖတ်ကြသူများဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ကျွန်မတို့ ကလေးတွေထဲမှာ တခြားနိုင်ငံ ကလေးတွေလိုတော့ ရုပ်ဝတ္ထု၏ဆွဲဆောင်မှုနောက် လိုက် လိုသူ မများသေးဟု စိတ်သက်သာရာရမိပါသည်။ ဒါပေမယ့် ဘယ်လောက်ကြာကြာခံမလဲ။ ရုပ်ဝတ္ထုတန်ဖိုးမြင့်သည့် လူ့အဖွဲ့အစည်းထဲတွင် နေ့စဉ်နှင့်အမျှ ရင်ဆိုင်နေရသော ကလေးတွေသည် မြှူဆွယ်ဖြားယောင်းမှုတွေထံမှ ဘယ်လို ရုန်းထွက်မလဲ။ ပုံ့ပုံ့ မိဘလို လူလတ်တန်းစား(အနိမ့်ပိုင်း)တွေ ရာခိုင်နှုန်းများသော ကျွန်မတို့ နိုင်ငံ လူ့အဖွဲ့အစည်းထဲမှာ ပုံ့ပုံ့အမေလို ကလေးကို ရနိုင်တာထက် ပိုမလိုချင် အောင် ထိန်းချုပ်ခိုင်းသူ ဘယ်နှစ်ယောက်ရှိမလဲ။ ထိုချုပ်တည်းမှုသည် ကလေးကို ကောင်းကျိုးပေးမလား၊ ဆိုးကျိုးပေးမလား။

သုံးစွဲသူကိုမှ အထင်ကြီးလေးစားသောစိတ်ဓာတ်သည် ကလေး ကို ဘယ်အခြေအနေရောက်အောင် ပို့ပေးမှာလဲ။ မချုပ်တည်းနိုင်စွာ ဈေးဝယ်သုံးစွဲခြင်း၊ ထိုမှတစ်ဆင့် သုံးစွဲသူ၏ မူးဝေနောက်ကျိ စိတ် ရောဂါ၊ ထိုမှတစ်ဆင့် မခိုးရမနေနိုင် ခိုးမိသော Kleptomania ရောဂါ။ လမ်းကြောင်းတွေကတော့အများကြီးရှိပါသည်။ ကံကောင်းလျှင်တော့ သုံးစွဲသူ ကောင်းကောင်းဖြစ်ဖို့ အပြင်းအထန်ကြိုးစားမည်။ ပညာ သင်မည်။ စီးပွားရှာမည်။

http://www.cherrythitsar.org



သည်အထဲက ကံဆိုးလျှင် မည်သည့်နည်း နှင့်မဆို ငွေရအောင်ရှာမည့် စိတ်ဓာတ်ရသွားမည်။ သည်အတိုင်း ဆိုလျှင် တော့ မြို့တော်ကြီးတွေအားလုံး မမြင်ရသော တွင်းကြီးတွေ အပြည့်နှင့် ငွေတွေပြုတ်ကျ၊ သိက္ခာတွေ ပြုတ်ကျကုန်ဖွယ်ရာ ရှိလေ မလား။ ကျွန်မတို့ လူ့အဖွဲ့အစည်း၏ အိပ်မက်သည် အိပ်မက်ဆိုးအဖြစ် ပြောင်းလဲလာနိုင်မလား။

အလွန်အကျွံသုံးစွဲခြင်း ယဉ်ကျေးမှု၏ ဖြေဆေးကို သူတို့နိုင်ငံ မှာ ရှာဖွေဖို့ ကြိုးစားနေကြသည်။ ရှုးမိတ်ကာ ကတော့ ပထမဆုံး အဆင့်အဖြစ် အကြံပေးထားသည်။

နေ့တစ်နေ့အဖို့ ဘာမှမဝယ်ဘဲ နေကြည့်လိုက်ပါ။ ခင်ဗျားရဲ့ 'ယဉ်ကျေးမှုအကျအရှုံး'အသိစိတ်ထက်ပိုမြင့်အောင် ကြိုးစား မြှင့်ကြည့်လိုက်ပါ...တဲ့။

လောဘ၊ ဒေါသ၏ ဖြေဆေးသည် အသိစိတ်ဖြင့် နှလုံးသွင်းသော ချုပ်တည်းမှုဖြစ်သည်ဟု ကျွန်မတို့ ဗုဒ္ဓဘာသာဝင်အားလုံး သိကြသည်။ သူတို့နှင့်စာလျှင် ကျွန်မတို့က ဖြေဆေးနှင့်ပိုနီးစပ်သည်ဟု ထင်ပါသည်။

*Ref ;*
*- New Internationalist, July 2001*

*(Eleven News  Vol:1/No:24, 5-5-2002)*

ကျူးလွန်သူ၏အမုန်းက ကြောက်ခမန်းလိလိ ဆိုးဝါးသည်
သားကောင်တွေထဲမှ အသက်ရှင် ကျန်ရစ်သူတွေ၏
အမုန်းက တရားမျှတသည်
အကြီးအကျယ် ချေမှုန်းသတ်ဖြတ်ခံလိုက်ရသော
Holocaust အဖြစ်အပျက်ကြီးအပြီး၌
ဂျူးလူမျိုးတွေသည် ဂျာမန်တွေအပေါ် အမုန်းမှတစ်ပါး
အခြားဘာခံစားချက်ဖြင့် ရင်ဆိုင်နိုင်ပါမည်နည်း

# Wisdom

# ဉာဏ်ပညာ


**မသိမောဟဆိုတာ ကြယ်တွေလတွေ ကင်းမဲ့နေတဲ့ စိတ်ရဲ့ ည။**

***Ingorance is the night of the mind,***
***a night without moon or star.***

http://www.cherrythitsar.org



# ဆော့ခရတ္တိ၏ အခန်းငယ်



Eleven Media

http://www.cherrythitsar.org



ကမ္ဘာကြီးတွင် စိတ်အနှောင့်အယှက်ပေးမည့်၊ ဒုက္ခပေးမည့်
ဆောင်ခရတ္တိကဲ့သို့သော တွေးခေါ်ရှင်များ လိုနေသည်
ထိုတွေးခေါ်ရှင်များက ကျွန်တော်တို့အားလုံးကို
အပျင်းထူရာမှရလာမည့် ပေါ့တန်လေးကွေးမှု၊ နမော်နမဲ့နိုင်မှုတို့မှ
လွတ်မြောက်အောင် ဆွဲခေါ်ပေးရမည်ဖြစ်သည်
ကျွန်တော်တို့ ကိုယ့်ကိုယ်ကို သိပ်ဟုတ်လှပြီထင်ပြီး
ကျေနပ်နေကြသည် ၎င်းကိုအမှန်အတိုင်းသိအောင်
စိတ်ထင့်ပြီး ဇဝေဇဝါပြန်ဆင်ခြင်မိအောင်
တွေးခေါ်ရှင်တွေက လုပ်ပေးရမည်ဖြစ်သည်

http://www.cherrythitsar.org



# ဆော့ခရတ္တိ၏ အခန်းငယ်

အက်ခရိုပိုလီးစ်ရဲတိုက်ကြီးပေါ်က ကျောက်တုံးကြီးတစ်ခုပေါ်မှာ ထိုင်ရင်း အက်ဆေးတစ်ပုဒ်ရေးဖို့ဆိုသည်က ကျွန်တော့် လုပ်ရိုးလုပ်စဉ်တော့ မဟုတ်ပါ။ သို့သော် အကြောင်းရင်းတွေက တားဆီးလို့ မရနိုင်အောင် တွန်းပေးနေကြသည်။ ပါသီနွန်မြို့ဟောင်း၏ ခမ်းနား ကြီးကျယ်သော ဗိသုကာလက်ရာများနှင့် ဘေးပတ်ဝန်းကျင်က ယိုယွင်းပျက်စီးနေသော အဆောက်အဦပျက်များသည် ယခုလို တွန့်ဆုတ်ဆုတ် စကားပြေတစ်ခုရေးဖို့ထက် ကဗျာညာဏ် ကွန့်မြူးဖို့ကိုသာ ညို့ယူ နိုင်ရာ၏။ သို့သော် ကျွန်တော်သည် ကမ္ဘာ့ အစောဆုံး အာဇာနည်ပုဂ္ဂိုလ်များ ထွန်းလင်းရာ နေရာတစ်ခုမှ ယခုပဲပြန်လာခဲ့သည်။ ထိုနေရာမှာ ဆော့ခရတ္တိ၏ အကျဉ်းထောင်ဖြစ်ပါသည်။ နေရာအတိအကျ ရှာဖွေဖို့ ဒုက္ခတော့ နည်းနည်း ရောက်ခဲ့သေး၏။ အဲဒီမှာ အထိမ်းအမှတ်ကျောက်တိုင်မရှိ၊ ဆိုင်းဘုတ်မရှိ။ ကျောက်တုံးပေါ်မှာ

http://www.cherrythitsar.org



ရေးခြစ်ထားသော ထွင်းစာ စာတမ်းတစ်ခု (လမ်းဘေးအုတ်နံရံများမှာ ကြောင်ခြစ်ရေးသားထားသည့် နံရံစာတွေလို)ပဲရှိသည်။ ထိုစာလုံးများကြောင့် ကျွန်တော်ရောက်လိုသော နေရာသို့ရောက်ရပြီဟု သိလိုက်ရပါသည်။ အကျဉ်းထောင်ဆီသွားရာလမ်းသည် အက်ခရိုပိုလီးစ်၏ အောက် ခြေမှစခဲ့ပြီး ဘုရားရှိခိုးကျောင်းလေးတစ်ခုအနီးမှ ဖြတ်သွားရသည်။ အနီးအနားမှာ စားသောက်ဆိုင်သေးသေးတစ်ခု ရှိသည်။ ထိုဆိုင်မှ စားပွဲထိုးသည် သဘောကောင်း၏။ ကျွန်တော်နှင့် သူဘာသာ စကား မတူသော်လည်း ကျွန်တော်မေးမြန်းသည့်အခါ ကျွန်တော့်အား ဆင်ဝင်အောက်ထိ လိုက်ပို့ပေးပြီး လူသွားလမ်းလေးတစ်ခုကို ညွှန်ပြ ပေး၏။ အဲသည်လမ်းကလေးသည် တောင်ကုန်းတစ်ခုဆီသို့ တက် သွား၏။

အကျဉ်းထောင်ခန်းသည် ပလေတိုး ဖော်ပြခဲ့သလို အကန့်နှစ်ခု ပါသော လိုဏ်ဂူတစ်ခုဖြစ်သည်။ အဝင်ဝကို သံတံခါးကြီးဖြင့် ပိတ် ထား၏။ ကျွန်တော် အတွင်းသို့ ချောင်းကြည့်သည့်အခါ ပစ္စုပ္ပန် နှင့် အတိတ် ရောစပ်နေသော ထူးဆန်းသည့် ခံစားချက်ကို ရလိုက်သည်။ ပလေတိုး၏စာသားအချို့ကို ကျွန်တော် ပြန်သတိရသွားသည်။ ဆာရီယယ်လစ်(စ်) ဆန်ဆန် အချိန်ကာလမဲ့ခြင်းကို ဖန်ဆင်း ပေးလိုက်သော စကားများဖြစ်သည်။ "အချင်းဖီဒို ... ဆော့ခရတ္တိ အဆိပ်ခွက်သောက်သောနေ့က အကျဉ်းထောင်ထဲတွင် သူနှင့်အတူ သင်ရှိနေခဲ့ပါသလား" "ဟုတ်ကဲ့ .. အက်ခီခရတ္တိ ... ကျွန်ုပ်အဲသည်မှာ သူနှင့်အတူ ရှိနေခဲ့ပါသည်။" သည်မျှ အရေးကြီးသော အဖြစ်အပျက်တစ်ခု ဖြစ်ခဲ့သည့်နေရာကို မထင်မရှားထားခြင်းမှာ ထူးဆန်းလှပါသည်။ ကျွန်တော်ရှိနေခဲ့သည့် နာရီဝက်အချိန်အတွင်း ခရီးသွားဧည့်သည် တစ်ယောက်တစ်လေမျှ ကြည့်ရှုခံစားဖို့ပေါ်မလာခဲ့ကြပါ။ ဆော့ခရတ္တိကို သေဒဏ်ပေးဖို့ ဝိုင်းဝန်းဆန္ဒမဲပေးခဲ့ကြသော အေသင်မြို့သားများ၏ အဆက်နွယ်မျိုးဆက်တို့သည် ဤကိစ္စကို ကြော်ငြာဖို့ ဆန္ဒမရှိကြတာများဖြစ်မလား။ နေရာဒေသကို တကယ့်အစစ်အမှန်ဟု ယူဆဖို့

http://www.cherrythitsar.org



မသေချာလို့ များလား။ ကျွန်တော်မသိပါ။ ဤလျှို့ဝှက်မှုကို သူ့အတိုင်းသာရှိပါစေ တော့။ အဖြေရှာကြည့်ဖို့ စိတ်မကူးပါ။ တိတ်ဆိတ်လှသော ဤနေရာ သို့ လာလည်ခွင့်ရသည့်အတွက် ၊ ပါသီနွန်လိုဆွဲဆောင်နိုင်သော နေရာ မျိုးမှာ ဘယ်တစ်ဦးတစ်ယောက်၏ လာလိုက်သွားလိုက် နှောင့်ယှက်မှု ကိုမှ မခံရသည့်အတွက် ကျွန်တော် ကျေနပ်ပါသည်။ ကျွန်တော် လည်ပတ်မည့် အစီအစဉ်ထဲမှာ အေသင်မြို့ကို ထည့်သွင်းထားရခြင်း၏ အဓိက အကြောင်းတစ်ခုမှာ ကြီးမြတ်သော ဒဿနိက တွေးခေါ်ရှင်ကြီး တစ်ယောက်၏ မြင့်မြတ်သော အဆုံးသတ်သို့ ရောက်ခဲ့သည့်နေရာ ဖြစ်သော အကျဉ်းထောင်ကို ကြည့်ဖို့ဖြစ်သည်။ အဲသည်လို ကြည့်ဖြစ်ဖို့ လာဖြစ်ဖို့ ကာလများစွာ ဆွဲဆောင်ခဲ့သော တွန်းအားကတော့ "ကျွန်တော်တို့ သိနေခဲ့သည်မှာ တကယ့်ကို နည်းနည်းလေးပါလား" ဟု ကိုယ်တိုင်နားလည် သဘောပေါက်သွားအောင် ကျွန်တော်တို့ကို ဉာဏ်အလင်းဖွင့်ပေးခဲ့သော ဆော့ခရတ္တိ၏ အယူဝါဒသို့မဟုတ် ဩဝါဒ သင်ကြားချက်များသာ ဖြစ်သည်။ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ သိလှပြီတတ်လှပြီ ပညာရှိလှပြီဟု ထင်မှတ်နေသမျှကို ချေဖျက်ပေးမည့် ဖြေဆေးတစ်ခုအဖြစ် ဆော့ခရတ္တိ၏ အယူဝါဒကို ကျွန်တော်တို့ လိုအပ်ပါသည်။

ရှေးဟောင်း ဒဿနပညာရှင် အကျော်အမော်များ ခြေချခဲ့ရာ ကျောက်တုံးများတွင် ကျွန်တော် လမ်းလျှောက်နေခဲ့ပြီးသည့် နောက် အက်ခရိုပိုလီးစ် ရဲတိုက်ပေါ် ကျွန်တော်တက်ကာ အမြင့်မှနေ၍ အေသင် ခေတ်သစ်မြို့တော်ကို ကြည့်မိသည်။ အခု အေသင်သည် ပီရီကလီးစ် လက်ထက်တုန်းက မြင်ကွင်းမျိုးအတိုင်းပဲဖြစ်ရမည် ...ဟု စိတ်ကူး မျက်စိဖြင့် ကျွန်တော်ကြည့်ဖို့ ကြိုးစားသည်။ သို့သော် တစ်ခုခုက ထိုစိတ်ကူးယဉ်မြင်ကွင်းကို နှောင့်ယှက်လာ၏။ မြို့တော်ပေါ်မှာ လွှမ်းနေသည့် လေထုညစ်ညမ်းမှုမှ ဖြစ်လာသော မည်းနက်သည့် တိမ်တိုက်ကြီး ပဲဖြစ်သည်။ ၎င်းမှာ ညစ်နောက်လွန်းသဖြင့် မြေကြီးမှ ထွက်နေသည့် အနံ့ဆိုးတွေ အငွေ့ဆိုးတွေအထဲမှာ မြင်ကွင်းတွေ

http://www.cherrythitsar.org



အားလုံးကို စုပ်ထုတ် ခံလိုက်ရသလိုပင်ဖြစ်၏။ ထိုမည်းညစ်ညစ် တိမ်တိုက်များကို မြို့တော် အများအပြားမှာ ကျွန်တော် တွေ့ဖူးလှပါပြီ။ သို့သော် ပါသီနွန် ကျောင်းတော်ပေါ်မှ ယခုလိုမြင်ရသည့်အခါမှာထိုအဖြစ်သည် အဓိပ္ပါယ် အသစ်တစ်ခုဆီသို့ ဦးတည်နေ၏။ ဘာကြောင့်လဲဆိုတော့ အတိတ်ကို ပြန်လှည့်ကြည့်ရင်း အနာဂတ်ကို မျှော်ကြည့်ဖို့ အခြေအနေက ဆွဲဆောင်နေသောကြောင့်ဖြစ်သည်။ အဖြစ်အပျက်များသည် ကျွန်တော့်အား ဂရိနိုင်ငံ၏ ရွှေခေတ်မှ မော်ဒန်အေသင်နိုင်ငံသို့ ရွှေ့လျားကူးပြောင်းအောင် ဆွဲခေါ်နေလျက်ရှိသည်။

အချို့သော စိတ်ကူးယဉ်ဝါဒီများ လက်စွဲထားသလို လက်ရှိပစ္စုပ္ပန်သည် အဆိုး၊ အတိတ်သည် အကောင်းဟူသော အယူအဆမှာ မမှန်ပါ။ ဂရိခေတ်က ဂရိနိုင်ငံသည် သုခမြို့တော်တစ်ခု မဟုတ်ခဲ့ကြောင်း ဆော့ခရတ္တိကို တရားစီရင်မှုနှင့် သေဒဏ်ပေးမှုတို့က ထင်ထင်ရှားရှား ထောက်ပြလျက်ရှိသည်။ သို့တိုင်အောင်ပင် မိမိအယူ အဆအတွေးအခေါ်များကြောင့် အပြစ်ဒဏ်အဖြစ် အထီးကျန် တစ်ဦးတည်းအဆိပ်ရည်ကို သောက်ခဲ့ရသော လူတစ်ယောက်နှင့် မော်ဒန်ခေတ်၏ လိုအပ်ချက်များအဖြစ် တိုးတက် ခေတ်မီလာသော နည်းပညာများ၊ ရုပ်ဝတ္ထု အလိုဆန္ဒများအောက်မှာ ဘဝဟန်ပန် မြင့်မြင့်နေထိုင်လျက် အဆိပ်ငွေ့များကို ဖြည်းဖြည်းချင်း ရှုရှိုက်သွင်းနေသော မြို့တော်သူမြို့တော်သားများ ထိုနှစ်အခုအကြားက ဆန့်ကျင်ခြားနားမှုမှာ စိတ်ဝင်စားစရာ ကောင်းလှပါသည်။ ဟောသည် နေရာမှာတောင် နှိုင်းယှဉ်ချက်က မှတ်သားဖွယ်ကောင်းနေ၏။ မော်ဒန် အေသင်မြို့တော်သားများအတွက် လေထုညစ်ညမ်းစေသော စက်ပစ္စည်းများက လုပ်ဆောင်ပေးနေသောအရာမှာ ဟိုးရှေးခေတ်က ဘိုးဘွားမျိုးဆက်များအတွက် ကျွန်များက လုပ်ပေးခဲ့သောအရာပဲ ဖြစ်နေသည်။ အကောင်းနှင့်အဆိုးဟူသော ရိုးစင်းသည့်အသိသည် လျှောကျ လွင့်စဉ်ခဲ့ရပြီ။ ဤအစားကျွန်တော်တို့ အာရုံစိုက်ရမည်မှာ ခေတ်သစ်လူနေမှုဝန်းကျင်ဟာ ဘာကိုလိုချင်တာလဲ .. ဟူသော အချက်ပဲဖြစ်သည်။ ထိုလိုအပ်ချက် ပန်း

http://www.cherrythitsar.org



တိုင်သို့ ကျွန်တော်တို့ ရောက်အောင် ဘယ်လိုသွားမလဲ၊ သည်အတွက် ကျွန်တော်တို့ ဘာတွေဖြင့် ပေးဆပ်ရမှာလဲ။

ဤအကြောင်းကိစ္စနှင့် ပတ်သက်ပြီး ကျွန်တော်တို့ နားလည်ရမှာကတော့ ဆော့ခရတ္တိကို သာမန် ဂရိနိုင်ငံသားများမှ လုံးဝ ထူးခြားကွဲပြားအောင်ဘယ်အရာကလုပ်ပေးခဲ့သလဲ...ဟုဖြစ်သည်။ ဆော့ခရတ္တိ သည် မေးခွန်းတွေကို တစ်ချိန်လုံး မေးနေခဲ့၏။ တရားမျှတမှုဆိုတာ ဘာလဲ။ ကောင်းမွန်နေပျော်သော ဘဝဆိုတာ ဘာလဲ။ နိုင်ငံတော်၏ တာဝန်ရှိမှုတွေက ဘာလဲ။ သူ့နိုင်ငံသားမြို့တော်သားများရှေ့မှာ ထို အခက်အခဲများကို ချပေးပြီးနောက် သူတို့အား ဘဝကိုချပေးသည့် အ တိုင်း လက်ခံယူသော လေ့နံ့စားထစ်၊ ဆင်ခြင်ဉာဏ်မဲ့ လူ့တိရစ္ဆာန်များအဖြစ်သို့ မကျအောင် ဆွဲတင်ပေးခဲ့သည်။

အေသင်မြို့သားတိုင်းအား မိမိအတွင်းစိတ်ထဲသို့ မိမိဝင်ကြည့်စေ၏။ အသေးအဖွဲလေးဖြစ်ဖြစ် ခဏလေးဖြစ်ဖြစ် မိမိပြုလုပ်နေသော အရာကို မိမိဘာကြောင့်လုပ်နေတာလဲ ဟု မေးခွန်းပြန်ထုတ်စေ၏။ မော်ဒန် အေသင်မြို့သားများမှာတော့ ဘဝရှင်သန်ခြင်း အသိကင်းမဲ့နေသည်။ မြို့သူမြို့သားများအား သူတို့ဘဝမှာ လက်ခံထားသော ဟုတ်မှန်သယောင် အရာများအကြောင်း မေးခွန်းထုတ်ဖို့ တွန်း အားပေး အနှောင့်အယှက်ပေးမည့်သူ ကင်းမဲ့နေသည်။

ရှေးဟောင်းဂန္ထဝင်အေသင်မြို့တွင် အများစုသော မြို့သားများသည် ဆော့ခရတ္တိကို လူချင်းသိကြ၏။ မော်ဒန်ခေတ် လက်ရှိခေတ်မှာ နိုင်ငံများသည် သိပ်ကြီးမားလွန်းသဖြင့် လူတို့သည် သူတို့နှင့် ဆက်သွယ် ပတ်သက်ရာ စည်းဝိုင်းသေးသေးလေးကိုပဲ သိကြသည်။ နိုင်ငံတော်အစိုးရ ဆိုသည်ကိုလည်း ခြုံငုံသဘောပေါက်မိရုံသာဖြစ်၍ စိတ်ခံစားမှုဖြင့် ထိတို့မရနိုင်သည့် ဒြပ်မဲ့အရာသာ ဖြစ်နေသည်။ အရင်ခေတ်က လူမှုရေးကျမ်း၊ စာတမ်းများသည် လူအချင်းချင်းအကြား အဆင့်တူညီစွာ တစ်ယောက်ချင်း ဆက်သွယ်နိုင်ဖို့ ညှိနှိုင်းချိန်ဆပေး၏။ ပညတ်တော်ဆယ်ပါးသည် မိဘနှင့် ကလေး၊

http://www.cherrythitsar.org



ခင်ပွန်းနှင့် ဇနီး၊ အိမ်နီးချင်းနှင့် အိမ်နီးချင်းအကြား ညှိနှိုင်း ပေးသည်။ ထိုအပြန်အလှန် အကျိုးသက်ရောက်မှုများ အရေးပါလှသည့် တစ်ပြိုင်တည်းမှာ လူတစ်ဦး တစ်ယောက်ချင်းနှင့် သူ့ ကမ္ဘာလောကအကြား ဆက်သွယ်မိနေသော လူမှုပုံစံများကလည်း လွှမ်းခြုံ အရိပ်မိုးလျက်ရှိနေသည်။ ယခုအခါ ကျွန်တော်တို့သည် ပြဿနာများစွာကို ရင်ဆိုင်နေရ၏။ လူတစ်ယောက်ချင်းတစ်ယောက်ချင်း၏ ပါဝင်ကျူးလွန်မှုကတော့ နည်းနည်းလေးစီပဲ။ သို့သော် ထိုလူတွေ အများကြီး စုပေါင်းမိသွားသောအခါ ကျူးလွန်မှုသည် အန္တရာယ်ပေးသော အနေအထားထိ ရောက်သွားသည်။ အေသင်မြို့တော်ပေါ်က တိမ်မည်းအုပ်စုကြီးသည် ထိုကဲ့သို့သော အမျိုးအစားဖြစ်သည်။ ကိုယ်ကျင့်တရားနှင့် ပတ်သက်ပြီး အကြပ်ရိုက်နေရသော အခြေအနေ အကျပ်အတည်းများအောက်မှာ ရှေးခေတ်က နှစ်သက်လက်ခံဖွယ် ကျမ်းစာများပင်လျှင် ရေငုံနှုတ်ပိတ်မြဲနေကြရသည်။ ဘာကြောင့်လဲဆိုတော့ ထိုပြဿနာများသည် စက်မှုတော်လှန်ရေးနှစ်ကမှစပြီး ရောက်လာခဲ့သောကြောင့်၊ လူဦးရေ မတန်တဆပွားများလာသည်ကလည်း လွန်ခဲ့သည့် နှစ် ၂၀၀ကမှ စခဲ့သောကြောင့် ဖြစ်သည်။

အတတ်ပညာ ဉာဏ်သည် ကျွန်တော်တို့ကို အဖြေတွေ မပေး စွမ်းနိုင်ဘူးဆိုလျှင် ကျွန်တော်တို့အား မေးခွန်းတွေကို မနား တမ်း မေးနေရမည် ဟုတော့ ရည်ညွှန်းနေပါလိမ့်မည်။ ဤလှုပ်ရှားသရုပ်ပြမှုမျိုး ကျွန်တော်တို့ လူမှုဝန်းကျင်မှာ ချို့တဲ့နေ၏။ ကျွန် တော်တို့သည် ထုတ်လုပ်မှုများ၊ သယ်ယူပို့ဆောင်မှုများကဲ့သို့သော ရောင်းရေးဝယ်တာကိစ္စများ၌သာ စိတ်ရောက်နေသဖြင့် ကျွန်တော်တို့ ဘာလုပ်သင့်သလဲ၊ ဘယ်ကိုသွားသင့်သလဲဟု မစုံစမ်း မစစ်ဆေးမိပေ။ အမျိုးမျိုးကွဲပြားလျက်ရှိသော လူနေမှုစရိုက်များ ယဉ်ကျေးမှုများ သည် ဤစိန်ခေါ်မှုမျိုးကို အဖြေအမျိုးမျိုး ထွက်စေမည်မှာ သေချာ သည်။ ထိုအဖြေများမှ ခြုံယူဆင်ခြင် ကောက်ချက်ချဖို့ ဆိုတာကလည်း အလွန့်အလွန် ခက်ခဲလိမ့်မည်။ ဆော့ခရုတ္တိမေးခဲ့သော မေးခွန်းအနည်းငယ်နှင့် အဖြေအနည်းငယ်ကို ကိုးကားရုံနှင့် ကျွန်တော်တို့ လမ်းမှန်

http://www.cherrythitsar.org



ရောက် အောင် ရုတ်တရက် ချိုးကွေ့နိုင်လိမ့်မည်ဟု ထင်လျှင် တော်တော် တုံးအ,သော အမြင်ပဲဖြစ်သည်။ ကျွန်တော်သိပါသည်။ သို့သော် ကျွန်တော်တို့သာ အဓိကလူမှုကျင့်ဝတ်များနှင့် ပတ်သက်ပြီး တွေးခေါ် ဆင်ခြင်မှု မလုပ်ဘူးဆိုလျှင် ကျွန်တော်တို့ ရောက်ရမည့် လမ်းကို လုံးဝကို လွဲချော်သွားတော့မှာ သေချာသည်။ အတိတ်၏ လမ်းညွှန်မှုသည် လက်ရှိဘဝကို အပြည့်အဝ တွက်ချက်ပို့ဆောင် ပေးနိုင်မှာ မဟုတ်ပေ။

ကမ္ဘာကြီးတွင် စိတ်အနှောင့်အယှက်ပေးမည့်၊ ဒုက္ခပေးမည့် ဆော့ခရတ္တိကဲ့သို့သော တွေးခေါ်ရှင်များ လိုနေသည်။ ထိုတွေးခေါ်ရှင်များက ကျွန်တော်တို့အားလုံးကို အပျင်းထူရာမှ ရလာမည့် ပေါ့တန်လေးကွေးမှု၊ နမော်နမဲ့နိုင်မှုတို့မှ လွတ်မြောက်အောင် ဆွဲခေါ်ပေးရမည်ဖြစ်သည်။ ကျွန်တော်တို့ ကိုယ့်ကိုယ်ကို သိပ်ဟုတ်လှပြီ ထင်ပြီး ကျေနပ်နေကြသည်။ ၎င်းကို အမှန်အတိုင်း သိအောင် စိတ်ထင့်ပြီး ဇဝေဇဝါ ပြန်ဆင်ခြင်မိအောင် တွေးခေါ်ရှင်တွေက လုပ်ပေးရမည်ဖြစ်သည်။ ဒါမှသာ ကျွန်တော်တို့ ရင်ဆိုင်ဖို့ ရှေ့မှာ ခင်းကျင်းတည်ဆောက်ထားသည့် ရှုပ်ထွေးလှစွာသော စိန်ခေါ်မှုများကို လွန်မြောက်နိုင်မည်ဖြစ်သည်။ ထိုတွေးခေါ်မှုကို ပညာသင်ကြားရေးမှာလည်းလို၏။ စာနယ်ဇင်း အတတ်ပညာမှာလည်းလို၏။ ရုပ်မြင်သံကြား၊ ရုပ်ရှင်နှင့် အခြားလူထုကိစ္စ ဝေဖန်ဆွေးနွေးမှုများအတွက်လည်း လိုပါသည်။ တွေးခေါ်ရှင်များသည် ကျွန်တော်တို့အား စိတ်အနှောင့်အယှက် ပေးလိမ့်မည်။ ဆွပေးလိမ့်မည်။ ကျွန်တော်တို့အား ညညမှာ အိပ်မပျော်အောင်လုပ်လိမ့်မည်။ ကျွန်တော်ထင်သည်၊ ကျွန်တော်တို့ တစ်ချိန်မဟုတ် တစ်ချိန်မှာ သူတို့အား ထောင်သွင်းအကျဉ်းချထားမိလိမ့်မည်။ သို့မဟုတ်ထို့ထက် ဆိုးဝါးစွာအပြစ်ပေးမိလိမ့်မည်။ သို့သော် နောက်ဆုံးမှာတော့ သူတို့သည် အဖိုးထိုက်တန်လှသော ရတနာများပဲဖြစ်သည်။ သူတို့၏ အာဇာနည်အုတ်ဂူများ၊ သချိုင်းမြေပုံများကို ကမ္ပည်းတင်ဖို့ ကျွန်တော်တို့ အရေးမစိုက်ပျက်ကွက်ခဲ့လျှင်တောင်မှ သူတို့ စိတ်ကူးများ အတွေးအခေါ်များသည်

http://www.cherrythitsar.org



ကျွန်တော်တို့အား အသေကောင်တွေလို ထိုင်းမှိုင်းလေးကန်ဝေဝါးရာက လွတ်အောင် ဘဝကို အလင်းရောင်ပေးမည့် ခေတ်ပြိုင်ပစ္စည်းအဖြစ် ဆောင်ရွက်ပေးပါလိမ့်မည်။

ဟောသည့်...အက်ခရိုပိုလီးစ်ရဲတိုက်ပေါ်မှာ ထိုင်ရခြင်းသည် အလွန်စိတ်လှုပ်ရှားဖွယ်ကောင်းသော အတွေ့အကြုံတစ်ခု ဖြစ်သည်။ ထို့ပြင် ဘဝ၏ နက်ရှိုင်းသော အဓိပ္ပါယ်တစ်စုံတစ်ရာကို ရှာဖွေ မတွေ့ဘဲ ဤအဖြစ်အပျက် ကုန်လွန်မသွားပါစေနှင့်ဟုလည်း ဆန္ဒ ပြုမိသည်။

ကျွန်တော့်ကိုပြောပါ စာဖတ်သူ။ ကောင်းမွန်နေပျော်သော လူမှု ပတ်ဝန်းကျင်ဆိုတာကို ကျွန်တော်တို့ ဘယ်လိုအဓိပ္ပါယ် ဖော်မလဲ။

*Ref;*
*Harold J.Morowitz , Prison of Socrates*

*(Eleven News Vol:1/No:28, 2-6-2002)*

http://www.cherrythitsar.org



# ဆောခရတ္တိ အဆိပ်ဖုဂ္ဂည်ကိုသောက်-ခင်း



"Death of Socrates" by Jacques Louis David, 1787.

Eleven Media

http://www.cherrythitsar.org



လူငယ်များကို စိန်ခေါ်ခြင်းသည်
အန္တရာယ်၊ သဘောမတူနိုင်သည့်ကိစ္စဟု ထင်ခဲ့လျှင်
သူတို့ကိုယ် သူတို့ဘယ်သွားလို့ သွားမှန်းမသိ
ဘယ်တော့မှလည်း မေးခွန်းမထုတ်တတ်သည့် လူငယ်အုပ်စုကြီး
ပိတ်လှောင်ထားသော လှောကားအဆင့်များထဲ၌
တဝဲလည်လည် ချီတက်နေခြင်းဖြစ်ရပ်က
မည်မျှ ပို၍ကြောက်မက်ဖွယ်ကောင်းလိုက်လေမလဲဟု
တွေးကြည့်စေချင်ပါသည်

http://www.cherrythitsar.org



# ဆောဒ်ခရက္ကဒ်၏ အဆိပ်ရည်ကိုသောက်ခြင်း

တစ်ခုသော နံနက်လင်းအားကြီးမှာ ကျွန်တော် အိပ်ရာမှနိုးလာတော့ အမှောင်ထုလွှမ်းမိုးနေဆဲ။ ထိုအခါ ပြင်ပကမ္ဘာနှင့် သွယ်ဝိုက်၍ပင်ဖြစ်စေ ဆက်သွယ် ပေါင်းစပ်ကြည့်ရလျှင် ကောင်းမည်ဟု စိတ်ကူးရသဖြင့် ရုပ်မြင်သံကြားကို ကျွန်တော်ဖွင့်လိုက်မိ၏။ အဲသည်မှာ ကျွန်တော် အံ့သြရလောက်အောင်ပင် လွန်ခဲ့သောနှစ်အနည်းငယ်က ကျော်ကြားခဲ့သော ရုပ်ရှင်မင်းသမီးတစ်ယောက် သကြား၏ ဆိုးရွားသော ထိခိုက်စေမှုများအကြောင်း မိန့်ခွန်းမြွက်ကြားနေသည်ကို ကြည့်ရသည်။ အစွမ်းကုန် သန့်စင်ပြီးသော ကျောက်သလင်း ပုံဆောင်ခဲ သကြားများက ပေးစွမ်းသော ဘေးဒုက္ခအကြောင်းကို ဟောလိဝုဒ်၏ စံပြမင်းသမီးသည် စိတ်အားထက်သန်စွာပင် အတိအလင်း ထုတ်ဖော်စွပ်စွဲလျက်ရှိသည်။ သူမကပြောသည်။ ကြံပင်များနှင့် မုန်လာဥနီများ၏ အလင်းဖြင့် ဓာတ်ပေါင်းစပ်ခြင်း သဘာဝကို ထိခိုက်နစ်နာ

http://www.cherrythitsar.org



အောင် ပြုပြင်ထားသောထိုအမျိုးအစားသည် တကယ်တော့ သဘာဝ မဟုတ်သော အစာတစ်ခုဖြစ်သည်တဲ့။ ကျွန်တော့်စိတ်တွင် ရုတ်တရက် ထင်ဟပ်သွားမိသည်ကတော့ တစ်စုံတစ်ယောက်အား သဘာဝ မဟုတ်သောပြုလုပ်မှု တစ်ခုခုကျူးလွန်သည်ဟု တရားစီရင်ကာ ပြစ် ဒဏ်ချလိုက်သလို အတွေးအမြင်တစ်ခုပဲဖြစ်သည်။ ချက်ချင်းပင် ထို ကြီးမြင့်သောအမျိုးသမီးသည် ကျွန်တော့်အား သူမ၏ သကြား ဆန့်ကျင်ရေး လှုပ်ရှားမှုများအကြားတွင် ဆွဲငင်ညှို့ငင်ယူလိုက်၏။ ထို အခါ ကျွန်တော်သည် ကော်ဖီစေ့များမှ ထုတ်ယူဖန်တီးထားသော သဘာဝမဟုတ်သည့် ကော်ဖီကိုဖျော်နေရင်း သကြားကို မုန်းပါ... သကြားကို မုန်းပါဟု တတွတ်တွတ်ရေရွတ်နေမိသည်။ ထို့နောက် ကျွန် တော့် ကော်ဖီထဲသို့ မြင့်မားစွာ ဓာတ်ပြုထုတ်ဖော်ထားသော ဆေး သကြား Sacharin တစ်ပြား ထည့်လိုက်ပါသည်။

မိနစ်အနည်းငယ်အကြာ အိပ်ချင်မူးတူးအာရုံတွေ လွင့်ပြယ်ပြီး မရေမရာသော ကျိုးကြောင်းဆင်ခြင်မှုက စိတ်လှုပ်ရှားစွာ စိတ်ချယုံကြည်ခြင်း နေရာသို့ အစားထိုး ဝင်ရောက်လာသောအခါမှာတော့ ကျွန်တော် တွေးမိသွားသည်။ ကျွန်တော့် လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများ နှစ်များစွာကြာအောင် စမ်းသပ်လေ့လာနေပါလျက် လိုက်လို့မမီအောင် နားလည်ရ ခက်ခဲနေဆဲဖြစ်သော ဇီဝဓာတုနှင့် အာဟာရဆိုင်ရာ အခြင်းအရာများအကြောင်းကို ရုပ်ရှင်ဇာတ်လိုက်မင်းသမီးက ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချစွာ အသေအချာထုတ်ဖော် ပြောရလောက်အောင် သူမဘယ်ကနေ ဘယ်လို သိလာခဲ့ပါသနည်း။

ဖြစ်နိုင်သည်မှာ ကျွန်တော်တို့လို ညစ်ထပ်ထပ်ဝတ်ရုံဖြူ ဝတ်ဓာတ်ခွဲခန်း သုတေသီများ၊ တစ်သျှူးအပိုင်းအစတွေ ဖြတ်တောက်ထုတ်ယူကြိတ်ထောင်း ရှုပ်ယှက်ခတ် ညစ်ပတ်နေအောင် လုပ်ကိုင်စမ်းသပ်ပေမယ့် ဒါဟာ အမှန်တရားဆီသို့ အတိုဆုံးရောက်သည့်လမ်းဟုတ်ဟန်မတူ။ တကယ့် အာဟာရဆိုင်ရာအသိအမြင်သည် မျက်ကန်းအမြင်တစ်ခုမှ လျှို့ဝှက်ဆန်းကျယ်စွာ ရောက်လာတတ်လေသလား

မသိ။ ကျွန်တော် တို့ လိုက်လို့မမီ လွဲချော်နေခဲ့လေပြီလား။

ထိုအဖြစ်အပျက် အလုံးစုံသည် ဇီဝဆေးပညာ သိပ္ပံပညာရှင်များအား ခဏခဏ ခြောက်လှန့်တတ်သော အိပ်မက်ဆိုးတစ်ခု အဖြစ် မကြာခဏ နာကျင်စေသော အတွေ့အကြုံပင်ဖြစ်သည်။ ကော့တေးပါတီ သို့မဟုတ် အခြားလူမှုရေးဆုံစည်းပါတီတစ်ခုတွင် တစ်ယောက်ယောက်က လူအုပ်ကြားမှပေါ်လာပြီး ကောင်းမွန်သင့်တော်သည့် အစားအစာဆိုတာ ဘယ်လိုကဘယ်လိုဟု အာပေါင်အာရင်းသန်သန် ပြောဆိုနေသည်ဆိုပါစို့။ ထိုသူအခြေခံသော အချက်အလက်တို့မှာလည်း ကျွန်တော်တို့သိထားသော အင်ဇိုင်းသဘာဝ၊ ကိုယ်ခန္ဓာတွင်း ဓာတ်ဖွဲ့စည်းမှု သဘာဝ၊ ဆဲလ်နှင့် ကိုယ်အင်္ဂါများ၏ သက်ရှိသဘာဝစသည်တို့နှင့် မဆီလျော် ကမောက်ကမ ဖြစ်နေခဲ့သည်ဆိုပါစို့။

အကယ်၍သာ နားထောင်သူသည် ရဲတင်းစွာ အားမနာတတ်သူဖြစ်ပြီး "ခင်ဗျား ဒါကိုဘယ်လိုလုပ်သိသလဲ"ဟု မေးလိုက်လျှင် မေး မိသူသည် တစ်ခါတုန်းက ကိုလမ်ဘတ်စ်တစ်ယောက် "ကမ္ဘာကြီး ပြားနေတယ်လို့ ခင်ဗျားဘယ်လိုလုပ်သိသလဲ"ဟူသော မေးခွန်းမေး စဉ်က ရင်ဆိုင်ခဲ့ရသော အကြည့်မျိုးဖြင့် ကြည့်ခံရလေသည်။

တကယ်တော့ အကြောင်းအရာမျိုးစုံအတွက် အသိပညာဆိုင်ရာ ပြောဆိုချက်များစွာမှာ ထိုပြဿနာမျိုးဖြင့် ကြုံရလေ့ရှိသည်။ သက်သေအထောက်အထားမရှိသည့် ပြောဆိုချက်မျိုးကို တုံ့ပြန်ဖို့အတွက် မေးမြန်းစုံစမ်းကြည့်သင့်၏။ "ခင်ဗျားပြောနေတာဟာ အချက်အလက်ကို အခြေခံတဲ့ ဖော်ပြချက်တစ်ခုဖြစ်တယ်လို့ ခင်ဗျားဘယ်လိုလုပ်သိနိုင်သလဲ"ဟူသော အမေးမျိုးဖြစ်သည်။ ထိုမေးခွန်းအဆင့်မျိုးဖြင့် ကြည့်လျှင်တော့ ကျွန်တော်တို့ အမေရိကန် ပညာရေးစနစ်သည် လုံးဝကို ကျရှုံးခြင်းတစ်ခုဖြစ်သည်ဟု ကျွန်တော် ယုံသည်။

ကျွန်တော်တို့သိသော အရာများကို ကျွန်တော်တို့ မည်ကဲ့သို့သိနားလည်ထားသလဲ...ဟု မေးခြင်းသည် အသိပညာ၏ အရင်းခံသဘာဝ၊ ကန့်သတ်ချက်တို့အပေါ် ဒဿနိကဆန်ဆန် လေ့လာခြင်းဖြစ်သည်။ ၎င်းအသိပညာ သီအိုရီကို ကောလိပ်၊ အဆင့်မြင့်နှင့် ဘွဲ့

http://www.cherrythitsar.org



လွန်အဆင့် ဒဿနိက သင်ခန်းစာမှာတော့ သင်ကြားရသည်။ ထို့ကြောင့် ကောလိပ်ကျောင်းသားလူနည်းစု ကွက်ကွက်လေးအတွက်သာဖြစ်သည်။ အထက်တန်းအောင်မြင်ပြီးသူတိုင်း ဤအသိပညာအခြေခံကို သိထားလျှင် မကောင်းဘူးလား။ သူတို့မှာ မမှန်ကန်သော၊ ထင်ယောင်ထင်မှား မှောက်မှားစေသော ဖော်ပြချက်အမျိုးမျိုးကို နေ့စဉ်မလွဲမရှောင်သာ ကြုံတွေ့ ရင်ဆိုင်နေရသည် မဟုတ်ဘူးလား။ ဖော်ပြချက်အမျိုးမျိုးကို အမှားအမှန် စိစစ်လေ့လာတတ်ဖို့ ကျွမ်းကျင်အောင် လေ့ကျင့်သင်ကြားခြင်းသည် ကျောင်းပညာရေး၏ အနှစ်သာရ ဖြစ်ရမည်ဆိုပေမယ့် ဖြစ်မနေသည်မှာ ထူးဆန်းသယောင်ရှိပါသည်။

ယခုလက်ရှိ လက်ခံထားသည့်အတိုင်းဆိုလျှင် ပညာ သင်ကြားရေး ဆိုသည်မှာ ဆရာမှတပည့် ကျောင်းသားသို့ ဘာသာရပ်အကြောင်းအရာများကို လွှဲပြောင်းပေးအပ်ခြင်းဖြစ်သည်။ အကြောင်းအရာတစ်ခုခု မသေချာမရေရာလျှင် ဆုံးဖြတ်ဝေဖန်ပေးမည့် အခွင့်အာဏာသည် ဆရာ့အပေါ်၊ ပြဋ္ဌာန်းစာအုပ်အပေါ်၊ နောက်ဆုံးစွယ်စုံကျမ်း အဘိဓာန်အပေါ်မှာ တည်ရှိသည်။ ထိုအသိအမြင်ကို မည်ကဲ့သို့ ရရှိသည်ဟူသော နည်းစနစ်ကျကျ ဝေဖန်လေ့လာခြင်းက တော့ မပါဝင်သလောက်ပင်ဖြစ်သည်။ ထို့ကြောင့် ပညာတတ် တစ်ယောက်ပိုင်ဆိုင်ရမည်ဖြစ်သော အရေးကြီးဆုံး လက်နက်တစ်ခု ဖြစ်သည့် ခွဲခြမ်း စိတ်ဖြာခြင်း အတတ်ပညာမှာ လျစ်လျူရှုခံနေရ လေ တော့သည်။ ကျွန်တော့်အနေနှင့် အချက်အလက်သတင်းများ လွှဲပြောင်းပေးအပ်ခြင်းကိစ္စအပေါ် ဆန့်ကျင်ပြောဆိုနေခြင်း မဟုတ်ပါ။ လူငယ်တွေ ကြီးပြင်းရာ တကယ့်ကမ္ဘာကြီးမှာက အာဝဇ္ဇန်းရွှင်ရွှင် လှုံ့ဆော်ဆွဲဆောင်နိုင်သူ၊ တတ်ယောင်ကားလူတွေ အမျိုးစုံရှိနေသည့်အပြင် ထိုသူများကို လိုအပ်သည့်မေးခွန်းများ ဘယ်သူကမှ မေးမြန်းစစ်ဆေးခြင်းမရှိသည်မို့ သူတို့မှာ ဇက်ကြိုးလွတ်နေသည်။ တွေးဆဆင်ခြင်သည့် အလေ့အထမရှိသော လူငယ်တွေကို ထိုသူတွေ၏ ဝိုင်းရံမှုမှ ကာကွယ်ဖို့ဆိုလျှင် လက်ရှိအသိပညာ လွှဲပြောင်း ပေးခြင်းစနစ်က မလုံလောက်သေးဟု

http://www.cherrythitsar.org



ဆိုလိုခြင်းသာဖြစ်ပါသည်။ ‘အဖြစ်မှန်ကို အမျိုးအစားခွဲခြား စိစစ်ခြင်း’ ဟူသည့် အဆင့်အတန်းတစ်ခုဖြင့် ကောက်ချက်ဆွဲကြည့်မည်ဆိုလျှင် ပါရဂူဘွဲ့ လက်ဝယ်ရထားသော ပညာတတ်ဟု ခေါ်ရသောလူ တွေမှာပင် အလယ်တန်း၊ အထက်တန်းကျောင်းသားလေးများ၏ ညံ့ ဖျင်းတုံးအမှုမျိုးကို တွေ့နေရသည်။ သူတို့တတ်ကျွမ်းထားသည့် ပညာ ရှင်ဆိုင်ရာနည်းနာများသည် အခြေအမြစ်ကျကျ လေ့လာဆန်းစစ်ခံရ လျှင် ချက်ချင်းပင် စွန့်ပယ်ပစ်ရဖို့သာ ရှိတော့သည်။

ဤအဖြစ်နှင့်ယှဉ်၍ ကျွန်တော်တို့ အဟာရ ဘာသာရပ်ဆီ ခဏတဖြုတ်ပြန်စဉ်းစား တွေးတောကြည့်မည်။ အဟာရဘာသာရပ်မှာက လက်တွေ့ကျကျ အသုံးဝင်သော အခြေခံအချက် အလက် များ ရဖို့ပင် တော်တော်ခက်ခဲပါသည်။ ဖော်ပြချက်များသည် လူများစု အပေါ်မှာ မူတည်ပြီး ယေဘုယျ ကောက်ချက်ချထားခြင်း ဖြစ်သည်။

သကြားသည် အန္တရာယ် ရှိသလား။ ကျွန်တော်တို့ သိပ္ပံသုတေသီ တွေပင် ကောက်ချက်ဆွဲဖို့ မမီသေးသော အခြေအနေ၌ ဟောလိဝုဒ် ရုပ်ရှင်မင်းသမီးကတော့ စိတ်လိုက်မာန်ပါ စွပ်စွဲဆန့်ကျင်နေခဲ့ပြီ။ ကျွန် တော်တို့ လူမှုဝန်းကျင်မှာ မေးခွန်းတွေ မေးဖို့လိုအပ် နေပြီဟု ကျွန်တော် ယုံသည်။

ကျောင်းတွေမှာ ဘာကြောင့် အသိပညာ၏ သီအိုရီကို သင်ကြား မပေးသလဲဟူသောပြဿနာမှာ အလွယ်တကူပင် မြင်နိုင်ပါသည်။ Epistemology ခေါ် ‘အရင်းအမြစ်သဘာဝနှင့် အတိုင်း အတာများကို စနစ်ကျကျ လေ့လာဆန်းစစ်ခြင်း’ ဟူသည်မှာ အန္တရာယ်ကြီးသော ဘာသာရပ်ဖြစ်သည်။ ဖော်ပြချက်များ သင်ကြားချက်များ၏ ကြံ့ခိုင်မှု ယုတ္တိယုတ္တာကို မေးခွန်းထုတ်ဖို့ အစပျိုးလိုက်ပြီဆိုလျှင် ဆရာတွေ ကိုယ်တိုင်ပင် မေးခွန်း၏အောက်သို့ရောက် သွားကြတော့မည်။ ပညာ ရေး နှင့် ပတ်သက်သမျှ (သက်သေထောက် ခံချက်မရှိသည့်) ပြောဆိုဖော်ပြချက်များ၊ ဘာသာရေး၊ အုပ်ချုပ်ရေး၊ လူမှုရေးတို့၏ အတည်

http://www.cherrythitsar.org



ပြုထားသော ပုံစံများအားလုံးပင် 'ဒါကို အမှန်ဟု ဘယ်လို သိနိုင်မလဲ'ဟု စစ်ဆေးစီရင်ထိုက်သည့် အခြင်းအရာတွေ ဖြစ်ကုန်လိမ့်မည်။ အချက်အလက်များကို မည်ကဲ့သို့ စိစစ်ရှာဖွေမည်ဟု အသိအမြင် အတွေ့အကြုံ လုံးဝမရှိခဲ့သည့် မိဘများနှင့် ဆရာများအတွက်တော့ သူတို့၏ကလေးတွေ အသိပညာ ၏ အရင်းအမြစ်ကို မဆုံးနိုင်အောင် မေးခွန်းတွေထုတ် စိစစ်ပိုင်းခြားနေတော့မည့်အဖြစ်သည် သည်းမခံနိုင်ဖွယ်ရာပင်ဖြစ်သည်။ စုံစမ်းမေးမြန်းခြင်းဟူသည် တကယ်တော့ အရာဝတ္ထုများကို လက်ရှိအနေအထား အတိုင်း လက်ခံခြင်းအား စိန်ခေါ်လိုက်ခြင်းပင်ဖြစ်သည်။

ကျွန်တော်တို့ ယခုဆွေးနွေးနေသော ခွဲခြမ်းစိတ်ဖြာနည်းကြောင့် ပေါ်ပေါက်လာနိုင်သည့် ခြိမ်းခြောက်မှုကို အမှန်အတိုင်း ဆင်ခြင်ဖို့ဆိုလျှင် ကျွန်တော်တို့ ရှေးဟောင်းအေသင်လူမျိုးများဆီ ပြန်ငဲ့ကြည့်ဖို့ လိုအပ်ပါသည်။ အေသင်နိုင်ငံမှာတော့ ဒဿနိက တွေးခေါ်ရှင် ဆောခရတ္တိသည် သူ့နောက်လိုက်လူငယ်များအား အရာရာအပေါ် မေးခွန်းထုတ်ခြင်းဖြင့် အဖြေရှာနည်းကို သင်ကြားပေး ခဲ့၏။ အမေရိကန် သမိုင်းပညာရှင်နှင့် ဒဿနိကပညာရှင် Will Durant ၏ စကားအရ 'ဆောခရတ္တိသည် လူသားစိတ်တွင်းသို့ နှိုက်နှိုက်ချွတ်ချွတ် ထိုးဖောက်ရင်း သိသယောင်အဖြစ်များကို ဖော်ထုတ် ဖွင့်ပြပြီး သေချာမှုများအတွက် မေးခွန်းတွေထုတ်ခဲ့သည်။ ထိုမေးခွန်းဖြင့် ထိုးဖောက်စစ်ဆေးခြင်းနည်းပညာမှာ 'ဆောခရတ္တိနည်း'ဟု ထင်ရှားသည်။ ဤကဲ့သို့ စစ်ဆေးစုံစမ်းသောဆရာကို ဂရိမြို့တော် အစိုးရသည် ဟဲမ်း(မ်)လော့ခ်အဆိပ်ဖြင့် တိုက်ကျွေးပြီး ပြစ်ဒဏ်စီရင်ခဲ့သည်။ ဆောခရတ္တိကို စွဲချက်တင်သော အကြောင်းပြချက်များအနက် အထင်ရှားဆုံးစွဲချက်မှာ "လူငယ်များကို ယိုယွင်းဖောက်ပြန်စေမှု"ဟု ဖြစ်သည်။' အသိပညာ၏ သီအိုရီကို စဉ်းစားဆွေးနွေးရန် ပထမဆုံး ကြိုးစားတင်ပြခဲ့သူ၏ ကံကြမ္မာဆိုးသည် နောက်ထပ်လာသမျှသော ကျောင်းပညာရေး၌ ထိုစနစ်ကို ဖယ်ထုတ်ရန် လုံလောက်သော သတိပေးချက် ဖြစ်ခဲ့ပါသည်။

http://www.cherrythitsar.org



မေးမြန်းစုံစမ်းခြင်း၏ ဝိဇ္ဇာ၊ သိပ္ပံဆိုင်ရာအတတ်ပညာကို လူငယ်တွေအတွက် အန္တရာယ်ရှိသည်ဟု တားမြစ်ထားဆဲဖြစ်သည်။ ကျွန်တော်ကတော့ လူငယ်တွေကို သင်ကြားပေးလို့ ကြုံတွေ့လာ မည့် အန္တရာယ်ထက် မသင်ကြားခဲ့လျှင် ကြုံတွေ့ရမည့်အန္တရာယ်က ပိုများမည်ဟု ယုံသည်။ မေးမြန်းစုံစမ်းခြင်းကို မသင်ကြားသည့်အခါ လူငယ် များသည် ဆေးပညာနှင့် ကျွမ်းကျင်ပညာရှင်မဟုတ်သည့် ရမ်းကုများ၊ တတ်ယောင်ကား အတုအပများအစုအဝေးနှင့်ပေါ်များလှသည့် လောက ကြီးအလယ်တွင် အမှန်နှင့်အမှားကို ဘယ်လို စိစစ် ရွေးထုတ်နိုင်ပါ့ မလဲ။ ထိုသူတို့၏ လှည့်ကွက်များစွာသည် ယခုအခါ ကမ္ဘာကြီးတစ်ခု လုံးမှာ အစုအဝေးနှင့် ဆက်သွယ်အုပ်စီးမိနေကြပြီ။ ကြောင်းကျိုး ဆင်ခြင်မှုကို အခြေပြုခြင်းသည်သာ ပြဿနာတွေ ပြေလည်မည့် လမ်းကြောင်းဆီသို့ ဦးတည်သည်ဟု ကျွန်တော်တို့ တကယ်ယုံကြည်ကြလျှင် လူတိုင်းလူတိုင်း၏အတွေး၌ "ဘယ်ဟာက အစစ်လဲ"ဟု စစ်ဆေး နိုင်တတ်ဖို့ အခုပဲ စတင်လေ့ကျင့်မှ ဖြစ်တော့မည်။

လူငယ်များကို စိန်ခေါ်ခြင်းသည် အန္တရာယ်၊ သဘောမတူနိုင်သည့်ကိစ္စဟု ထင်ခဲ့လျှင် သူတို့ကိုယ်သူတို့ ဘယ်သွားလို့ သွားမှန်းမသိ။ ဘယ်တော့မှလည်း မေးခွန်းမထုတ်တတ်သည့် လူငယ်အုပ်စုကြီး ပိတ်လှောင်ထားသော လှေကားအဆင့်များထဲ၌ တဝဲလည်လည် ချီတက်နေခြင်းဖြစ်ရပ်က မည်မျှ ပို၍ ကြောက်မက်ဖွယ် ကောင်းလိုက်လေမလဲဟု တွေးကြည့်စေ ချင်ပါသည်။

အဖြေကတော့ ရှင်းပါသည်။ ပညာရေးကို အခြေခံများအဆင့် အထိ ပြန်သွားမည်ဆိုလျှင် ဖတ်ခြင်း၊ ရေးခြင်း၊ တွက်ခြင်းဟူသည့် သုံးသပ်ချက်အပြင် စတုတ္ထအချက် 'အမှန်တရား'ကိုပါထည့်ပြီး သင် ပေးသင့်ပါသည်။

ပထမတန်းမှစ၍ ဘွဲ့ရသည်အထိ သင်ကြားလေ့ကျင့်ပေးခြင်း အားဖြင့် ပြောဆိုချက်တစ်ခု၏ အဓိပ္ပါယ်အပေါ် အကင်းပါးစွာ သိနား လည်မည်။ ထိုအသိအမြင်သည်

http://www.cherrythitsar.org



ဘယ်လောက်ထိအစမ်းသပ်ခံ ကြဲ့ကြဲ့ ခံနိုင်မလဲဟု တွေးဆတတ်လာမည်။ ဤနည်းသည် အခြေခံကျသော အရင်းအမြစ်ပဲဖြစ်သည်။

ဟဲမ်းမ်လော့ခ် အဆိပ်ရည်ကို သောက်ရခြင်းသည် နာကျင်ဆင်းရဲမှာ သေချာပါ၏။ သို့သော် နေ့စဉ်နှင့်အမျှ ကျွန်တော်တို့ ရုပ်မြင်သံကြားမှ စီးဝင်လာနေသော အဓိပ္ပာယ်မဲ့အရာတွေကို မြိုချ နေရသလောက်တော့ နာကျင်ရမှာမဟုတ်ပါ။

*Ref;*

*- Harol J. Morowitz ,Drinking Hemlock and Other Nutritional Matters*

*(Eleven News Vol:1/No:29, 9-6-2002)*

# Art

# အနုပညာ

**ဘဝသည် တို၏။ အနုပညာသည် ရှည်၏။**

***Life is short and Art is long.***

***Helmuth von Moltke***
Public decalaration , 1880

http://www.cherrythitsar.org



# ဗန်ဂိုး ပန်းချီကားတစ်ချပ်ကို ခံစားကြည့်-ခင်း



The Potato eaters by Van Gogh,1885

Eleven Media

http://www.cherrythitsar.org



အနုပညာရှင်သည် သူပြောချင်တာ (သူဖန်ဆင်းချင်သောဂီတ)ကို
မပြောဘဲ ငြိမ်သက်နေခဲ့သည့်အတွက် သူရှုံးသည်
ဒါက လုံးဝမြင်သာသောအချက်ပါ
သို့သော် ထိုအရှုံးသည် အရှုံးစစ်စစ်ဖြစ်သလား
ထိုအရှုံးသည်ပင်လျှင် အနုပညာရှင်၏ နိုင်းရအောင်မြင်မှု
မဖြစ်နိုင်ဘူးလား

http://www.cherrythitsar.org



# ဗန်ဂိုး၏ ပန်းနှီကြားတစ်ချပ်ကို ခံစားကြည့်ခြင်း

တစ်ခါတုန်းက အမျိုးသမီးငယ်တစ်ယောက်က ကျွန်မကို မေးခွန်းတစ်ခု မေးဖူးသည်။

"ပန်းနှီကြားတွေကို ဘယ်လိုခံစားသလဲ"တဲ့။

သူ့မေးခွန်းက ယေဘုယျ လူသားတွေအတွက် မေးခွန်းလား၊ သို့ မဟုတ် ကျွန်မတစ်ယောက်တည်း၏ ခံစားမှုကိုသိချင်တာလား၊ အဲဒီတုန်းက ကွဲကွဲပြားပြား မသိလိုက်ပါ။ ကျွန်မက ကျွန်မ တစ်ယောက်တည်း၏ ခံစားမှုနှင့်ဆိုင်သော အမြင်တစ်ခုကိုပဲ မေးသည်ဟု ယူဆလိုက်ပါသည်။

တကယ်တော့ထိုမေးခွန်းမျိုးကို ကျွန်မ မကြာခဏကြားရ၏။ မေးခွန်းမေးသူများမှာလည်း အမျိုးသမီးလေးတွေဖြစ်တတ်၏။ ကျွန်မ ဖတ်ဖူးသည့် Aldous Huxley ၏ အက်ဆေးတစ်ပုဒ် Doors of Perceptions ထဲက စကားလုံးများကို သူတို့အား ပြောပြရမလားဟု

http://www.cherrythitsar.org



တွေးမိ၏။ အာရုံသိ စွမ်းရည်တံခါးများကို ဖွင့်ထားသောသူသည် အမြင်အာရုံ အကြားအာရုံများကို နက်ရှိုင်းစွာ ခံယူထိုးဖောက်နိုင် စွမ်းရှိသည်ဟူသော အဓိပ္ပါယ်ကို ကျွန်မနှစ်သက်စွာ ခဏခဏသတိရ နေသောကြောင့်ဖြစ်သည်။ သို့သော် ဤကိစ္စ၌ ကျွန်မရိုးသားဖို့ လို သည်ဟု ကျွန်မထင်သည်။ ထို့ကြောင့် ကျွန်မ၏ လူပြိန်းအသိအမြင် နဲ့ပဲ ကျွန်မခံစားပုံ ခံစားနည်းကို ဖြေခဲ့ပါသည်။

"ပန်းချီကားတစ်ခုကို ကျွန်မခံစားတဲ့အခါ ကျွန်မအမြဲလုပ် လေ့ရှိတာကတော့ ပန်းချီကားထဲက အသံတွေကြားရအောင် အာရုံ စိုက်လိုက်တာပါပဲ"။ ထိုအမျိုးသမီးလေး ဇဝေဇဝါပြုံးပြီး ထွက်ခွာသွား တော့မှ ကျွန်မဒီထက်ပိုပြီး သိုက်သိုက်ဝန်းဝန်း ဖြေခဲ့ဖို့ လိုမလားဟု စဉ်းစားမိပါသည်။ ငြိမ်သက်ခြင်းက ပေးနိုင်စွမ်းသော အသံများ အ ကြောင်း တစ်နေ့နေ့မှာ သူသိလာမှာပါပဲ။ ထိုအခါ ကျွန်မ၏ (မှား ယွင်းသည်ဖြစ်စေ၊ မှန်ကန်သည်ဖြစ်စေ) ပန်းချီကားခံစားပုံကို သူ သဘောပေါက် သွားပါလိမ့်မည်။

ပန်းချီကားတစ်ခုမှာ အရောင်တွေပါသည်။ စုတ်ချက်တွေပါ သည်။ အနုအရင့်ကူးပြောင်းမှုတွေပါသည်။ ထိုအရာများကို မျက်စိ ဖြင့် ကြည့်ရင်း နားထဲမှာကြားရအောင် အာရုံစိုက်ရတာ မိန်းမူး တပ် မက်ဖွယ်ကောင်းပါသည်။ ပန်းချီကား၏ ငြိမ်သက်မှု၊ တိတ်ဆိတ်မှုကို သူပြသော အရောင်များဖြင့် စကားလုံးအဓိပ္ပါယ် ကောက်ယူရတာ ဖြစ် ၍ လူက သက်သက်သာသာ စီးမျောသွားနိုင်လေ့ရှိပါသည်။ ကျွန်မ တို့ကို စိန်ခေါ်နေသည်က ဘာအရောင်မှ ပြမထားသော ငြိမ်သက် တိတ်ဆိတ်ခြင်းများ၏ အသံဖြစ်သည်။

ငြိမ်သက်တိတ်ဆိတ်ခြင်း၏အသံကို ကျွန်မကြားနိုင်ဖို့ ကျွန်မ ၏ လေ့ကျင့်မှုများကို ဓာတ်ပုံများဖြင့် စခဲ့သည်။ ဓာတ်ပုံများသည် သူတို့၏နောက်ခံသမိုင်းကို ပြောပြနေကြသလိုရှိသည်။ အားကစား သမားတစ်ယောက်၏ လှုပ်ရှားမှုဓာတ်ပုံမှာ ကျွန်မဘာမြင်နိုင်သလဲ၊ မြင်နိုင်သမျှထဲမှ သူ့ရင်ထဲကအသံကို ကျွန်မနားထောင်ကြည့်သည်။ ချောင်ဗွေဖားရား၏ နာမည်ကျော်ဓာတ်ပုံမှ ကျွန်မဘာမြင်နိုင်သလဲ။ သူ့

ရင်ထဲက အသံကို ကျွန်မနားထောင်ကြည့်သည်။ တိုင်းမ် မဂ္ဂဇင်းထဲမှ မြင်ရသော ဓာတ်ပုံအချို့မှ ကွပ်မျက်ခံရခါနီး လူအုပ်စုများ၏ နောက်ဆုံး ဓာတ်ပုံတို့ကို ကြည့်သည့်အခါ သူတို့၏ရင်ထဲက အသံကို နားထောင်ကြည့်သည်။ သူတို့ကွပ်မျက်ခံရတော့မည်ကို သူတို့သိသည်။ သူတို့၏မျက်လုံးထဲမှာ ကျွန်မမြင်ရသောအရာသည် ရင်ထဲက အသံကို ပြောနေကြသည်။



**Crows in the Wheat Fields by Van Gogh,1890**

ဗန်ဂိုး၏အာလူးစားသူများ ပန်းချီကားကို မျက်စိမြင်သူတိုင်း ခံစားတတ်ကြသည်။ ညစာစားပွဲတွင် ထိုမိသားစု၏စကားလုံးတွေ မှာ ဘာဖြစ်မလဲဟု ကျွန်မတို့အားလုံး သိကြသည်။ 'ဂျုံခင်းထဲမှ ကျီးကန်းများ' ပန်းချီကားကို မြင်သူတိုင်း ခံစားတတ်ကြသည်။ ဗန်ဂိုးက ဒြပ်အကောင်အထည်ဖြင့် စုတ်ချက်များကို သရုပ်ဖော်ထားခြင်း ဖြစ်နေလို့ပဲ။ ကောင်းကင်၏ အနက်ရောင်လွှမ်းမှု၊ ကျီးကန်းများ၏ ခြောက်လှန့်မှုစသည်တို့ကို ကျွန်မတို့မြင်နိုင်ပြီး ထိုအသံကို ကြားနိုင်

http://www.cherrythitsar.org



သည်။ ထိုပန်းချီကားကို ဗန်ဂိုးကွယ်လွန်မည့် ဇူလိုင်လက ရေးဆွဲထားခြင်းဖြစ်သည်ဟု သိလိုက်ရသည့်အခါ ကျွန်မတို့ပိုပြီး ခံစားလိုက်နိုင်ကြသည်။

လွန်ခဲ့သော နှစ်ငါးဆယ်ခန့်က ထင်သည်။ နာမည်ကျော်ဂီတဆရာ John Cage သည် (၄)မိနစ်(၃၃)စက္ကန့်ဟူသော ဖွဲ့စည်းမှု တစ်ခုကို ပရိသတ်ရှေ့မှာ တင်ပြခဲ့ဖူးသည်။ စန္ဒရားဆရာသည် စင်မြင့်ဘေးမှ လျှောက်လာပြီး ပရိသတ်အား ဦးညွှတ်သည်။ သူ့ဝတ်ရုံ အောက်အနားစကိုသိမ်းပြီး စန္ဒရားထိုင်ခုံတွင်ထိုင်သည်။ သူ့အိတ်ထဲမှ အချိန်မှတ်နာရီလေးထုတ်ယူပြီး ခလုတ်လေးတစ်ခုနှိပ်ကာ အချိန်စမှတ်သည်။ ထို့နောက် စန္ဒရားခလုတ်များကို စူးစမ်းကြည့်နေခဲ့ သည်မှာ (၄)မိနစ် (၃၃) စက္ကန့်ကြာသည်အထိဖြစ်သည်။ အချိန်စေ့သွားသောအခါ သူစန္ဒရားအဖုံးကို ပိတ်လိုက်သည်။ ထို့နောက် စင်မြင့်ပေါ်မှ ထွက်ခွာသွားသည်။

၎င်းကို အနုပညာဟု လက်ခံသူတွေရှိမည်။ ဒါအနုပညာ မဟုတ်ဘူးဟု ငြင်းပယ်သူတွေ ရှိမည်။ အနုပညာ မြောက်ခြင်း၊ အနုပညာ မဟုတ်ခြင်း၊ အစီအစဉ်ကျခြင်း၊ အစီအစဉ်မကျခြင်း စသည်တို့အကြားက အနားသတ်မျဉ်းသည် ယခုအခါ (မော်ဒန်လွန်ခေတ်မှာ) ဝါး၍ဝါး၍လာခဲ့ပြီ။ ပျောက်ကွယ်လုမတတ်ရှိသည်။

John Cage ၏ အနုပညာပြပွဲမှာ ကျွန်မတို့ ပရိသတ်သည် ဘာကိုကြားရသလဲ။ ဘာမျှကြားရမည် မဟုတ်ပါ။ စန္ဒရားဆရာကိုယ်တိုင်က ငြိမ်သက်မှုဖြင့် သူ့အနုပညာကို သင်္ကေတဆန်ဆန် ဖွဲ့စည်း ပြခဲ့ခြင်းဖြစ်သည်။ ထိုငြိမ်သက်မှုသည် အချိန်ကို ခွဲဝေ သုံးစွဲလိုက်ခြင်း၏ သရုပ်ဖြစ်သည်။ ကမ္ဘာကြီးကို ဖုံးထားသည့် အဖုံးကို (၄)မိနစ်(၃၃)စက္ကန့် ဖွင့်ပြထားပြီး ပြန်ပိတ်လိုက်သလို ရှိသည်။ ရလိုက်သမျှ အဖြေသည် (၄)မိနစ် (၃၃)စက္ကန့်ပဲ။ ထိုအချိန်အတွင်း အနုပညာရှင်သည် ကမ္ဘာကြီးကို ဖွင့်ပြ ပုံဖော်လိုက်ခြင်းပါပဲ။ တစ်ယောက်စီသော ပရိသတ်သည် ထိုရုပ်လုံးကို ဖမ်းဖို့၊ အာရုံစိုက်ဖို့၊ ထို့အပြင် အချင်းချင်းကို ဆက်သွယ်ဖြန့်ဝေဖို့ တာဝန်ရှိသည်။ မဆက်

http://www.cherrythitsar.org



သွယ်နိုင်သော ကြားခံနယ်တစ်ခုကို ကန့်သတ်ထားသော အချိန်ဖြင့် ဆက်သွယ်ပေးနိုင်သလား။ အနုပညာရှင်သည် သူပြောချင်တာ (သူ ဖန်ဆင်းချင်သောဂီတ) ကို မပြောဘဲ ငြိမ်သက်နေခဲ့သည့်အတွက် သူရှုံးသည်။ ဒါက လုံးဝမြင်သာသောအချက်ပါ။ သို့သော် ထိုအရှုံး သည် အရှုံးစစ်စစ်ဖြစ်သလား။ ထိုအရှုံးသည်ပင်လျှင် အနုပညာရှင် ၏နိုင်းရ အောင်မြင်မှု မဖြစ်နိုင်ဘူးလား။

ငြိမ်သက်ခြင်းသည် အနုပညာရှင်၏အရှုံးလား၊ ထိုမေးခွန်းကို John Cage ၏ နားထောင်သူပရိသတ် နှစ်ပေါင်းများစွာ အဖြေ ရှာနေ ကြ လိမ့်မည်။ ကမ္ဘာကြီး၏ အဖုံးကို ဖွင့်ပြလိုက်သည့် (၄)မိနစ်(၃၃) စက္ကန့်မှာ ကျွန်မတို့ ဘာကိုကြားရသလဲ။

ကျွန်မတို့သည် အသံများနှင့် နေသားကျနေပြီဖြစ်၍ ငြိမ်သက် ခြင်းကို ခံစားနားထောင်ဖို့ အခက်အခဲရှိနိုင်ပါသည်။ အနုပညာ တစ်ခု သည် ငြိမ်သက်တိတ်ဆိတ်နေနိုင်၏။ ထိုအနုပညာ၏ အသံကိုကြား အောင် အားစိုက်ရတာက ကျွန်မတို့ကို ပြဿနာတွေပုံပေးခြင်းမဟုတ်၊ ပြဿနာတွေကို ဖြေရှင်းနည်းချပြလိုက်ခြင်းဖြစ်သည်။ ဟောဒီမှာ... တိတ်ဆိတ်ငြိမ်သက်မှု၊ အဲဒီအရာက ပြောပြနေတဲ့ အသံကို နား ထောင်၊ အဲဒီအသံကိုကြားရင် တခြားအသံတွေကို ခင်ဗျားတို့ ကြားနိုင်ပြီ။


ကမ္ဘာကြီးတွင် ကြားရသောအသံတွေရှိသည်။ မကြားရသော အသံတွေရှိသည်။ မကြားရသည်ကလည်း အကြောင်းအမျိုးမျိုး ကြောင့်ဖြစ်သည်။ ဝေးလွန်းလို့ မကြားရခြင်း၊ ကြားထဲမှာ အကွာ အဝေး မခြားပေမယ့် တစ်စုံတစ်ခု (ဥပမာ အသံကာပစ္စည်း) ဖြင့် ခြားထားသောကြောင့် မကြားရခြင်း၊ John Cage ၏အနုပညာလို ဘာမျှမပြောဘဲ အရှုံးဖြင့် (၄)မိနစ် (၃၃)စက္ကန့်ငြိမ်သက်စွာ နေထိုင် ခဲ့ရလို့ မကြားရခြင်းစသည်ဖြင့် အမျိုးမျိုးရှိပါလိမ့်မည်။

အက်ဒ်ဗန့်မွန့်ခ်၏ နာမည်ကျော်ပန်းချီကား The Scream တွင် ကျွန်မတို့ အသံမျိုးစုံကြားရသည်။ ထိုပန်းချီကားသည် ပန်းချီ ပရိသတ် တစ်ယောက်နှင့် တစ်ယောက်အကြား ဆက်သွယ်ထားသော

http://www.cherrythitsar.org



မြင်သာ ထင်ရှားသည့် ကြားခံပစ္စည်းဖြစ်သည်။ ဖုံးကွယ်ထားသော အသံများကို ဖွင့်ဟပြမည့် အနုပညာများရှိနေသ၍ တိတ်ဆိတ်ငြိမ်သက်မှု၏ အသံ များကို ကျွန်မတို့ ကြားနေရမှာပါပဲ။



**Munch's The Scream (1893)**

ယနေ့ခေတ်သည် အသံတွေမျိုးစုံ ကြားနေရသော ခေတ်ဖြစ်၏။ ရုပ်မြင်သံကြားအသံ၊ ကွန်ပျူတာအသံ၊ လေယာဉ်သံ၊ ရထားသံ၊ တယ်လီဖုန်းသံ။ ထိုအသံတွေကို အနီးမှာ ကြားနေရသောအခါ အဝေးက မကြားနိုင်သော အသံများအပေါ် အာရုံစိုက်မှု နည်းကောင်း နည်းနိုင်မည်။ သို့သော် တစ်ချိန်ချိန်မှာတော့ အသံမဲ့သော ပန်းချီကား ၏ အသံကို ကြားနိုင်မှာပါပဲ။

မနေ့က ကျွန်မ မိတ်ဆွေတစ်ယောက်နှင့် စကားလက်ဆုံ ပြောမိရင်း ယနေ့ခေတ် ထိပ်တန်းရုပ်ရှင်သရုပ်ဆောင်တစ်ဦး ပြော စကားကို သူပြန်ပြောပြပါသည်။ (သူကအောင်မြင်သော ဇာတ်ညွှန်း ရေးဆရာတစ်ဦးဖြစ်သည်)

"ကျွန်တော် စကားတွေကို လျှော့ချင်တယ်။ မျက်နှာနဲ့ အမူ အယာပဲ ပြချင်တယ်"ဟု ပြောသည်ဟု ဆိုပါသည်။

http://www.cherrythitsar.org



"သိပ်ကောင်းတာပေါ့၊ ကြိုးစားကြည့်ရမှာပဲ။ တစ်ခုတော့ ရှိတယ်။ ပြောရမယ့် စကားတစ်ခွန်းနေရာမှာ မပြောဘဲ သရုပ်ဆောင် တဲ့အခါ အဲဒါလိုရာ ရောက် ရဲ့လား ကြည့်ကြည့်ရဦးမယ်၊ တကယ်လို့ လိုရာမရောက်ခဲ့ဘူး ဆိုရင်တော့ စကားနဲ့ ပြောဖို့လိုလိမ့်မယ်" ဟု မိတ်ဆွေကပြောခဲ့ကြောင်း ကျွန်မကို ပြန်ပြောပြပါသည်။ ဇာတ်ညွှန်း ဆရာ ရိုက်ကွင်းသို့ လိုက်ရခြင်း၏ အကြောင်းရင်းတစ်ခုဟု ကျွန်မ နားလည်လိုက်သည်။

ထိုရုပ်ရှင်သရုပ်ဆောင်ကို ကျွန်မကြိုတင်ပြီး အမှတ်ပေးထား လိုက်မိသည်။ လိုရာကိုရောက်အောင် သူပြုမူ သရုပ်ဆောင်တတ်ရန် စကားများများ ပြောဖို့မလိုဘူး။ ဟုတ်ပါသည်။ စကားပြောပြီး အချိန် ကုန်စေမယ့်အစား ကြည့်သူကို အမူအယာဖြင့်၊ လှုပ်ရှားမှုဖြင့် ပြနိုင်ခဲ့ လျှင် နှစ်ဦးနှစ်ဘက် အရသာရှိမှာပဲ။

ငြိမ်သက်တိတ်ဆိတ်ခြင်းသည် ကျွန်မတို့အား နည်းမျိုးစုံဖြင့် ဆက်သွယ်ပေးပါသည်။

မျက်နှာတို့၏ တိတ်ဆိတ်မှု၊ ပန်းချီကားတို့၏ အသံမဲ့မှုတို့ကို ကျွန်မတို့ ကြားပြီးသောအခါ ဂျွန်ကေ့ချ်၏ ကန့်သတ်ထားသော အချိန်ကို ကျွန်မတို့ နားလည်လာလိမ့်မည်။ နောက်ဆုံးမှာတော့ ကမ္ဘာကြီး၏ တစ်နေရာရာမှ အသံများကို ကျွန်မတို့ ကြားနိုင်လာ လိမ့်မည်။

*Ref*

*- Listening for Silence by Mark Slouka*

*(Eleven News Vol:1/No:43, 15-10-2002)*

http://www.cherrythitsar.org

# World

# ကမ္ဘာ

ကျွန်တော့်ကို ထောင့်တစ်နေရာအတွက်သာ မွေးဖွားလာခဲ့တာ မဟုတ်ပါဘူး။
ကမ္ဘာကြီး တစ်ခုလုံးဟာ ကျွန်တော့်မွေးရပ်မြေပါ။


***I am not born for one corner; the whole world is my native land.***

***Seneca*** (The Younger)

http://www.cherrythitsar.org



# ဂလိုဘယ်လိုက်ဇေးရှင်း
# ကောင်းသလား ဆိုးသလား



Eleven Media

http://www.cherrythitsar.org



သို့သော် ကမ္ဘာကြီးမှာ ဘာတွေများယွင်းဖြစ်ပျက်နေသလဲ
ပြဿနာ၏တွေ့ရှိချက်တစ်ခုချင်း၏ ဆိုလိုရင်းကတော့ သိပ်မကွာပါ
ခေတ်သစ် လူ့အဖွဲ့အစည်းသည်
ကိုယ့်ကိုယ်ကို သေတွင်းရောက်အောင် ပို့နေသူတစ်ဦးပမာ
ဖြစ်နေသည်ဟုမြင်သည်

http://www.cherrythitsar.org



# ဂလိုဘယ်လိုက်ဇေးရှင်းကောင်းသလား ... ဆိုးသလား ...

ကျွန်တော်တို့၏ခေတ်သည် တစ်သားတည်း ပေါင်းစည်းမိသွားသော ကမ္ဘာ၏ခေတ်ဖြစ်သည်။ Globalization ဟူသော စကားလုံးကို သတိမထားမိဘဲ မနေနိုင်အောင် နိုင်ငံအသီးသီး ဆက်စပ်ပြောင်းလဲနေသော ခေတ်ဖြစ်သည်။ Globalization သည် ကမ္ဘာကြီးကို အကောင်းဘက်သို့ ဆွဲခေါ်သလား။ အဆိုးဘက်သို့ ဆွဲခေါ်သလား။ ဒါကတော့ အဖြစ်အပျက်တစ်ခုကို ဘက်နှစ်ဘက်နှင့် မြင်ကြည့်သလိုပဲ ဤကိစ္စမှာလည်း အကောင်းမြင်ဘက်နှင့် အဆိုးမြင်ဘက်ဟု နှစ်မျိုးကြည့်၍ ရပါသည်။

ကွန်မြူနစ်ဝါဒ ယုံကြည်ခဲ့သူတွေအစ ဆိုရှယ် ရှေးရိုးစွဲတွေအဆုံး၊ ခေတ်သစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝါဒီတွေအစ ဘာသာရေးကျင့်ဝတ် အလေးထားသူတွေအဆုံး စိုးရိမ်ထိတ်လန့်နေကြသည့် အချက်မှာ ကျွန်တော်တို့ လူ့အဖွဲ့အစည်းသည် ကမ္ဘာလုံးဆိုင်ရာ ဒုက္ခ

http://www.cherrythitsar.org



ဘုံကြီးတစ်ခု Global Dystopia အဖြစ်သို့ ရောက်အောင် ယိုယွင်းပျက်စီး လာနေပြီ။ အရာရာသည် ပြိုကွဲပျက်သုဉ်းနေပြီ။ ဘယ်အရာကိုမျှ အား ထား မျှော်လင့်၍မရ။ ပြည်ပသြဇာ လွှမ်းမိုးမှုကြောင့် မိမိတို့၏ ယဉ်ကျေးမှုနှင့် ကိုယ်ကျင့်တရားအနှစ်သာရများ ပြောင်းလဲ ယိမ်းယိုင် လာသည်။ မိမိတို့ လူ့ပတ်ဝန်းကျင်တွင် အတွင်းမှ လှိုက်စားခံနေရ သည်။ နိုင်ငံတိုင်းသည် ထိုအမြင်အတွေးဖြင့် စိုးရိမ်နေကြရသည်။

ဒုက္ခပျက်စီးခြင်းများ၏ကမ္ဘာဟူသောအမြင်မှာ နိုင်ငံရေးအခြေ အနေတွေဖြင့်သာ ထင်ဟပ်လာသည့် အမြင်မဟုတ်။ ပန်းချီ၊ ရုပ်ရှင် စသည့် အနုပညာ ပစ္စည်းများတွင်လည်း ဒုက္ခဘုံအမြင်ကို ဖော်ပြနေ ကြသည်မှာ အထင်အရှားပဲဖြစ်သည်။ ဒါရိုက်တာ Steven Spielberg ၏ The Minority Report ဇာတ်ကားသည် မျိုးရိုးဗီဇ တီထွင်စမ်းသပ် မှုများဖြင့် ချုပ်ကိုင်ထားခြင်းခံရသော အနာဂတ်လူ့အဖွဲ့အစည်း၏ ဆိုးကျိုးများအကြောင်းဖြစ်သည်။ Guardian အယ်ဒီတာ Alan Rusbridger ပူးတွဲရေးသားသော ဘီဘီစီဇာတ်လမ်း Fields of Gold တွင် မျိုးရိုးဗီဇ ပြုပြင်မွမ်းမံထားသော ကောက်ပဲသီးနှံအစားအစာများ (Genetically modified foods) ကပေးမည့် အန္တရာယ်များကို သတိပေး ပုံဖော်ထားသည်။

အမျိုးမျိုးသော အဆိုးမြင်သမား (ကမ္ဘာကြီး ယိုယွင်းပျက်စီး အမြင်)များ၌ မတူခြားနားသော တန်ဖိုးများ၊ ရည်မှန်းချက်များ ရှိပါသည်။ သို့သော် ကမ္ဘာကြီးမှာ ဘာတွေ မှားယွင်းဖြစ်ပျက်နေသလဲ။ ပြဿနာ၏တွေ့ရှိချက်တစ်ခုချင်း၏ ဆိုလိုရင်းကတော့ သိပ်မကွာပါ။ ခေတ်သစ်လူ့အဖွဲ့အစည်းသည် ကိုယ့်ကိုယ်ကို သေတွင်းရောက်အောင် ပို့နေသူတစ်ဦးပမာ ဖြစ်နေသည်ဟု မြင်သည်။ လွတ်လပ်မှုနှင့် သာယာမှုကို ဆန္ဒပြင်းစွာ လိုချင်စိတ်၊ ဆန်းသစ်ပြောင်းလဲမှုနှင့် ဒီမိုကရေစီကို အသည်းအသန် လိုချင်စိတ်၊ ထိုစိတ်များသည် ယိုယွင်းပျက်စီးမှုကိုဖြစ်စေသော အတွင်းမှ လှိုက်စားနေသည့် စိတ်များဟု မြင်ကြသည်။

http://www.cherrythitsar.org



တစ်နည်းအားဖြင့် ဆိုလိုသည်မှာ ခေတ်သစ်လူ့အဖွဲ့ အစည်း၏ အကြီးမားဆုံးသော ရှင်သန်ခြင်း စွမ်းအင်များဖြစ်သည့် ဆန်းသစ်ပြောင်းလဲမှု၊ ရွေးချယ်မှု၊ ကမ္ဘာလုံးဆိုင်ရာ တစ်သားတည်းဖြစ်မှုတို့ကြောင့်ပင် လူ့အဖွဲ့အစည်းကြီး ဒုက္ခရောက် သေကြေ ပျက်စီးမည်...ဟူ၏။

အဆိုးမြင်ဝါဒီအမျိုးမျိုးအတွက် တရားခံလူသတ်သမား ကတော့ အမျိုးမျိုးဖြစ်နိုင်သည်။ ပတ်ဝန်းကျင် ထိန်းသိမ်းရေးသမားများနှင့် အရင်းရှင်ဝါဒဆန့်ကျင်သူများက တရားခံလူသတ်သမားမှာ ကျွန်ုပ် တို့၏ စားသုံးသူ ယဉ်ကျေးမှုဖြစ်သည်...ဟုဆိုသည်။ လက်ဝဲလက်ယာ လူ့အဖွဲ့အစည်း ယုံကြည်သူများကတော့ လူသတ်သမားမှာ မိသားစု တန်ဖိုး၊ အိမ်နီးချင်းတန်ဖိုးနှင့် လူမှုပတ်ဝန်းကျင်တန်ဖိုးများကို လျော့ ကျအောင် ဖြည်လျော့ပေးသော တစ်သီးပုဂ္ဂလဝါဒဖြစ်သည်။ ယဉ် ကျေးမှုနှင့် လူနေမှု ရှေးရိုးစွဲဝါဒီများအတွက်တော့ လူသတ်သမားသည် သမိုင်းနှင့်အစဉ်အလာကို ခြိမ်းခြောက်နေသော အသစ်ပြောင်းလဲချင်စိတ်ဖြစ်သည်။

တကယ်တော့ လူမှုရေးနှင့် စီးပွားရေးအပြောင်းအလဲများ လျင် မြန်လွန်းသဖြင့် ယိုယွင်းပျက်စီးမှုကို အကြီးအကျယ်ကြောက်ရွံ့နေကြ ရသည်မှာ ကျွန်တော်တို့ခေတ်က ပထမဆုံးမဟုတ်ပါ။ ၁၉ ရာစု အကြောင်း ပြန်စဉ်းစားလျှင် ထိုခေတ်ကို ပြန်လည်စစ်ဆေးရေးခေတ်၊ တိုးတက်မှု၏ခေတ်၊ သုခဘုံ မျှော်လင့်ချက်၏ခေတ်၊ နည်းပညာ အောင်မြင်မှုများ၏ခေတ်ဟု ကျွန်တော်တို့ ယူဆကြသည်။ သို့သော် ထိုခေတ်ဆီကလည်း ယိုယွင်းပျက်စီးမှုအမြင်များ၊ ကျဆုံးမှုအမြင်များ ရှိနေခဲ့သည်။

အထင်ရှားဆုံးမှာ Max Nordau ၏ Degeneration စာအုပ်ဖြစ် သည်။ ၁၈၉၂ ခုနှစ်က ဂျာမန်ဘာသာဖြင့် ထုတ်ဝေခဲ့သော စာအုပ်ဖြစ် သည်။ ထိုစာအုပ်တွင် အပြောင်းအလဲ မြန်ဆန်သည့် ခေတ်အခြေအနေ ကြောင့် စိတ်ဓာတ်အရရော၊

http://www.cherrythitsar.org



ကိုယ်ကျင့်တရားအရရော မောပန်းနွမ်း နယ်နေသည့် လူမှုအဖွဲ့အစည်းတစ်ခုအကြောင်း ပုံဖော်ထားခဲ့သည်။ ဆန်းသစ်ပြောင်းလဲမှုများသည် ရာဇဝတ်မှု၊ ကိုယ်ကျင့် ပျက်ယွင်းမှု စသည့် အကြီးအကျယ်ဆိုးကျိုးများကို ပေးစွမ်းနိုင်သေးသည်။ ကျွန်တော်တို့သည် အနက်ရောင်သေခြင်းဟု ပြောနိုင်သော ဒုက္ခဘုံဖြစ်သည့် ဆိုးဆိုးဝါးဝါး ယိုယွင်းပျက်စီးမှုနှင့် ရှုးသွပ်မှုများအလယ်တွင် ရောက်နေရသည်။ လူမှုပတ်ဝန်းကျင်သည် ပို၍ပို၍ ရှုပ်ထွေးလာသည်နှင့်အမျှ အစီအစဉ်တကျဖြစ်ဖို့ ထိန်းသိမ်းရန်မှာ ပို၍ခက်ခဲလာသည်။ မည်သူမဆို လူ့ယဉ်ကျေးမှု မြင့်မားစွာတိုးတက်ခြင်းကို တန်ဖိုးထားသူ၊ စောင့်ရှောက်ကာကွယ်လိုသူ မှန်သမျှသည် လူ့အဖွဲ့အစည်းကို ဆန့်ကျင်သည့် ဖျက်ပိုးများ၊ လူညစ်ပတ်များကို လက်မအောက်မှာ ဖျက်ဆီးချေမှုပစ် ရမည်ဟု Nordau က ရေးထားသည်။ ထိုအတွေးအခေါ်သည် ဆယ်စုနှစ် အနည်းငယ်အကြာတွင် အစုလိုက်အပြုံလိုက် သတ်ဖြတ် မျိုးဖြုတ်မှုများနှင့် စစ်ပွဲများကိုပြုလုပ်ရန် လိုင်စင်ထုတ်ပေး ပေလိမ့် မည်။

ထိုအကြောင်းများကြောင့်ပင် ကျွန်တော်တို့ စိုးရိမ်ပူပန်ကြသည်မှာ– ကမ္ဘာလုံးဆိုင်ရာ တစ်သားတည်းဖြစ်မှု (ဂလိုဘယ်လိုက်ဇေးရှင်း) နှင့် တွဲဖက်နေသော 'ပျက်စီးယိုယွင်းသည့် လူ့လောကကို ကြောက်ရွံ့မှု' ကိစ္စပင်ဖြစ်သည်။ ထိုကြောက်ရွံ့မှုကို ဟန်ချက်ညီညီ ထိန်းချုပ်ထားနိုင်ဖို့ လိုလိမ့်မည်။

ဥပမာအားဖြင့် အဖွဲ့အစည်းကိုယုံကြည်သူ David Myers ၏ စာအုပ် American Paradox: spiritual hunger in an age of plenty တွင် ဖော်ပြထားချက်အရ အမေရိကန်ပြည်ထောင်စုသည် ၁၉၉၀ လွန်နှစ် ကာလများတွင် လူမှုရေးဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ နှစ်မျိုးလုံးတွင် တစ်ဟုန်ထိုးနောက်ပြန်ဆုတ်သွားခဲ့သည်။ ၁၉၆၀ နောက်ပိုင်း မှစပြီး လင်မယား ကွာရှင်းနှုန်း (၂)ဆတိုးလာသည်။ ဆယ်ကျော်သက် ကိုယ့်ကိုယ်ကို သတ်သေနှုန်း (၃)ဆတိုးလာသည်။ ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများ (၄)ဆတိုးလာသည်။ ထောင်ကျ လူဦးရေ (၅)

http://www.cherrythitsar.org



ဆ တိုးလာသည်။ လက်မထပ်ဘဲ ကလေးမွေးဖွားသည့် ကလေးဦးရေ (၆)ဆတိုးလာသည်။ ၎င်းမှာ လူ့အဖွဲ့အစည်းအတွင်း တစ်သီးပုဂ္ဂလဝါဒ လွှမ်းမိုးမှုကြောင့်ဖြစ်သည်။ သို့မဟုတ် လူမှုရေးဆိုင်ရာ တာဝန်ယူမှုများ ပျောက်ကွယ် ပျက်စီးမှုကြောင့်ဖြစ်သည်ဟု သူကယုံကြည်သည်။

ထိုစာရေးဆရာတို့သည် ယနေ့ခေတ် လူသားတော်တော်များများ ယုံကြည်သလို ယုံကြည်ပြီး ဖော်ထုတ် စိုးရိမ်ကြခြင်း ဖြစ်သည်။

လက်ဝဲ အဆိုးမြင်သမားများရော လက်ယာအဆိုးမြင်သမားများရော ကမ္ဘာတစ်သားတည်း ပေါင်းစပ်မှု၏ ဆိုးကျိုးများကို ထောက်ပြပြီး မူလအခြေအနေဆီသို့ ပြန်သွားရန် တောင်းဆိုနေကြသည်။ သူတို့အမြင်အရဆိုလျှင် ကမ္ဘာတစ်သားတည်းဖြစ်မှု Globalization တွင် အများမျှော်လင့်သလို ဈေးကွက်ဆိုသည်မှာ ရွေးချယ်ခွင့် များများရအောင် ပေးအပ်နိုင်ဖို့ဝေးစွ၊ လူ့ယဉ်ကျေးမှုကို ပျောက်ကွယ်သွားအောင် ချွတ်ပေးလိုက်သည့် ပစ္စည်းတစ်ခုသာဖြစ်သည်။ အလွန့်အလွန် အကောင်းမြင်သူများက ဂလိုဘယ်လိုက်ဇေးရှင်းသည် လတ်ဆတ် သစ်လွင်သော ခေတ်သစ်၏အစဟု အမွှမ်းတင်နေချိန်မှာ အဆိုးမြင်သူများက ဂလိုဘယ်လိုက်ဇေးရှင်းကြောင့် လူ့အဖွဲ့အစည်းတစ်ခုလုံး အဆုံးသတ်တော့မည်...ဟု စိုးရိမ်တကြီး ပြောနေကြပြီ။

တစ်ခါတစ်ရံ အကောင်းမြင်ခြင်းကြောင့် ဒုက္ခတွေ့နိုင်တာတွေ ရှိ၏။ ယခုကိစ္စမှာတော့ အဆိုးမြင်ခြင်းကြောင့် ဒုက္ခတွေ့လာဖို့ များပါသည်။ အန္တရာယ်မှာ ကာလကြာရှည်စွာအဆိုးမြင်မှုသည် ကိုယ့်ဟာကိုယ် ဆန္ဒပြည့်အောင် ဖြည့်ယူမည့် နိမိတ်ဖတ်မှုတစ်ခု ဖြစ်လာနိုင်ခြင်းပင် ဖြစ်သည်။ ကျွန်တော်တို့အားလုံး ဘယ်လိုမှ ပြုပြင်ပြောင်းလဲ၍ မရတော့သော ပျက်စီးယိုယွင်းမှုထဲတွင် ရောက်နေပြီဟု စွဲစွဲမြဲမြဲ ယုံကြည်ခဲ့သည်ဖြစ်လျှင် ကျွန်တော်တို့၏ ကူကယ်ရာမဲ့မှု အသိသည် ကျွန်တော်တို့အား မြို့ပြ လူမှုတာဝန်များမှ ဝေးအောင် ဆွဲခေါ်လိမ့်မည်။ သို့မဟုတ် အကြမ်းဖက်မှုများ၊ ထိပ်တိုက် ရင်ဆိုင်မှုများ ပြုလုပ်ဖြစ်အောင် တွန်းအားပေးလိမ့်မည်။

http://www.cherrythitsar.org



တကယ်တော့ ကျွန်တော်တို့၏ခေတ်ကို ပျက်စီးယိုယွင်းမှု ခေတ် ဟုမြင်မည့်အစား အကောင်းမြင်ဝါဒဖြင့်စိတ်လှုပ်ရှားဖွယ် ကောင်းသောခေတ် ဟုသာ မြင်ကြည့်စေလိုပါသည်။

*Ref*


*- Globalization: Now the good news by Charles Leadbeater*

*(Eleven News Vol:1/No:36, 28-7-2002)*

http://www.cherrythitsar.org



# ဂလိုဘယ်လိုက်ဇေးရှင်း. ကောင်းသတင်း



**George Segal's Machine of the Year, 1983.**

**Eleven Media**

ကျွန်တော်တို့အနေဖြင့် ကမ္ဘာကြီးပျက်စီးယိုယွင်းနေပါပြီ . . . ဟူသော
ကမ္ဘာလုံးဆိုင်ရာ အဆိုးမြင်ဝါဒီများနှင့် ပူးပေါင်းပြီး
ကမ္ဘာကြီး၏အဆုံးသတ်ကို
ကြိုတင်နိမိတ်ဖတ် စောင့်ကြည့်နေမည့်အစား
ထိုအခြေအနေများ ပြောင်းလဲသွားအောင် ပြုပြင်ဖို့
ဖိအားပေးရန် လိုအပ်ပါသည်

http://www.cherrythitsar.org



# ဂလိုဘယ်လိုက်ဖေးရှင်း၏ ကောင်းသတင်း

တကယ်တော့ ကျွန်တော်တို့၏ ခေတ်ကို ပျက်စီးယိုယွင်းမှု ခေတ်ဟုမြင်မည့်အစား အကောင်းမြင်ဝါဒဖြင့် စိတ်လှုပ်ရှားဖွယ် ကောင်းသော ခေတ်ဟုသာ မြင်ကြည့်ကြစေလိုပါသည်။

ပထမဆုံးအဖြစ် ကျွန်တော်တို့ ဆင်ခြင်ကြည့်ရမည်မှာ ကျွန်တော်တို့ခေတ်၏ အသက်ရှုမှားလောက်သည့် နည်းပညာဆန်းသစ်မှုများအကြောင်းဖြစ်၏။ ၂၀၀၈ ခုနှစ်တွင် ရုပ်မြင်သံကြားစက် အထက်က စက်သေးသေးအရွယ်ပမာဏလောက် သေတ္တာလေး၏ Hard Disk တွင် ထွက်ပြီးသမျှ သီချင်းအားလုံးကို သိုလှောင်ထားနိုင်ပြီဖြစ်၏။ ၂၀၁၀ ခုနှစ်တွင် ထွက်ပြီးသမျှ ရုပ်ရှင်ဇာတ်ကား အားလုံးကို သိုလှောင်နိုင်မည်။ Telecommunication ၏ ကျယ်ပြန့်မှုသည် တစ်နှစ်တစ်ခါ နှစ်ဆတိုးမည်။ ကွန်ပျူတာကွန်ရက် ဆက်သွယ်မှုသည် ရာဇဝတ်မှုများကို သယ်ဆောင်လာနိုင်သည်မှန်၏။ သို့သော် ကျွန်

http://www.cherrythitsar.org



တော်တို့ခေတ် လူဦးရေ၏ တစ်ဝက်သည် တယ်လီဖုန်း ဆက်သွယ် စကားပြောနိုင်ကြပြီဖြစ်သည်။ ကမ္ဘာတစ်သားတည်း ပေါင်းစပ်မှု ဆိုင်ရာ ဆက်သွယ်မှုများကြောင့် သိပ္ပံပညာရှင်များသည် ပေါင်းစည်း တွဲဖက် အလုပ်လုပ်နိုင်ကြပြီ။ ကျောင်းသားများ အနီးအဝေး အတူ တကွသင်ယူနိုင်ကြပြီး စာရေးဆရာများ ထုတ်ဝေနိုင်ကြပြီ။ ထို အကျိုး ဆက်များသည် သတင်းနည်းပညာမှာသာ ရှိနေသည်မဟုတ်။ ဆေး ပညာမှာရော၊ မျိုးရိုးဗီဇဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှုများပါ အကျိုးရှိသည်။ လာမည့် ဆယ်စုနှစ်အနည်းငယ်အတွင်း အောက်ဆီဂျင်နှင့် ဟိုက်ဒရို ဂျင်ကိုသာ သုံးထားသည့် လောင်စာဆီဖြင့် ကားများကို မောင်းနှင် စေနိုင်တော့မည်။

ဒုတိယဆင်ခြင်ရမည်မှာ ကျွန်တော်တို့အား ပို၍ ပြီးပြည့်စုံသောဘဝတွေဆီ ဆွဲခေါ်နေသည့် အခွင့်အရေးများ အကြောင်းဖြစ်သည်။ ဒစ်ဂျစ်တယ် နည်းပညာဖြင့် ကျွန်တော်တို့အား ရုပ်ရှင်ဂီတ စိတ် အာဟာရများဖြင့် နှပ်ျိုအောင်စွမ်းဆောင်နေသည့် တစ်ပြိုင်တည်းမှာပင်မျိုးရိုးဗီဇဆိုင်ရာ နည်းပညာများက ကျွန်တော်တို့ အား အသက်အရွယ်ကိုပိုမိုငယ်ရွယ်အောင် ပြုပြင်ပေးနေသည်။ ကျွန်တော်တို့၏ဘဝသက်တမ်းသည် ရှည်ကြာမြင့်မားလာခဲ့ပြီ ဖြစ်သည်။ ဥပမာ ၁၉ ရာစု တုန်းက UK တွင် လူတစ်ယောက်၏ ဘဝသက်တမ်းမှာ အသက် (၄၀)ဖြစ်သည်။ ယခုပြီးခဲ့သည့်နှစ် (၅၀)အတွင်း ဆယ်စုနှစ်တစ်စု ကြာတိုင်း လူ့သက်တမ်း နှစ်နှစ်ပိုပိုတိုးလာခဲ့သည်ဖြစ်ရာ ယခုအခါ ယောကျ်ားများ၏ ဘဝသက်တမ်းသည် ၇၅နှစ်၊ မိန်းမများ၏ ဘဝ သက်တမ်းမှာ ၈၀နှစ် ဖြစ်နေပြီ။ ထိုအကျိုးသက်ရောက်မှုသည် ဖွံ့ဖြိုး ဆဲများသို့ပါ ပျံ့နှံ့လျက်ရှိပါသည်။ ၁၉၀၀ များဆီက ဖွံ့ဖြိုးဆဲနိုင်ငံ များက ပျှမ်းမျှလူ့အသက် နှစ် (၃၀)သာရှိ၏။ ယခုအခါ(၆၅)နှစ်ထိ တိုးလာခဲ့ပြီဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဆေးဝါးများ၊ အစား အစာများ၊ ကာကွယ်ဆေးများ၊ သန့်ရှင်းသော သောက်သုံးရေများ ပို၍ရရှိခဲ့ပြီ။ ပညာရေးစနစ်လည်း ယခင်ကထက် ပို၍ဖွံ့ဖြိုးခဲ့ပြီ။

http://www.cherrythitsar.org



တတိယ ဆင်ခြင်ရမည်မှာ ကျွန်တော်တို့အားလုံး ပို၍ ပွင့်လင်း ကျယ်ပြန့်ပြီး နည်းစနစ်ကျသည့် တိုးတက်မှုများဆီ ရောက်လာခဲ့ပြီ။ ပြည်တွင်းထုတ်ကုန်များ ကမ္ဘာ့ဈေးကွက်တွင် နေရာရလာပြီ။ ဥပမာ ဩစတြေးလျဝိုင်အရက်၊ စကော့ဝီစကီ၊ အိန္ဒိယအစားအစာ၊ ဂျပန်စုရှီ အစားအစာစသည်တို့ဖြစ်သည်။ အဆိုးမြင်သမားများကတော့ ပြည်သူ လူထုအားကြော်ငြာများက ပြုပြင်ပုံသွင်းမှုကို ခံနေကြရသော တုံးတုံး အအ ကံနည်းသူများအဖြစ် မြင်ကြ၏။ သို့သော် တစ်ခု စဉ်းစားစရာ ရှိသည်မှာ ရုပ်မြင်သံကြား ပြတိုင်း ပြည်ပ(အမေရိကန်)၏ ယဉ်ကျေးမှု လွှမ်းမိုး ချုပ်ကိုင်ခံရနိုင်ပါ့မလား။ ER (အရေးပေါ်ဌာန) အစီအစဉ် ဇာတ်လမ်းတွဲကို ကြည့်သူတိုင်း ဆရာဝန်တွေဖြစ်လာကြသည် မဟုတ်ပါ။

ဂလိုဘယ်လိုက်ဇေးရှင်းကို အဓိက ဆန့်ကျင်စေသည့်အချက်မှာ အနောက်နိုင်ငံ၏ အတိုင်းအတာအရ 'ကမ္ဘာကြီး၏ အများစုသော လူသားများသည် မျှော်လင့်ချက်မဲ့သော ဆင်းရဲမွဲတေမှုဖြင့် အသက်ရှင် နေကြရသည်' ဟူသော အချက်ပင်ဖြစ်သည်။ ကမ္ဘာ့လူဦးရေ၏ နှစ်ဆယ်ရာခိုင်နှုန်းသော အဆင်းရဲဆုံး လူတန်းစားအားလုံးသည် စုစုပေါင်း အသုံးစားရိတ်၏ ၁.၃ရာခိုင်နှုန်းကိုသာ ပါဝင်သည်။ တစ်နည်းအားဖြင့် ကမ္ဘာ့လူဦးရေတွင် သန်းပေါင်းတစ်ထောင်သည် သန့်ရှင်းသော သောက်သုံးရေကို မသောက်နိုင်၊ သန်းပေါင်း ၂၄၀၀ သည် လုံလောက်သော သန့်ရှင်းမှုကိုမရ၊ သန်းပေါင်း နှစ်ရာ့ငါးဆယ်သော ကလေးတို့သည် အလုပ်လုပ်ရန် အဓမ္မခိုင်းစေခံနေကြရသည်။ ၎င်းတို့အနက် အများစုမှာ စိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်နေကြရသည်။ နောက်ထပ် သန်းပေါင်း ၁၀၀သည် လမ်းမပေါ်က ကလေ ကလွင့် ကလေးများ ဖြစ်နေသည်။ သန်းပေါင်း ၁၃၀၀သော လူသားများသည် ညစ်ညမ်းသော လေထုကို နေ့စဉ်ရှူရှိုက်နေရသည်။ ၎င်းတို့အနက်အများစုမှာ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ မြို့တော်ကြီးများရှိ လူစုပင်ဖြစ်သည်။

သို့တိုင်အောင် ကျွန်တော်တို့အတိတ်ကို ပြန်လည်လေ့လာ

http://www.cherrythitsar.org



မည်ဆိုလျှင် ထို့ထက်ဆိုးရွားသော ကိန်းဂဏန်းများကို ကျော်လွန်နိုင်ခဲ့ပြီးပြီကို တွေ့နိုင်ပါသည်။ ၁၈၂၀ခုနှစ်တွင် ကမ္ဘာ့လူဦးရေ၏ ၈၅ ရာခိုင်နှုန်း (လူပေါင်းသန်းပေါင်း ၉၀၀)သည် တစ်နေ့လျှင် အမေရိကန် ဒေါ်လာ ၁ဒေါ်လာ (ယနေ့ခေတ်တန်ဖိုးဖြင့်)လောက်ဖြင့်သာ နေထိုင်ကြရသည်။ ထိုအချက်က ဆင်းရဲမွဲတေမှုကို ပြသနေပါသည်။ ယခု အခါ ထိုမျှလောက်သော ဝင်ငွေကလေးဖြင့် အသက်ဆက်နေရသူ ဦးရေမှာ ၂၀% သာ ရှိတော့သည်။ လူဦးရေအဆမတန်တိုးပွားလာသည့်တိုင်အောင် ဆင်းရဲမွဲတေသူ ဦးရေမှာ ၁၉၈၀မှစပြီး ကျဆင်းလာခဲ့ရာ သန်းပေါင်း ၁၄၀၀မှ သန်းပေါင်း ၁၂၀၀ထိ ကျဆင်းသွား သည်။ အိန္ဒိယမှာလည်း လူဦးရေတော်တော်များများကို ဆင်းရဲ မွဲတေမှုမှ ဆွဲတင်နိုင်ခဲ့ပြီ။ ထို့ပြင် စိုက်ပျိုး ထွက်ကုန်များသည်လည်း နည်းပညာကြောင့် ပိုမိုများပြားလာခဲ့ပြီး ငတ်မွတ်သူ လူဦးရေကျဆင်းလာခဲ့သည်။ ကမ္ဘာပေါ်ရှိလူဦးရေ၏ ၂၅% သည် သန့်စင်သောရေကို မရကြသေးသည်မှာ မှန်၏။ သို့သော်ပြီးခဲ့သည့် ဆယ်စုနှစ်တုန်းက ထိုလူဦးရေမှာ ၉၀% နား ကပ်နေခဲ့ပါသည်။

ထိုကဲ့သို့ပြောဆိုခြင်းအားဖြင့်ဆင်းရဲမွဲတေသူများ သန်းပေါင်းများစွာရှိနေသေးသည်ကို သည်အတိုင်း လက်ခံထားရမည်ဟု ကျွန်တော်မဆိုလိုပါ။ သို့သော် ကျွန်တော်ပြောချင်သည်က ကမ္ဘာတစ်သားတည်း ပေါင်းစပ်မှု ဂလိုဘယ်လိုက်ဇေးရှင်းကာလအတွင်းမှာပင် ဖွံ့ဖြိုးဆဲနိုင်ငံများသည် ကုန်သွယ်မှု၊ နည်းပညာ၊ ပညာရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများနှင့် အခြေခံကျသောအရာများ ဖွံ့ဖြိုးတိုးတက်ရရှိခဲ့ပြီ…ဟု ဆိုလိုရင်းဖြစ်ပါသည်။ ကျွန်တော်တို့ခေတ်တွင် အကောင်းမြင်ဝါဒဖြင့် ကြည့်မြင်ဖို့ အထိရောက်ဆုံးအကြောင်းရင်းကတော့ ကမ္ဘာလုံး ဆိုင်ရာဈေးကွက်နှင့် ကမ္ဘာလုံးဆိုင်ရာ ဆက်သွယ်မှု ကွန်ရက်ကြောင့် ကမ္ဘာ့ရွာသားကမ္ဘာနိုင်ငံသားနှင့် ကမ္ဘာ့ရွာအုပ်ချုပ်မှု၏ ဖြစ်နိုင်ချေများ နီးစပ်လာခြင်းပင်ဖြစ်၏။

နိုင်ငံတော်တော်များများတွင် ပြဿနာများမှာပုံစံအတူတူ ဖြစ်နေကြ၏။ ၎င်းတို့ကိုလည်း ပူးပေါင်းဆောင်ရွက်မှုဖြင့်သာ ပြေလည်

http://www.cherrythitsar.org



စေမည်ဖြစ်သည်။ ၎င်းတို့မှာ အကြမ်းဖက်ဝါဒ၊ ရာဇဝတ်မှု၊ ပတ်ဝန်းကျင် ညစ်ညမ်းမှု၊ ကုန်သွယ်ခြင်းနှင့် ရင်းနှီးမြှုပ်နှံခြင်းနှင့် အကြွေးဆိုင်ရာ ဥပဒေ...စသည်တို့ဖြစ်သည်။ ယခုကိုပဲ The Hague မြို့တွင် စီရင်ခဲ့သော စစ်ရာဇဝတ်မှုတရားခွင်ကိစ္စကိုကြည့်ပါ။ တရား မျှတမှုအတွက် ကမ္ဘာလုံးဆိုင်ရာ အသိကျယ်ပြန့်လာမှုကို မြင်သာပါသည်။

ဆင်းရဲခြင်းလွတ်ကင်းဖို့ ဒီမိုကရေစီကိုတိုးတက်ဖို့၊ လွတ်လပ် စွာပြောဆိုခွင့်အစရှိသော အခြေခံလူ့အခွင့်အရေးများကို တိုးချဲ့ဖြန့်ကျက်ဖို့ ကမ္ဘာလုံးဆိုင်ရာအုပ်ချုပ်မှုသည် တဖြည်းဖြည်း ပုံဖော်လှုပ်ရှားလာခဲ့ပါပြီ။ ဂလိုဘယ်လိုက်ဇေးရှင်းကို မျှမျှတတ မြင်တတ်ဖို့ဆိုလျှင် အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်သူများ အနေဖြင့် ပို၍ ကျယ် ပြန့်သော လူမှုတာဝန်များကို သိတတ်ဖို့လိုသည်။ ကျန်းမာရေး၊ ပညာရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးစသည့် စီးပွားရေးဆိုင်ရာ တိုး တက်မှုမှ အကျိုးအမြတ်အဖြစ် ခံစားခွင့်များကို အလေးထားဖို့လို သည်။ အပြည်ပြည်ဆိုင်ရာ အသင်းအဖွဲ့များအနေဖြင့် ပို၍ဆင်းရဲမွဲတေသော ဖွံ့ဖြိုးဆဲနိုင်ငံများကို စည်းရုံးကူညီပေးဖို့ လိုသည်။ ဆင်းရဲ သော နိုင်ငံများသည် နိုင်ငံ၏အကျိုးအမြတ်အတွက် ရင်းနှီးမြှုပ်နှံမှုများ ရရှိဖို့လိုအပ်ပါသည်။

ကျွန်တော်တို့အနေဖြင့် ကမ္ဘာကြီးပျက်စီးယိုယွင်းနေပါပြီ ဟူသော ကမ္ဘာလုံးဆိုင်ရာ အဆိုးမြင်ဝါဒီများနှင့် ပူးပေါင်းပြီး ကမ္ဘာကြီး၏ အဆုံးသတ်ကို ကြိုတင်နိမိတ်ဖတ်စောင့်ကြည့်နေမည့်အစား ထိုအခြေအနေများ ပြောင်းလဲသွားအောင် ပြုပြင်ဖို့ ဖိအားပေးရန်လိုအပ်ပါသည်။ ကျွန်တော်တို့ ရသင့်သည့်အပြောင်းအလဲများကိုသာ ရခဲ့မည်ဆိုလျှင် ကမ္ဘာကြီးသည် အနည်းဆုံး နောက်နှစ်ငါးဆယ်တွင် ပြီးခဲ့သည့် နှစ်(၅၀)ကအတိုင်း တိုးတက်နေမည်ဟု ယုံကြည်မျှော်လင့်နိုင်မည် ဖြစ်ပါသည်။

*Ref*

*- Globalization: Now the good news by Charles leadbeater*

*(Eleven News Vol:1/No:37, 4-8-2002)*

http://www.cherrythitsar.org

ဂျူးစာပေ

# ဆက်လက်ထုတ်ဝေမည့် စာအုပ်များ

- မောင်တို့ယောက်ျားတွေ
  ဂျူး
- ခုနစ်စဉ်ကြယ်ဝတ္ထုတိုစု
  ဆရာဝန်စာရေးဆရာ (၇)ဦး
- ကျွန်မချစ်သော မြို့တစ်မြို့
  ဂျူး
- အရောင်များနှင့် ကစားခြင်း
  (ဝတ္ထုတိုပေါင်းချုပ်) ဂျူး
- ပန်းကျိန်စာ နှင့် အခြားဝတ္ထုတိုများ
  စုထား

http://www.cherrythitsar.org

အမုန်းကရှိသော စစ်မီးတောက်များ နိုင်ငံအားလုံးကို ပြန့်သွားလျှင်
ကမ္ဘာကြီးတစ်ခုလုံး သေကျေ ပျက်စီးရပေမည် ။